# ပါဒပါဒါရဟာဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပါဒ, ပါဒါရဟ, ပါဒပါဒါရဟ အဆုံးအဖြတ်
## ဥပမာ ဥပမေယျ တို့ဖြင့် ကေသိက်
## ဖြုံကို ဖြခြင်း

ပါဒဝိနိစ္ဆယျ ၁-ပါး၊ ပါဒါရဟဝိနိစ္ဆယျ ၁-ပါး၊ ပါဒ ပါဒါရဟ ဝိနိစ္ဆယျ ၁-ပါး။ ဤသို့ ဝိနိစ္ဆယျအားဖြင့် ၃-ပါး၊

ပါဒဝိနိစ္ဆယော စ၊ ပါဒါရဟ ဝိနိစ္ဆယော စ၊ ပါဒ ပါဒါရဟ ဝိနိစ္ဆယော စ။ ပါဒ ပါဒါရဟ ဝိနိစ္ဆယော။ ။ဤသို့ ကေသေသ နည်း ပုဒ်ဖြီးပုံကိုရှု။

နာမဥ္စ ရူပဥ္စ နာမရူပဥ္စ၊ နာမရူပံ။ ။ဤသို့ ကေသေသနည်း ပုဒ်ဖြီးပုံကို ရှုသကဲ့သို့မှတ်။

ဝိညာဏ ပစ္စယာ နာမရူပံ။ ။ပစ္စယုပ္ပန်အခိုက်၊ စတုဝေါကာရ ဘုံဘဝကိုရည်၍။ "နာမဥ္စ"။ ။ဧကဝေါကာရ ဘုံဘဝကိုရည်၍၊ "ရူပဥ္စ"။ ။ပဥ္စဝေါကာရ ဘုံဘဝကိုရည်၍။ "နာမရူပဥ္စ"။

ဒွန္ဒသမာသ်ဝါကျ ၃-ပုဒ်တွင်၊ ပဌမ, ဒုတိယ၊ နာမပုဒ်, ရူပပုဒ်ကိုချေ၍၊ နာမရူပ။ တတိယပုဒ် တစိတ်သာ တချက်ကြွင်း ပြုသောအားဖြင့်၊ နာမဥ္စ ရူပဥ္စ နာမရူပဥ္စ၊ နာမရူပံ။

ဤသို့ ကေသောသနည်း၊ ပုဒ်ဖြီးပုံကို ရှုသကဲ့သို့။ ထို့အတူ "အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ" ပါရာဇိက ကျ, မကျ အခိုက်၊ အလေးချိန် ငွေဘမတ်၊ အကပ္ပိယ ဘဏ္ဍာကိုရည်၍၊ "ပါဒ ဝိနိစ္ဆယော စ"

No.46

အလေးချိန် ငွေတမတ်ထိုက်သော၊ ကပ္ပိယ ဘဏ္ဍာကို ရည်၍၊ “ပါဒါရဟာ ဝိနိစ္ဆယောစ”

အလေးချိန် ငွေတမတ် အကပ္ပိယ ဘဏ္ဍာက တရပ်၊ အလေးချိန် ငွေတမတ်ထိုက်သော ကပ္ပိယ ဘဏ္ဍာ, အကပ္ပိယ ဘဏ္ဍာက တရပ်၊ ဤ ၂-ရပ်ကိုရည်၍၊ “ပါဒ, ပါဒါရဟာ ဝိနိစ္ဆယောစ”

ဒွန်သမာသ် ဝါကျ ၃-ပုဒ်တွင်၊ ပဌမ, ဒုတိယ ပါဒ ဝိနိစ္ဆယပုဒ်၊ ပါဒါရဟာ ဝိနိစ္ဆယပုဒ်ကိုချေ၍၊ ပါဒပါဒါရဟာ ဝိနိစ္ဆယ တတိယ ပုဒ် တစိတ်ကိုသာ၊ တချက်တွင်းပြုသောအားဖြင့်၊ ပါဒဝိနိစ္ဆယောစ, ပါဒါရဟာ ဝိနိစ္ဆယောစ၊ ပါဒ ပါဒါရဟာ ဝိနိစ္ဆယောစ၊ ပါဒပါဒါရဟာ ဝိနိစ္ဆယော။ ဤသို့ ဧကသေသနည်း ပုဒ်ပြီးပုံကိုရှု။

လူတို့ခေါ်ဝေါ် ပြောဆို ရောင်းဝယ်ကြသော၊ လောက ဝေါဟာရသို့လိုက်၍၊ ဒုတိယ ပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူသော အခါ၊ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းလက်ထက်၊ အလေးမမှန် ချိန်မမှန်သော၊ ဒုဗြိဒါမကာ စသည်ခေါ်ဆိုကြသော၊ ကျပ်သုံးဒင်္ဂါး ကျပ်ပြားကို အသုံးမပြု၊ ငါးမူးပြား, မတ်ပြား, မူးပြား, ပဲပြားကို အသုံးမပြု။ ငွေတုံး, ငွေခဲ, ငွေခွက်၊ အတုံးလိုက် အခဲလိုက် အခွက်လိုက်၊ အသုံးလိုသလောက်ဖြတ်၍၊ အလေးနှင့်ချိန်၍၊ အခဲလိုက်ငွေကို အသုံးပြုကြ၏။ ငွေချိန်စရာ ချိန်နှင့်ဘကွ၊ ကျပ်လေး, မတ်လေး, မူးလေး, ပဲလေး, ရွေး, စပါးအထိရှိ၏။

## ကျပ်လေး သုံးမျိုးကို ပြခြင်း

ကျပ်လေး ၃-မျိုး။ ရွှေကျပ်လေး တမျိုး၊ ငွေကျပ်လေး တမျိုး၊ ပကတိကျပ်လေး တမျိုး။

> **တတ္ထ ကဟာပဏောတိ သောဝဏ္ဏမယော ဝါ ရူပိယမယော ဝါ ပါကတိကော ဝါ။** ။ရူပိယ သိက္ခာပုဒ်ဖွင့် အဋ္ဌကထာ။

တတ္ထ ဝစနေ၊ ထိုစကား၌။ ကဟာပဏောတိ၊ ကဟာပဏော-ဟူ

သည့်ကား။ သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီးသော၊ ကဟာပဏော ဝါ၊ ကျပ်လေးသည်လည်း။ အတ္ထိ၊ ရှိ၏။ ရူပိယမယော၊ ငွေဖြင့်ပြီးသော၊ ကဟာပဏော ဝါ၊ ကျပ်လေးသည်လည်း။ အတ္ထိ၊ ရှိ၏။ ပါကတိကော၊ ပကတိသော၊ ကဟာပဏော ဝါ၊ ကျပ်လေးသည်လည်း။ အတ္ထိ၊ ရှိ၏။ ။အနက်။

ရွှေဥမင် နိဿယ၌၊ ဤကား ကျပ်ဖွဲ့တည်းဟု အမှာရှိ၏။ ရှေးဆရာတို့အလို၊ ကျပ်လေးကို ကျပ်ဖွဲ့ခေါ်ဆိုတော်မူကြ၏။ ။ရွှေကျပ်လေး, ငွေကျပ်လေး, ပကတိကျပ်လေး ၃-မျိုးကို၊ မာဂဓလို ကဟာပဏ ခေါ်ဆိုကြ၏။ ကဟာပဏကို၊ မာဂဓလို နီလကဟာပဏ ခေါ်ဆိုကြ၏။ ငွေတုံး ငွေခဲ ငွေခွက်ကို၊ မာဂဓလို ရဇတခေါ်ဆိုကြ၏၊ ကဟာပဏ မခေါ်ဆိုကြ။ ။ရောင်းဝယ်သောအခါ၊ အလေးဖြင့် ငွေကိုသာချိန်ကြရ၏။ ရွှေကိုမချိန်ကြရ။ ။ရွှေဖြင့် ဟင်းသီးဟင်းရွက် အမဲသား, ငါး စပါး, ဆန် ဆီ စသည်၊ ရောင်းဝယ်သည် မရှိကြ။ ငွေဖြင့်သာ ရောင်းဝယ်ကြ၏။ ထို့ကြောင့် ရဇတ ပဒဘာဇနီ၌သာ "ရဇတံ နာမ ကဟာပဏော" ဟု ကဟာပဏ သဒ္ဒါလာ၏။ ဇာတရူပ ပဒဘာဇနီ၌မလာ။ ယခုလောက ဝေါဟာရနှင့် ညီကြမည် စိုး၍၊ သတိပေး တမျိုး မှာထားရသည်။ ဤသို့သောစကား အမှာမထားဘဲ ထိန်ချန်လျှင်၊ သိက္ခာပုဒ် ပညတ်တော်မူစဉ်က၊ အလေးချိန် ငွေတမတ် အခဲမှတ်မည်မဟုတ်။

ဣဒါနိ ယဒိဒံ ယထာရူပေ အဒိန္နာဒါနေတိ အာဒီနိ ဝိဘင်္ဂေန ယထာရူပံ နာမာတိ အာဒိ ဝုတ္တံ။ တတ္ထ ယထာရူပန္တိ ယထာဇာတိကံ၊ တံ ပန ယသ္မာ ပါဒတော ပဋ္ဌာယ ဟောတိ၊ တသ္မာ ပါဒံ ဝါ ပါဒါရဟံ ဝါ အတိရေကပါဒံ ဝါတိ အာဟ၊ တတ္ထ ပါဒေန ကဟာပဏဿ စတုတ္ထဘာဂံ အကပ္ပိယ ဘဏ္ဍမေဝ ဒဿေတိ၊ ပါဒါရဟေန ပါဒဂ္ဃနကံ၊ ကပ္ပိယဘဏ္ဍံ အတိရေကပါဒေန ဥဘယမ္ပိ ဧတ္တာဝတာ သဗ္ဗာကာရေန ဒုတိယပါရာဇိကပ္ပဟောနကဝတ္ထု ဒဿိတံ ဟောတိ။ ။ပါရာဇိကဏ် အဋ္ဌကထာ။

ရွှေဥမင်နိဿယ၌၊ ပုဒ်ရှိတိုင်း အနက်ပေး၏၊ ပုဒ်ရှိတိုင်း အနက်ပေး၍ အရေးကုန်အောင် အဓိပ္ပါယ်ကို မယူရချေသေး။

## ဝေ သဒ္ဒါ၏ အနက် ၃-ပါး

ဂဟေတဗ္ဗ အနက် ၁-ပါး၊ နိဝတ္တေတဗ္ဗ အနက် ၁-ပါး၊ အနုညာတအနက် ၁-ပါး။ ထိုသုံးပါးတို့တွင်၊ ဝေသဒ္ဒါ၏ ဂဟေတဗ္ဗ အနက်၊ အကပ္ပိယဘဏ္ဍမေဝ ဒသေတိ-ဟု ဝေနှင့်ယှဉ်ခိုက်၊ ဝါကျ အခိုက်အလှည့်၊ ။ဝေသဒ္ဒါ၏ နိဝတ္တေ တဗ္ဗအနက်၊ န ကပ္ပိယဘဏ္ဍံ-ဟု န-နှင့် ယှဉ်ခိုက်၊ ဝါကျအခိုက်အလှည့်၊ ။ဝေသဒ္ဒါ၏ အနုညာတ အနက်၊ ကပ္ပိယဘဏ္ဍံပိ အကပ္ပိယဘဏ္ဍံပိ-ဟု ပိ-နှင့်ယှဉ်ခိုက်၊ ဝါကျအခိုက်အလှည့်ကို ကြည့်ရှုဆင်ခြင်၍၊ ကုန်စင်အောင် အနက်ပေးမှ၊ အရေးကုန်အောင် အဓိပ္ပါယ်ကို ယူရချေမည်ဟု သိလင့်ကြကုန်။

ဣဒါနိ၊ ယဒု။ ယထာရူပေ အဒိန္နာဒါနေ တိအာဒိနိ၊ ယထာရူပေ အဒိန္နာဒါနေ-ဤသို့အစရှိကုန်သော။ ပဒါနိ၊ ပုဒ်တို့ကို။ ဝိဘဇန္တေန၊ ဝေဘန်တော်မူလိုသော မြတ်စွာဘုရားသည်။ ယထာရူပံ နာမာတိ အာဒိ၊ ယထာရူပံ နာမ-ဤသို့အစရှိသော။ ယဒိဒံ-ယံဣဒံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ မိန့်တော်မူအပ်ပြီ။ တတ္ထ ဝစနေ၊ ထိုစကား၌။ ယထာရူပန္တိ၊ ယထာရူပံ-ဟူသည်ကား။ ယထာဇာတိကံ၊ အကြင်သို့ သဘောရှိသော။ တံပန ယထာရူပံ၊ ထိုယထာရူပသဘောသည်ကား။ ယသ္မာ၊ အကြင့်ကြောင့်။ ပါဒတော၊ အလေးချိန်ငွေတမတ်မှ။ ပဋ္ဌာယ၊ စ၍။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ပါဒံဝါ, ပါဒါရဟံဝါ, အတိရေကပါဒံဝါတိ ဣဒံဝစနံ၊ ပါဒံဝါ, ပါဒါရဟံဝါ, အတိရေကပါဒံဝါ-ဟူသော ဤစကားကို။ အာဟ၊ မိန့်တော်မူပြီ။

တတ္ထ ဝစနေ၊ ထိုစကား၌။ ပါဒေန၊ ပါဒသဒ္ဒါဖြင့်။ ကဟာပဏဿ၊ တကျပ်လေး၏။ စတုတ္ထဘာဂံ၊ လေးတို့ တစ်ဖို့ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော၊ အလေးချိန် ငွေတမတ်ရှိသော။ အကပ္ပိယဘဏ္ဍမေဝ၊ အကပ္ပိယဘဏ္ဍာကိုသာလျှင်။ ဒသေတိ၊ ပြတော်မူ၏။ ကပ္ပိယ

ဘဏ္ဍံ၊ ကပ္ပိယဘဏ္ဍာကို။ န ဒဿေတိ၊ ပြတော်မမူ။ ပါဒါရဟေန၊ ပါဒါရဟသဒ္ဒါဖြင့်။ ပါဒဂ္ဃနကံ၊ အလေးချိန်ငွေတမတ်ထိုက်သော။ ကပ္ပိယဘဏ္ဍံပိ၊ ကပ္ပိယဘဏ္ဍာကိုလည်း။ ဒဿေတိ၊ ပြတော်မူ၏။ ပါဒဂ္ဃနကံ၊ အလေးချိန်ငွေတမတ်ထိုက်သော၊ အကပ္ပိယဘဏ္ဍံပိ၊ အကပ္ပိယ ဘဏ္ဍာကိုလည်း။ ဒဿေတိ၊ ပြတော်မူ၏။ အတိရေကပါဒေန၊ အတိရေက ပါဒသဒ္ဒါဖြင့်။ ဥဘယံ၊ အလေးချိန်ငွေတမတ်ထက် ပိုလွန်၍များသော - အကပ္ပိယဘဏ္ဍာ, အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ထိုက်သော - ကပ္ပိယဘဏ္ဍာ ၂-ပါးစုံကို။ ဒဿေတိ၊ ပြတော်မူ၏။ ထေရဝါဒ-ထေရ်ကြီး ဝါဒနှင့်၊ ဤမျှသော စကားဖြင့်။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အလုံးစုံသော သရုပ်အခြင်း အရာအားဖြင့်။ ဒုတိယ ပါရာဇိကပ္ပဟောနက ဝတ္ထု၊ ဒုတိယ ပါရာဇိကလောက်သော ဝတ္ထုကို။ ဒဿိတံ၊ ပြတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ ။ဤကားအနက်။

ကဟာပဏဿ စတုတ္ထဘာဂံ-ဟုဆိုအပ်သော ဤအရာဌာန၌၊ အကပ္ပိယဘဏ္ဍာ ဝန်ချိန်ကိုသာမှတ်၍ ကဟာပဏသဒ္ဒါဖြင့်-တကျပ်လေးကိုသာယူဟု ပြတော်မူ၏။ စတုတ္ထဘာဂသဒ္ဒါဖြင့်-စတုတ္ထဘာဂေါ ယဿာတိ စတုတ္ထဘာဂေါ-ဟု၊ အတွင်းဝုတ်သော သမာသ်ကိုရှု၍၊ စတုတ္ထဘာဂေါ ဝါကျဟောအခိုက်၊ တမတ်လေးကိုသာယူဟုပြတော်၏။ စတုတ္ထဘာဂေါ အညဟောအခိုက်၊ အလေးချိန်ငွေတမတ်ရှိသော ဝန်ချိန်ဟောကိုသာယူဟု ပြတော်မူ၏။ ပါဒသဒ္ဒါဖြင့်-တကျပ်လေး၏ လေးဘို့ဘို့ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော အလေးချိန်ငွေတမတ်ရှိသော အကပ္ပိယ ဘဏ္ဍာကိုသာ ပြတော်မူ၏။ ကပ္ပိယ ဘဏ္ဍာကို ပြတော်မမူ။ ဤသို့နိ ဝဇ္ဇေတဗ္ဗအနက်, ဂဟေတဗ္ဗအနက်ကိုဆိုသော်၊ အလေးချိန်ငွေတမတ် အကပ္ပိယ ဘဏ္ဍာသာ ဖြစ်၏။ ကပ္ပိယ ဘဏ္ဍာမဖြစ်။

ပါဒါရဟသဒ္ဒါဖြင့်-အလေးချိန် ငွေတမတ်ထိုက်သော ကပ္ပိယ ဘဏ္ဍာကိုလည်း ပြတော်မူ၏။ အလေးချိန် ငွေတမတ်ထိုက်သော အကပ္ပိယ ဘဏ္ဍာကိုလည်း ပြတော်မူ၏။

ဤသို့အနုညာတအနက်ကိုဆိုသော်၊ ကပ္ပိယ ဘဏ္ဍာကလည်း အလေးချိန် ငွေတမတ်ထိုက်သော ကပ္ပိယဘဏ္ဍာသာဖြစ်၏။ အကပ္ပိယ ဘဏ္ဍာကလည်း အလေးချိန် ငွေတမတ်ထိုက်သော အကပ္ပိယ ဘဏ္ဍာသာဖြစ်၏။

## ဝေသဒ္ဒါ၏ အနက် ၃-ပါး

ခိုးသောဝတ္ထု ဘဏ္ဍာက-ပါဒါရဟ၊ အတိုးက-ပါဒ။ ပါဒ, ပါဒါရဟ ၂-ပါးစုံညီမျှမှ၊ ပါရာဇိကကျ၏။ အလေးချိန်ငွေတမတ် အကပ္ပိယဘဏ္ဍာဟူသော စကားတရပ်။ အလေးချိန်ငွေတမတ်ထိုက်သော၊ ကပ္ပိယဘဏ္ဍာဟူသော စကားတရပ်။ အလေးချိန် ငွေတမတ်ထိုက်သော၊ အကပ္ပိယ ဘဏ္ဍာဟူသော စကားတရပ်။ ခိုးသောဝတ္ထု ဘဏ္ဍာက-ပါဒါရဟ, အတိုးက-ပါဒဟူသော စကားတရပ်။ ပါဒ,ပါဒါရဟ ၂-ပါးစုံညီမျှမှ ပါရာဇိကကျ၏ဟူသောစကားတရပ်။ ဤစကား ၅-ရပ်တွင်၊ အလေးချိန် ငွေတမတ်ထိုက်သော ခိုးသောဝတ္ထု ကပ္ပိယဘဏ္ဍာက-ပါဒါရဟ၊ အလေးချိန်ငွေတမတ် အကပ္ပိယဘဏ္ဍာက- အတိုးပါဒ။ ဤသို့ ပါဒ, ပါဒါရဟ ၂-ပါးစုံညီမျှမှ၊ ပါရာဇိကကျ၏။

အလေးချိန် ငွေတမတ်ထိုက်သော၊ ခိုးသောဝတ္ထု အကပ္ပိယ ဘဏ္ဍာက-ပါဒါရဟ၊ အလေးချိန်ငွေတမတ် အကပ္ပိယဘဏ္ဍာက- အတိုးပါဒ၊ ဤသို့ ပါဒ, ပါဒါရဟ ၂-ပါးစုံညီမျှမှ၊ ပါရာဇိကကျ၏။

ဤမျှသောစကားဖြင့်၊ ခပ်သိမ်းဥဿုံ အလုံးစုံသော သချုပ်အခြင်းအရာအားဖြင့်၊ ဒုတိယ ပါရာဇိကလောက်သောဝတ္ထုကို ပြတော်မူအပ်သည်ဖြစ်၏ဟု နိဂုံးအုပ်တော်မူ၏။

ရွှေငွေကား၊ အတုံးလိုက် အခဲလိုက်၊ တကျပ်လဲမဟုတ်, တမတ်လဲမဟုတ်, တပဲလဲမဟုတ် အသုံးလိုသလောက်ဖြတ်၍၊ တကျပ်လေးနှင့်ချိန်သော ငွေခဲကို-ငွေတကျပ်၊ တမတ်လေးနှင့်ချိန်သော ငွေခဲကို ငွေတမတ်၊ တပဲလေးနှင့်ချိန်သော ငွေခဲကို-ငွေတပဲဟု အလေးကိုစွဲ၍ ခေါ်ဆိုကြ၏။

အကတံနာမ ဃနကတံ ဝုစ္စတိ။ ။ပဒဘာဇနီ
ပဒဘာဇနေ ဃနကတန္တိ ပိဏ္ဍံ ကတံ။ ။တေရသကဏ်
ပါဠိယံ ဃနကတန္တိ ရူဋ္ဌကာဒီ။ ။ဝိမတိ

မုတ္တာ၊ ပုလဲ၊ မဏိ၊ ပဏ္ဍမြား၊ ဝေဠုရိယော၊ ကျောက်မျက်ရွဲ၊ သင်္ခါ၊ ခရုသင်း၊ သိလာ၊ သလင်း၊ ပဝါဠံ၊ သန္တာ၊ ရဇတံ၊ ငွေ၊ ဇာတရူပံ၊ ရွှေ၊ လောဟိတင်္ဂါ၊ ပဏ္ဍမြားနီ၊ မသာရဂလ္လံ၊ ပဏ္ဍမြားပြောက်၊ ဤရတနာ ၁၀-ပါး၌လာသော ငွေကိုသာ ငွေဟုခေါ်ဆိုကြ၏။ အတုံးအခဲတည်း။ အသုံးလိုသလောက်ဖြစ်၍ အလေးနှင့်ချိန်၍၊ အခဲလိုက်အသုံးပြုကြသောငွေတည်း။

ကဟာပဏ၌လာသောငွေကို၊ ငွေကျပ်လေးဟု ခေါ်ဆိုကြ၏။ ငွေကိုချိန်သောအခါ ကျပ်လေးပြု၍၊ မတ်လေး, မူးလေး, ပဲလေးပြု၍ သုံးကြရ၏။ ရွှေကျပ်လေးကိုလည်း နည်းတူမှတ်။

ပကတိကျပ်လေးကား၊ ငွေမဟုတ်။ ရွှေငါးပဲ, ငွေငါးပဲ, ကြေးနီဆယ်ပဲ ရောသော မိဿက ကျပ်လေးတည်း။ လောဟမာသကကား၊ ငွေမဟုတ်၊ ကြေးတည်း။ ဒါရုမာသကကား၊ ငွေမဟုတ်၊ သစ်သားတည်း။ ဇတုမာသကကား၊ ငွေမဟုတ်၊ ချိပ်တည်း။ ဝေဠုပေသိကမာသကကား၊ ငွေမဟုတ်၊ ဝါးခြမ်း။ တာလပဏ္ဏမာသကကား၊ ငွေမဟုတ်၊ ထန်းရွက်။ အဋ္ဌိမယမာသကကား၊ ငွေမဟုတ်၊ အရိုး။ စမ္မမယ မာသကကား၊ ငွေမဟုတ်၊ သားရေ။ ရုက္ခဖလဗီဇမယမာသကကား၊ ငွေမဟုတ်၊ တည်စေ့, ရွေးစေ့, မက်လင်စေ့, ကဋ္ဌိန်စေ့, မန်ကျည်းစေ့တည်း။

ရွှေကျပ်လေးကို၊ မာဂဓလို သုဝဏ္ဏမာသက-ဟုခေါ်ဆိုကြ၏။ ငွေကျပ်လေးကို မာဂဓလို ရဇတမာသက-ဟုခေါ်ဆိုကြ၏။

ငွေတုံး,ငွေခဲ,ငွေခွက်၊အတုံးလိုက် အခဲလိုက်အခွက်လိုက် အသုံးလိုသလောက်ဖြစ်၍၊ကျပ်လေး,မတ်လေး, မူးလေး,ပဲလေး,ရွေး, စပါးနှင့်ချိန်၍၊ အခဲလိုက် ငွေကိုအသုံးပြုကြ၏ဟုဆိုသောစကားရပ်သည်ကား၊ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို၊ ပညတ်တော်မူသော

ကာလမှစ၍၊ ဝေါဟာရမပြောင်းရွှေ့မိတိုင်ရုံသောကာလကိုသာ၊ဆို သောစကားရပ်တည်း။ ယခုကာလဝေါဟာရ ပြောင်းရွှေ့သည့်ကို ဆိုသော စကားရပ်မဟုတ်။

ယခုကာလ ဝေါဟာရပြောင်းရွှေ့သည့်ကား၊ မင်းတုံးဘုရင် ရွှေ လက်ထက်တော်မှစ၍၊ ယခုနေ့ထိတိုင်အောင် ငွေတုံး,ငွေခဲ, ငွေ ခွက်ကို အသုံးမပြုကြ၊ ခေါ်ဆိုရုံမျှ မခေါ်ဆိုတတ်ကြ။ ဒင်္ဂါးမသာ ကခေါ်ဆိုကြသော၊ ကျပ်သုံး ဒင်္ဂါး ကျပ်ပြားကိုသာ အသုံးပြုကြ ၏။ ငါးမူးပြား, မတ်ပြား, မူးပြား,ပဲပြားကိုသာ အသုံးပြုကြ၏။

ယခုကာလ ဝေါဟာရကား၊ အလေးချိန်ငွေမှ ပြောင်းရွှေ့သော် လည်း၊ မြတ်စွာဘုရား အာဏာတော်ပညတ်၊ ဒုတိယ ပါရာဇိက သိက္ခာပုဒ်က မပြောင်းမရွှေ့။ ရွှေကျပ်လေး, ငွေကျပ်လေး, ပကတိ ကျပ်လေး ၃-မျိုး။ တမျိုးမျိုး၊ တကျပ်လေး၏ လေးတို့တတို့ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော၊ အလေးချိန် ငွေတမတ်ရှိသော—အကပ္ပိယ ဘဏ္ဍာ။ အလေးချိန် ငွေတမတ်ထိုက်သော-ကပ္ပိယ ဘဏ္ဍာ, အ လေးချိန် ငွေတမတ်ထိုက်သော-အကပ္ပိယ ဘဏ္ဍာ၊ သာသနာဝါး ထောင်ကုန်သည့်တိုင်အောင် ရှိသည့်သာမှတ်။

## ရှေးသုံးငွေ အမျိုးမျိုး ပြုလုပ်ကြပုံကို ပြခြင်း

ငွေမျိုးကား၊ မီးစင်ဘော်ငွေ တမျိုး,မီးဖြူဘော်ငွေ တမျိုး,ချော် ပင်ပေါက်ဘော်ငွေတမျိုး၊ ငွေစစ် ငွေမှန် ၃-မျိုး။

တဆယ်ကဲငွေ တမျိုး, နှစ်ဆယ်ကဲငွေ တမျိုး, အစိတ်ကဲငွေ တမျိုး, သုံးဆယ်ကဲငွေ တမျိုး၊ ငွေမစစ် ငွေမမှန် ၄-မျိုး။

ဘော်တပိဿာ တဆယ်ချတ်၊ ကြေး တဆယ်ထိုး၊ မိုက်တွင် မ- လှည့်၊ ချော်လည် အလံပြ၊ တဆယ်ကဲ ငွေမွေးရ၊ မိုင်နင်း ရေထ ပေါက်နှိပ်၊ ဒိုင်ငွေ ဖြစ်သောဟူ၏။ တဆယ်ကဲ ငွေတမျိုး။

ဘော်တပိဿာ ၂-ဆယ်ချတ်၊ ကြေး ၂-ဆယ်ထိုး၊ မိုက်တွင် မ- လှည့်၊ချော်လည် အလံပြ၊ ၂-ဆယ်ကဲ ငွေမွေးရ၊ဗိုင်နင်း ရေထပေါက် နှိပ်၊ ယွက်နီငွေ ဖြစ်သောဟူ၏။ ၂-ဆယ်ကဲငွေ တမျိုး။

ဘောဝ်တပိသာ အစိတ်ချတ်၊ ကြေး အစိတ်ထိုး၊ မိုက်တွင် မ-လှည့်၊ ချောဝ်လည် အလံပြု၊ အစိတ်ကဲ ငွေမွေးရ၊ မိုင်နင်း ရေတပက်နှိပ်၊ ကျောဝ်းသုံးဒင်္ဂါး ငွေမျိုး ဖြစ်သောဟူ၏။ အစိတ်ကဲ ငွေတမျိုး။

ဘောဝ်တပိသာ သုံးဆယ်ချတ်၊ ကြေး သုံးဆယ်ထိုး၊ မိုက်တွင် မ-လှည့်၊ ချောဝ်လည် အလံပြု၊ သုံးဆယ်ကဲ ငွေမွေးရ၊ မိုင်နင်း ရေတပက်နှိပ်၊ သုံးဆယ်ကဲ ငွေမျိုးဖြစ်သောဟူ၏။ သုံးဆယ်ကဲ ငွေတမျိုး။ ။သုံးဆယ်ကဲငွေမှာ ယခု စံပြစရာမရှိ။ မြင်ဘူးသည်ကား၊ ဟောင်းနွမ်းသောအခါ ငွေမွေးမှာ၊ ခဲမ စင်သာသာရှိသည်။

ယခုကာလ ခေါ်ဝေါ်ပြောဆို ရောင်းဝယ်ကြသော ဝေါဟာရက၊ အလေးချိန်ငွေမှ ပြောင်းရွှေ့၍၊ မိုးစင်တောင်ငွေ အလေးချိန်ကို၊ အတိုး အသုံး မပြု။ မိုးပြုတောင်ငွေ အလေးချိန်ကို၊ အတိုး အသုံး မပြု။ ချောဝ်ပင်ပေါက်တောင်ငွေ အလေးချိန်ကို၊ အတိုး အသုံးမပြု။ တဆယ်ကဲငွေ, ၂-ဆယ်ကဲငွေ, အစိတ်ကဲငွေ, သုံးဆယ်ကဲငွေ အလေးချိန်ကို၊ အတိုး အသုံးမပြု။ ဒုတိယ ပါရာဇိက သိက္ခာပုဒ်တော် မပညတ်မီ ရှေးကာလ၊ ပညတ်တော်မူသောကာလ၊ ယခုကာလ ရွှေ အလေးချိန်, ပုလဲ အလေးချိန်, ပတ္တမြား အလေးချိန်, ကျောက်မျက်ရွဲ အလေးချိန်, ခရုသင်း အလေးချိန်, သလင်း အလေးချိန်, သန္တာ အလေးချိန်, ပတ္တမြားနီ အလေးချိန်, ပတ္တမြားပြောက် အလေးချိန်ကို၊ ဝယ်သောကာလ၊ အတိုးပေးသောကာလ၊ ဘယ်အခါမှ အတိုး အသုံးမပြု၊ ရောင်းကုန်သက်သက် တဖက်သာပြု၏။ ဝယ်ကုန်သက်သက် တဖက်မပြု။

ယခုလောက ခေါ်ဝေါ်ပြောဆို ရောင်းဝယ်ကြသော ဝေါဟာရ၌၊ ဝယ်ကုန်သက်သက်၊ တဖက်သပ်သပ်၊ အလေးနှင့်လည်း မချိန်စက်ရ၊ အလေး မှန်,မမှန်လည်း မပြောဆိုရ။ ။ရွှေကျပ်လေး။

ဒုဗ္ဗိဒါမက ခေါ်ဆိုကြသော-ကျပ်သုံးဒင်္ဂါး ကျပ်ပြားကိုသာ၊ ဝယ်သောကာလ၊ အတိုးပေးသောကာလ၊ ငွေစစ်ငွေမှန်ပြုကြရ၏။ ငါးမူးပြား, မတ်ပြား, မူးပြား,ပဲပြားကိုသာ၊ ဝယ်သောကာလ၊ အတိုးပေးသောကာလ၊ ငွေစစ်ငွေမှန် ပြုကြရ၏။

ဤကျပ်သုံးဒင်္ဂါး ကျပ်ပြားသည်ကား၊ ပဲအားဖြင့် ၁၆-ပဲရှိ၏၊ မူးအားဖြင့် ၈-မူးရှိ၏၊ မတ်အားဖြင့် ၄-မတ်ရှိ၏။ ပကတိကျပ်လေးနှင့် ချိန်သော်ကား၊ ကေရီဘုရင်မ ရွှေလက်ထက်တော်က၊ အသုံးပြုကြသော ကျပ်သုံးဒင်္ဂါး ကျပ်ပြား၊ မင်းတုံးဘုရင် ရွှေလက်ထက်တော်က၊ အသုံးပြုကြသော ကျပ်သုံးဒင်္ဂါး ကျပ်ပြား၊ ရွေးချိန်အားဖြင့်-၆၀၊ ပဲချိန်အားဖြင့်-၁၅၊ မူးချိန်အားဖြင့် ခုနှစ်မူးပဲ၊ မတ်ချိန်အားဖြင့် ၃-မတ်တိတိ ပြည့်ပြည့် ဝဝရှိ၏။

ရွေးချိန်အားဖြင့်-၈၀၊ ပဲချိန်အားဖြင့်-၂၀၊ မူးချိန်အားဖြင့်-၁၀၊ မတ်ချိန်အားဖြင့် ၄-မတ်ရှိသော၊ ပကတိကျပ်လေး၌၊ တမတ်ငယ်၏၊ တမတ်လေး၌၊ တပဲငယ်၏၊ မူးလေး၌၊ ၂-ဆန်ငယ်၏၊ ပဲလေး၌၊ တဆန်ငယ်၏။ ။ယခုနေ့, ယခုရက်, ယခုလ, ယခုနှစ် အသုံးပြုကြသော၊ ကျပ်သုံးဒင်္ဂါး ကျပ်ပြားသည်ကား၊ အလေးချိန်အားဖြင့် ၆-မူးရှိသောဟူ၏။ ပဲချိန်အားဖြင့် ၁၂-ပဲရှိသောဟူ၏။ ။ငွေကျပ်လေး။

ပကတိကျပ်လေးကား၊ ရွေးချိန် သုံးမျိုး။ တကျပ်-လေးမတ်ကျ၊ တမတ် ၅-ပဲကျ၊ တမူး ၂-ပဲကျ၊ တပဲ ၄-ရွေးကျ။ ရွေးချိန်အားဖြင့်-၈၀၊ ပဲချိန်အားဖြင့်-၂၀၊ မူးချိန်အားဖြင့်-၁၀၊ မတ်ချိန်အားဖြင့် ၄-မတ်ရှိ၏။ ။ရွေးကြီးချိန်တမျိုး။

တကျပ် ၄-မတ်ကျ၊ တမတ် ၅-ပဲကျ၊ တမူး ၂-ပဲကျ၊ တပဲ ၆-ရွေးကျ။ ရွေးချိန်အားဖြင့် ၁၂၀၊ ပဲချိန်အားဖြင့် ၂၀၊ မူးချိန်အားဖြင့် ၁၀၊ မတ်ချိန်အားဖြင့် ၄-မတ်ရှိ၏။ ။ရွေးလတ်ချိန်တမျိုး။

တကျပ် ၄-မတ်ကျ၊ တမတ် ၅-ပဲကျ၊ တမူး ၂-ပဲကျ၊ တပဲ ၈-ရွေးကျ။ ရွေးချိန်အားဖြင့် ၁၆၀၊ ပဲချိန်အားဖြင့် ၂၀၊ မူးချိန်အားဖြင့် ၁၀၊ မတ်ချိန်အားဖြင့် ၄-မတ်ရှိ၏။ ။ရွေးငယ်ချိန်တမျိုး။

ပဲကလည်း ပဲမပြည့်၊ မူးကလည်း မူးမပြည့်၊ မတ်ကလည်း မတ်မပြည့်၊ ကျပ်ကလည်း ကျပ်မပြည့်ဘဲ၊ အသုံးပြုကြသော ခေတ်ကာလဖြစ်၍၊ ခိုးသောဝတ္ထု၊ ဘဏ္ဍာက-ပါဒ်ရဟာ၊ ပါရာဇိကလောက်

မလောက် အဆုံးအဖြတ်သို့ရောက်သောကာလ၊ မိုးယှုတ် မိုးတက် အမှန် သိနိုင်ကြရန်၊ ပကတိကျင်လေးကို အမှန်ပြုကြမှ၊ အတိုးပါဒ က၊ အလေးချိန်ငွေတမတ်မှ ယုတ် မယုတ်၊ မိုးယှုတ် မိုးတက်အမှန်၊ ကောန်မချ သိကြရ၏။

## ယခုကာလ အသုံးပြုကြသော ငွေမတ်စိ ပါရာဇိက လောက်, မလောက်ကို ပြခြင်း

ယခုအသုံးပြုကြသော ငွေမတ်စိကိုခိုး၍၊ ပါရာဇိက လောက် မလောက်၊ အဆုံးအဖြတ်သို့ရောက်သော်။ ယခုအသုံးပြုကြသော ငွေပဲစိကား၊ ပဲလေး၌ တဆန်ငယ်၏။ ငွေမူးစိကား၊ မူးလေး၌ ၂-ဆန်ငယ်၏။ ငွေမတ်စိကား၊ မတ်လေး၌ ငွေပဲစိ တစိနှင့် ဆန် ၅-စိ ငယ်၏။ ခိုးသောငွေမတ်စိကား တမတ်မပြည့်၊ အလေးချိန် ငွေတ မတ်အတိုးမထိုက်။ ထို့ကြောင့် ယခုအသုံးပြုကြသော ငွေမတ်စိကို ခိုး၍၊ ပါရာဇိက မကျဟု ဆုံးဖြတ်ရသည်။

ခိုးသောငွေမတ်စိက အလေးချိန်ငွေတမတ်မပြည့်၊ မတ်လေး၌မ ရှိ၊ ငွေပဲစိတစိနှင့်၊ ဆန်၅-စိတွက်၊ ၅-ရွေးမိုးယှုတ်။ မတ်လေး၌ရှိ အောင် ငွေပဲစိတစိနှင့်၊ ဆန်၅-စိတွက်၊ ၅-ရွေးမိုးတက်။ ဤသို့မိုး ယှုတ် မိုးတက်အမှန်၊ ကောန်မချ သိကြရ၏၊

ယခုကာလ အသုံးပြုကြသော၊ ငွေမတ်စိ တစိနှင့်၊ ငွေ၅-ရွေး တိတိခိုးမိ၍၊ ပါရာဇိကလောက် မလောက် အဆုံးအဖြတ်သို့ရောက် သော်၊ ယခုကာလ အသုံးပြုကြသော ငွေပဲစိကား၊ ပဲလေး၌တဆန် ငယ်၏။ ငွေမူးစိကား၊ မူးလေး၌ ၂-ဆန်ငယ်၏။ ငွေမတ်စိကား၊ မတ်လေး၌ ငွေပဲစိတစိနှင့်၊ ဆန်၅-စိငယ်၏။ ငွေပဲစိတစိနှင့် ဆန်၅ စိတွက်၊ ငွေ၅-ရွေးမိုးတက်၍၊ ငွေမတ်စိတစိနှင့် ငွေ ၅-ရွေးတိတိ ခိုးမိ၍၊ မတ်လေးနှင့် အလေးချိန်တူမျှသောကြောင့်၊ အလေးချိန်ငွေ တမတ်ထိုက်သော၊ခိုးသောဝတ္ထု အကပ္ပိယ ဘဏ္ဍာ၊ငွေမတ်စိတစိ နှင့် ငွေ၅-ရွေးတိတိက—ပါဒါရဟ၊ ခိုးမိသော ငွေမတ်စိတစိနှင့် ငွေ ၅-ရွေးတိတိကို၊ အလေးချိန်ငွေတမတ် အတိုးထိုက်၏ဟု အတိုးကို

ဖြစ်ဆို၍၊ ဝိနည်းဋီကာ ဆုံးဖြတ်ချက်ချသော၊ အလေးချိန်ငွေတမတ် အကပ္ပိယဘဏ္ဍာက-အတိုးပါဒ။ ဤသို့ပါဒ, ပါဒါရဟာ ၂-ပါးစုံညီမှု၍၊-ပါရာဇိကကျ၏ဟု ဆုံးဖြတ်ချက်ချရသည်။ "ဝိနယ ဝိနိစ္ဆယ ပတ္တာ ဂရုကေ ဋ္ဌာတဗ္ဗံ" ဟူသော လက္ခဏာနှင့် ညီသည် သာမှတ်။

ခိုးသောဝတ္ထုဘဏ္ဍာက—ပါဒါရဟာ၊ အတိုးက—ပါဒ ဟုအဆုံးအဖြတ်ပြုကြသည်ကို၊ ပါဒါရဟာက တခြား၊ ပါဒက တခြား၊ မပြားသော်လည်းပြားသကဲ့သို့ ဆိုခြင်းသည်၊ အဘေဒ ဘေဒူပစာမျိုးမှတ်ကြရမည်။

ဘဏ္ဍာ ၂-မျိုး၊ ကပ္ပိယဘဏ္ဍာ တမျိုး, အကပ္ပိယဘဏ္ဍာ တမျိုး။ ဘဏ္ဍာခိုး ၂-မျိုး၊ ကပ္ပိယဘဏ္ဍာခိုး တမျိုး, အကပ္ပိယဘဏ္ဍာခိုး တမျိုး။

အလေးချိန်ငွေတမတ်ထိုက်သော ကပ္ပိယဘဏ္ဍာကိုခိုး၍၊ ပါရာဇိကလောက် မလောက် အဆုံးအဖြတ်သို့ရောက်သော်။ ခိုးသောဝတ္ထု ကပ္ပိယဘဏ္ဍာကို၊ အလေးချိန်ငွေတမတ် အတိုးထိုက်၏ဟု အတိုးကိုဖြတ်ဆို၍၊ ဝိနည်းဋီကာ ဆုံးဖြတ်ချက်ချသော၊ အလေးချိန်ငွေဘမတ် အကပ္ပိယဘဏ္ဍာက-အတိုးပါဒ ဟူသည်လည်း၊ ပါဒါရဟာမှ တပါး တခြားမဟုတ်၊ အလေးချိန်ငွေဘမတ်ထိုက်သော ခိုးသောဝတ္ထု ကပ္ပိယဘဏ္ဍာက-ပါဒါရဟာ ဟူသည်လည်း၊ ပါဒမှ တပါး တခြားမဟုတ်၊ ပါရာဇိကလောက်သည်ကို၊ ဝိနည်းဋီကာ ယုတ္တိထုတ်၍ တမတ်ဘန်ဝတ္ထုကို၊ တမတ်အတိုးပြုသည်ဟု မှတ်ကြရမည်။

အလေးချိန်ငွေဘမတ်ထိုက်သော အကပ္ပိယဘဏ္ဍာကိုခိုး၍၊ ပါရာဇိက လောက် မလောက် အဆုံးအဖြတ်သို့ရောက်သော်။ ခိုးသောဝတ္ထု အကပ္ပိယဘဏ္ဍာကို၊ အလေးချိန် ငွေတမတ်အတိုးထိုက်၏ဟု အတိုးကိုဖြတ်ဆို၍၊ ဝိနည်းဋီကာ ဆုံးဖြတ်ချက်ချသော၊ အလေးချိန်ငွေတမတ်က-အတိုးပါဒဟူသည်လည်း၊ ပါဒါရဟာမှတပါး တခြားမဟုတ်၊ အလေးချိန် ငွေတမတ်ထိုက်သော၊ ခိုးသောဝတ္ထု

အကပ္ပိယဘဏ္ဍာက-ပါဒါရဟဟူသည်လည်း၊ ပါဒမှတပါး တခြား မဟုတ်၊ ပါရာဇိကလောက်သည်ကို ဝိနည်းဓိုရ်ရက ယုတ္တိထုတ်၍ တမတ်တန်ဝတ္ထုကို တမတ်အတိုင်းပြုသည်ဟု မှတ်ကြရမည်။

ခိုးသောဝတ္ထုဘဏ္ဍာက-ပါဒါရဟဟု အဆုံးအဖြတ်ပြုကြသည်ကို ပါရာဇိကလောက် မလောက် ဆုံးဖြတ်ရာဌာနသို့ လာရောက်ကြသော သံဃာတော်ဖြစ်က၊ "သစေ သုဏ္ဍေ ဩတရတိ ဂဟေတဗ္ဗံ၊ နောစေ နဂဟေတဗ္ဗံ" ဟုဆိုပြန်ခဲ့သော်၊ "စောရေနာမ ယော ပဉ္စမာသကံဝါ အတိရေကပဉ္စမာသကံဝါ အဂ္ဃနကံ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ၊ ဧသော စောရေနာမ" ဟူသော ပဒဘာဇနီပုဒ် သုတ်ကိုထုတ်၍ ပြဆိုရာ၏။

အတိုးက-ပါဒဟု အဆုံးအဖြတ်ပြုကြသည်ကို၊ ပါရာဇိကလောက် မလောက် ဆုံးဖြတ်ရာဌာနသို့ လာရောက်ကြသော သံဃာတော် ဖြစ်က၊ "သစေ သုဏ္ဍေ ဩတရတိ ဂဟေတဗ္ဗံ၊ နောစေ နဂဟေတဗ္ဗံ" ဟုဆိုပြန်ခဲ့သော်၊ "ပါဒေန ကဟာပဏဿ စတုတ္ထဘာဂံ အကပ္ပိယဘဏ္ဍမေဝ ဒဿေတိ" ဟူသော အဋ္ဌကထာပုဒ်၊ "ဘဏ္ဍံ အဂ္ဃါပေတွာ အာပတ္တိကာတဗ္ဗာ" ဟူသော အဋ္ဌကထာပုဒ်၊ ပါဒံဝါ သုတ်၏အနက်ကိုထုတ်၍ ပြဆိုရာ၏။

## အလေးချိန်ငွေတမတ် ပါရာဇိက လောက် မလောက်ကို ပြခြင်း

တကျပ်၏ ၄-ဘို့တဘို့ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော၊ အလေးချိန်ငွေတမတ်ဟု အဆုံး အဖြတ် ပြုကြသည်ကို၊ ပါရာဇိက လောက် မလောက် ဆုံးဖြတ်ရာဌာနသို့ လာရောက်ကြသော သံဃာတော်ဖြစ်က၊ "သစေသုဏ္ဍေ ဩတရတိ ဂဟေတဗ္ဗံ၊ နောစေ နဂဟေတဗ္ဗံ" ဟုဆိုပြန်ခဲ့သော်၊ "ရဇတံနာမ ကဟာပဏော" ဟူသော ပဒဘာဇနီပုဒ် သုတ်ကိုငင်း၊ ရဇတံပန သင်္ခေ သိလာ ပဝါဠ ရဇတံ ဇာတရူပင္ကံ အာဒိသု ရူပိယံ ဂစ္ဆံ" ဟူသော အဋ္ဌကထာပုဒ်၊ ရဇတသုတ်၏အနက်ကိုငင်း၊ "တဋ္ဋံ ကဟာပဏောတိ သောဝဏ္ဏ

မယောဝါ ရူပိယမယောဝါ ပါကတိကောဝါ'' ဟူသော အဋ္ဌကထာ ပုဒ်၊ ကဟာပဏသုတ်၏အနက်ကိုရင်း၊ "တေနခေါပန သမယေန ရာဇဂဟေ ပဉ္စမာသကော ပါဒေါ ဟောတိ'' ဟူသော ဝဏ္ဏ ဝိနိစ္ဆယပုဒ် သုတ်ကိုရင်း၊ "ကဟာပဏဿ စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော'' ဟူသော အဋ္ဌကထာပုဒ်၊ "ပဉ္စမာသကော ပါဒေါ'' သုတ်၏အနက်ကိုရင်း၊ ထုတ်၍ပြဆိုရာ၏။

ခိုးသောဝတ္ထု ဘဏ္ဍာသည်ကား၊ အလေးချိန် တမတ်ရှိ၏ ဟူ၍လည်း မရေတွက်ရ၊ ပမာဏမဟုတ်။ အလေးချိန်တမတ်အောက် ယုတ်၏ဟူ၍သည်း မရေတွက်ရ၊ ပမာဏမဟုတ်။ အလေးချိန်တမတ် ထက်ပိုလွန်၏ဟူ၍လည်း မရေတွက်ရ၊ ပမာဏမဟုတ်။ ခိုးသော ဝတ္ထုဘဏ္ဍာသည်ကား၊ အလေးချိန် ငွေတမတ်ထိုက်သော ဝတ္ထု ဘဏ္ဍာလည်း ၁-ပါး၊ အလေးချိန် ငွေတမတ်မထိုက်သော ဝတ္ထု ဘဏ္ဍာလည်း၁-ပါး၊အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ထိုက်သော ဝတ္ထု ဘဏ္ဍာသည်း ၁-ပါး။

ထိုသုံးပါးတို့တွင်၊အလေးချိန်ငွေတမတ်ထိုက်သော ဝတ္ထုဘဏ္ဍာ ကိုခိုးသော်၊ ခိုးသောဝတ္ထုဘဏ္ဍာကို၊ အလေးချိန် ငွေတမတ်အတိုး ထိုက်၏ဟု၊ဆုံးဖြတ်ချက်ချ။တကျပ်လေး၏ လေးဘို့တဘို့ဖြစ်သော၊တ မတ်လေးနှင့်ချိန်သော အလေးချိန်ငွေတမတ်ကို၊ခိုးသောဝတ္ထုဘဏ္ဍာ ၏ အတိုးဟု ဆုံးဖြတ်ချက်ချ။ ပါဒ,ပါဒါရဟ ၂-ပါးစုံညီမှု၍၊ခိုးသော ရဟန်းကို၊ ပါရာဇိကကျ၏ဟု ဆုံးဖြတ်ချက်ချ။ ဤပမာဏ လက္ခဏာ ကို အသေအချာမှတ်၊ တကျပ်လေးကို ပကတိကျပ်လေးဟုမှတ်။တ မတ်လေးကို ပကတိကျပ်လေး၏ လေးဘို့တဘို့ တမတ်လေးဟုမှတ်။ ကျပ်သုံးဒင်္ဂါး ကျပ်ပြားကို၊ မိုးယုတ် မိုးတက်နှင့်တကွ ဒုဗ္ဗိဒါမက ဟုမှတ်။ တိုလာချိန်ဒင်္ဂါး ကျပ်ပြားကို၊ မိုးယုတ် မိုးတက်နှင့်တ ကွ အာဒိဝဏ္ဏဟုမှတ်။ ရွေးကြီးကို ပင်ရွေးဟုမှတ်။ ရွေးလတ်ကို နှယ်ရွေးဟုမှတ်။ ရွေးငယ်ကို ပင်ရွေးအသေးဟုမှတ်။ တရွေးကြီး ကို လေးစပါးနှင့်ဟပ်။ တရွေးလတ်ကို လေးဆန်နှင့်ဟပ်။ တရွေး ငယ်ကို ၂-စပါးနှင့်ဟပ်။ ဂဏန်းသင်္ချာ စာအုပ်များမှာ ပါရှိသော၊

ရွေး, ပဲ, မှူး, မတ်, ကျပ် ချိန်စက်ပုံ တွက်ချက်ပုံကို၊ အလုံးစုံအကုန် ပမာဏမဟုတ်၊ အယုတ်အလွန်ကို အသေအချာမှတ်။

မဇ္ဈိမဒေသ၌ မန်ကျည်းစိ၊ မန်ကျည်းစိကို ပဲလေးဟုမှတ်။ မက်လင်စိကို မှူးလေးဟုမှတ်။ ကာရဇ္ဇံ၊ ကဋ္ဌိန်စိ၊ ကဋ္ဌိန်စိကို မတ်လေးဟုမှတ်။ ကရိသံ၊သစ်ဆိမ့်သီး၊ သစ်ဆိမ့်သီးကို ကျပ်လေးဟုမှတ်။ တကျပ်လေး၏ လေးဘို့တဘို့ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော၊ အလေးချိန်ငွေတမတ်ကို၊ အလေးချိန်ငွေတမတ်ထိုက်တန်အောင် ခိုးသောဝတ္ထုဘဏ္ဍာ၏အတိုးဟု အဆုံးအဖြတ် ပြုကြသည်မှာ၊ အတ္ထနော မတိသာ တည်းဟု၊ ပယ်ရှားလိုသူ ဆရာတဆူဆူက ''ပါဒေန ကဟာပဏဿ စတုတ္ထဘာဂံ အကပ္ပိယဘဏ္ဍမေဝ ဒဿေတိ'' ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ရွှေဟူ၍လည်း အမည်ဝိသေသ မပါရ၊ ငွေဟူ၍လည်း အမည်ဝိသေသ မပါရ၊ အတိုးဟူ၍လည်း အမည်ဝိသေသ မပါရ၊ သာမညအားဖြင့် တကျပ်၏ လေးဘို့တဘို့ဖြစ်သော၊ အကပ္ပိယဘဏ္ဍာကိုသာ၊ ခိုးသောဝတ္ထုဘဏ္ဍာ အလေးချိန်မှာ၊ တမတ်ပမာဏဟု အဆုံးအဖြတ်ပြုကြသည်ရှိသော်၊ မလိုအပ်သော အဓိပ္ပါယ်သို့ သာရောက်မည်၊ လိုအပ်သောအဓိပ္ပါယ်သို့မရောက်။

### စပါး, စပါးနှံကို ခိုးရာ၌ ဒုက္ကဋ်, ထုလ္လစ္စည်း, ပါရာဇိက အဆုံးအဖြတ်ကို ပြခြင်း

ခိုးသောဝတ္ထုဘဏ္ဍာကို၊ အလေးချိန်တမတ် ပမာဏဟု အဆုံးအဖြတ်ပြုသော်၊ အဘယ်မလိုအပ်သော အဓိပ္ပါယ်သို့သာ ရောက်မည်နည်း၊ အဘယ်လိုအပ်သော အဓိပ္ပါယ်သို့ မရောက်သနည်း။

အတိုးကား အလေးချိန်ငွေတမတ်မထိုက်၊ အချိန်ကား အလေးချိန်တမတ်ရှိသော၊ စပါးတနှံကို ခိုးသော်၊ ပါရာဇိကကျ၏။ ဤမလိုအပ်သော အဓိပ္ပါယ်သို့သာရောက်မည်။

အတိုးကား အလေးချိန် ငွေတမတ်မထိုက်၊ အချိန်ကား အလေးချိန်တမတ်ရှိသော၊ စပါးတနှံကို ခိုးသော်၊ ပါရာဇိကမကျ။ ဤလိုအပ်သော အဓိပ္ပါယ်သို့မရောက်၊ ကြီးသော စပါးတနှံသည်၊ စပါး

လုံးရေ သုံးရာသီးသောဟူ၏၊ ၅-လုံး တလုံးကျ ဖျင်းမသီးသောဟူ၏။ ၅-လုံးတလုံးကျသီးသော ဖျင်းမ ၆၀-ကို ပယ်နှုတ်၍၊ အောင်မြင်သော စပါးလုံးရေ ၂၄၀-သည်၊ အလေးချိန် သုံးမတ်ရှိသောဟူ၏။ မကြီးမငယ်သော စပါးတနှံသည်၊ စပါးလုံးရေ နှစ်ရာသီးသောဟူ၏၊ ၅-လုံး တလုံးကျ ဖျင်းမသီးသောဟူ၏။ ၅-လုံးတလုံးကျသီးသော ဖျင်းမ ၄၀-ကို ပယ်နှုတ်၍၊ အောင်မြင်သော စပါးလုံးရေ ၁၆၀-သည်၊ အလေးချိန် ၂-မတ်ရှိသောဟူ၏။ ငယ်သော စပါးတနှံသည်၊ စပါးလုံးရေ တရာသီသောဟူ၏၊ ၅-လုံးတလုံးကျ ဖျင်းမသီးသောဟူ၏။ ၅-လုံးတလုံးကျသီးသော ဖျင်းမ ၂၀-ကို ပယ်နှုတ်၍၊ အောင်မြင်သော စပါးလုံးရေ ၈၀-သည်၊ အလေးချိန် တမတ်ရှိသောဟူ၏။

အတိုးကား အလေးချိန် ငွေတမတ်မထိုက်၊ အချိန်ကား အလေးချိန်တမတ်ရှိသော စပါးတနှံ, ၂-မတ်ရှိသော စပါးတနှံ, သုံးမတ်ရှိသော စပါးတနှံကို ခိုးသော်၊ ပါရာဇိကကျ၏။ ဤမလိုအပ်သော အဓိပ္ပါယ်သို့သာရောက်မည်။

အတိုးကား အလေးချိန် ငွေတမတ်မထိုက်၊ အချိန်ကား အလေးချိန်တမတ်ရှိသော စပါးတနှံ, ၂-မတ်ရှိသော စပါးတနှံ, သုံးမတ်ရှိသော စပါးတနှံကို ခိုးသော်၊ ပါရာဇိကမကျ။ ဤလိုအပ်သော အဓိပ္ပါယ်သို့မရောက်။

လယ်တည်း၌အပင်လိုက် မစိုမခြောက်နေသော၊ စပါးနှံကို ခိုးသော်မှသာ၊ စပါးလုံးရေ ၈၀-သည်၊ အချိန်တမတ်ရှိ၏။ ခြောက်သွေ့လွန်းသော စပါးကို ချိန်သော်ကား၊ စပါးလုံးရေ ၁၁၆-သည်၊ အလေးချိန် တမတ်ရှိ၏။

တတ္ထ ဓာတကံ ပုဗ္ဗဏ္ဏံဝါ အပရဏ္ဏံဝါ ပဉ္စမာသကံဝါ အတိရေကပဉ္စမာသကံဝါ အဍ္ဎနကံ ထေယျစိတ္တော အာမသတိ အာပတ္တိဒုက္ကဋဿ။ ဖန္ဒာပေတိ အာပတ္တိထုလ္လစ္စယဿ။ ဌာနာစာဝေတိ အာပတ္တိ ပါရာဇိကဿ။

ပဉ္စဟိ အာကာရေဟိ အဒိန္နံ အာဒိယန္တဿ အာပတ္တိ ပါရာဇိကဿ။ ပရပရိဂ္ဂဟိတဉ္စ ဟောတိ၊ ပရပရိဂ္ဂဟိတ သညီ စ၊ ဂရုကော စ ဟောတိ ပရိက္ခာရော ပဉ္စမာသကော ဝါ အတိရေက ပဉ္စမာသကော ဝါ၊ ထေယျစိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ထုလ္လစ္စယဿ၊ ဌာနာ စာဝေတိ အာပတ္တိ ပါရာဇိကဿ။ ။ခေတ္တဋ္ဌကထာ ပါဠိတော်နှင့် အာပတ္တိဝါရကထာကို ယှဉ်၍ ယူပုံ။

တတ္ထ စာယံ ပန သာလိသီသာဒီနိ နိရုမ္ဘိတွာ ဝါ၊ ဧကမေကံ ဟတ္ထေနေဝ ဆိန္ဒိတွာ ဝါ၊ အသိတေန လာယိတွာ ဝါ၊ ဗဟူနိ ဧကတော ဥပ္ပါဋေတွာ ဝါ၊ ယသ္မိံ ဗီဇေ ဝါ၊ သီသေ ဝါ၊ မုဋ္ဌိယံ ဝါ၊ မုဂ္ဂမာသာဒိ ဖလေ ဝါ၊ ဝတ္ထု ပူရတိ၊ တသ္မိံ ဗန္ဓနာ မောစိတမတ္တေ ပါရာဇိကံ၊ အသမ္ပုဏ္ဏမာနေ ပန ဒုကူ ကော ဝါ ဝါကော ဝါ တစော ဝါ အပ္ပမတ္တကောပိ ရက္ခတိ၊ ဝီဟိနာဠံ ဒီဃံပိ ဟောတိ၊ ယာဝ အန္တော နာဠတော ဝီဟိ သီသ ဒဏ္ဍကော န နိက္ခမတိ၊ တာဝ ရက္ခတိ၊ ကေသဂ္ဂမတ္တမ္ပိ နာဠတော ဒဏ္ဍကဿ ဟေဋ္ဌိမတလေ နိက္ခန္တေ ဘဏ္ဍဋ္ဌေ န ကာရေတဗ္ဗံ၊ အသိတေန လာယိတွာ ဂဏှတော ပန၊ မုဋ္ဌိဂတေသု ဟေဋ္ဌာ ဆိန္နေသုပိ သစေ သီသာနိ ဇဋိတာနိ ရက္ခန္တိ တာဝ၊ ဝိဇဋေတွာ ပန ကေသဂ္ဂမတ္တံပိ ဥက္ခိပတော၊ သစေ ဝတ္ထု ပူရတိ ပါရာဇိကံ။ ။ခေတ္တဋ္ဌကထာတွင် ပါရာဇိကကျ အဋ္ဌကထာ။

ရွှေဥမင်နိုင်သောယာဉ်၊ ပုဒ်အနက် ဝါကျယောဇနာ မှာတော်မူသော အလိုမှာ၊ အလိုရှိသောပုဒ်ကို၊ အလိုရှိသောဝါကျနှင့် ယှဉ်သိုသော ပုဒ် ဝိကပ်အပေါင်းမှ၊ အလိုရှိသောပုဒ်ကို အသီးထုတ်၍၊ ဝါကျဝိကပ်အပေါင်းမှ၊ အလိုရှိသော ဝါကျနှင့် အသီးယှဉ်စေရမည် ဟူပေသည်။

နိရုမ္ဘိတွာ ဝါ၊ ဆိန္ဒိတွာ ဝါ၊ လာယိတွာ ဝါ၊ ဥပ္ပါဋေတွာ ဝါ။ ဤ

ဝါ ၄-ချက်သည့်ကား၊ ဝါကျဝိကပ်ပေါင်း။ ။မုဒ္ဒိယံ-ပုဒ်ကို ၂-ပုဒ် ပြုလေ။

ဗိဓေဝါ၊ သီသေဝါ၊ မုဒ္ဒိယံဝါ။ မုဒ္ဒိယံဝါ။ ဤဝါ ၄-ချက်သည့်ကား၊ ပုဒ်ဝိကပ်ပေါင်း။ ။ဗိဓေ-ဟူသော ပုဒ်ကို၊ နိရမ္ဗိတွာ - ဟူသော ဝါကျနှင့်ယှဉ်။ သီသေ-ဟူသော ပုဒ်ကို၊ ဆိန္ဒိတွာ-ဟူသော ဝါကျနှင့်ယှဉ်။ မုဒ္ဒိယံ-ဟူသော ပုဒ်ကို၊ လာယိတွာ-ဟူသော ဝါကျနှင့်ယှဉ်။ မုဒ္ဒိယံ-ဟူသော ပုဒ်ကို၊ ဥပ္ပါဋေတွာ-ဟူသော ဝါကျနှင့်ယှဉ်။ ။သစေ ဝတ္ထု ပူရတိ-အဆုံးဝါကျရှိသည့်ကား၊ ရှေးဝါကျဟူသမျှ တူကြသောလက္ခဏာ။

သစေ ဝတ္ထု ပူရတိ-ရှေးဝါကျရှိလျှင်၊ သစေပန ဝတ္ထု န ပူရတိ-နောက်ဝါကျရှိမြဲ။ ဘိက္ခုဿေန ကာရေတဗ္ဗော-ဟူသော လက္ခဏာ ပြ လိုက်ဝါကျကိုလည်း၊သစေပန ဝတ္ထု န ပူရတိ-နောက်ဝါကျရှိသမျှနှင့် ယှဉ်မြဲ။

တတ္ထ ဓာတကေ ပန သာလိသီသာနိ နိရမ္ဗိတွာ ဂဏှန္တဿ ယသ္မိံ ဗိဓေ သစေ ဝတ္ထု ပူရတိ၊ တသ္မိံ ဗန္ဓနာ မောစိတမတ္တေ ပါရာဇိကံ။ သစေ ပန ဝတ္ထု န ပူရတိ၊ တသ္မိံ ဗန္ဓနာ မောစိတမတ္တေ ဘိက္ခုဿေန ကာရေတဗ္ဗော။

တတ္ထ ဓာတကံ ပန သာလိသီသံ ကေမကံ ဟတ္ထေနေဝ ဆိန္ဒိတွာ ဂဏှန္တဿ ယသ္မိံ သီသေ သစေ ဝတ္ထု ပူရတိ၊ တသ္မိံ အဒ္ဒိဗ္ဗဓာနော ပန ဒဏ္ဍကောဝါ ဝါကောဝါ တစော ဝါ အပ္ပမတ္တကောပိ ရက္ခတိ၊ ဒဏ္ဍကေ ဆိန္နမတ္တေ ပါရာဇိကံ။ သစေ ပန ဝတ္ထု န ပူရတိ၊ တသ္မိံ ဒဏ္ဍကေ ဆိန္နမတ္တေ ဘိက္ခုဿေန ကာရေတဗ္ဗော။

တတ္ထ ဓာတကေ ပန သာလိသီသာနိ ဗဟူနိ ကေတော ဥပ္ပါဋေတွာ ဂဏှန္တဿ ယသ္မိံ မုဒ္ဒိယံ သစေ ဝတ္ထု ပူရတိ၊ တသ္မိံ ဝီဟိ နာဠ္ဍံ ဒိဿံပိ ဟောတိ၊ ယာဝ အဂ္ဂေ နာဠတော ဝီဟိ သီသဒဏ္ဍကော န နိက္ခမတိ၊ တာဝ ရက္ခတိ၊

ကောသဂ္ဂမတ္တမ္ပိ နာဠတော ဒဏ္ဍကာသ ပောတ္ထမကတလေ နိက္ခိတ္တေ ပါရာဇိကံ။ သစေ ပန ဝတ္ထု န ပူရတိ၊ တသ္မိံ ကောသဂ္ဂမတ္တမ္ပိ နာဠတော ဒဏ္ဍကာသ ပောတ္ထမကတလေ နိက္ခိတ္တေ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။

ဘတ္တ ဓာတကေ ပန သာလိသီသာနိ အသိတေန လာယိတွာ ဂဏှတော ပန ယသ္မိံ မုဋ္ဌိယံ သစေ ဝတ္ထု ပူရတိ၊ တသ္မိံ မုဋ္ဌိဂတေသု ပောဏ္ဍာ ဆိန္နေသုပိ သစေ သီသာနိ ဓရိတာနိ၊ ရက္ခန္တိ တာဝ။ ဝိဇ္ဇေတွာ ပန ကောသဂ္ဂမတ္တမ္ပိ ဥက္ခိပတော ပါရာဇိကံ၊ သစေ ပန ဝတ္ထု န ပူရတိ၊ တသ္မိံ ဝိဇ္ဇေတွာ ပန ကောသဂ္ဂမတ္တမ္ပိ ဥက္ခိပန္တေ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။ ။ဤကား လိုသေးပုဒ်ကို၊ လိုသော ဝါကျယှဉ်ပုံ။

တတ္ထ၊ ထိုလယ်၌။ ဓာတကေ—ဓာတကာနိ ပန၊ ပေါက်ရောက်ကုန်သော၊ သာလိသီသာနိ၊ စပါးနှံတို့ကို။ နိရုမ္ဘိတွာ၊ သပ်၍။ ဂဏှန္တဿ၊ ခိုးယူသော။ (တဿ ဘိက္ခုနောနှင့်စပ်) ယသ္မိံ ဗီဇေ၊ အကြင် စပါးတစ်စိ၌။ ဝတ္ထု၊ ပါရာဇိက လောက်သော ဝတ္ထုသည်။ သစေ ပူရတိ၊ အကယ်၍ပြည့်သည်ဖြစ်အံ့။ တသ္မိံ ဗီဇေ၊ ထိုစပါး တစ်စိသည်။ ဗန္ဓနာ၊ အညှာမှ။ မောစိတမတ္တေ၊ လွတ်ခါမျှ။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပါရာဇိကံ၊ ပါရာဇိက အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ။

ယသ္မိံ ဗီဇေ၊ အကြင် စပါးတစ်စိ၌။ ဝတ္ထု၊ ပါရာဇိက လောက်သောဝတ္ထုသည်။ သစေ ပန န ပူရတိ၊ အကယ်၍ကား မပြည့်သည်ဖြစ်အံ့။ တသ္မိံ ဗီဇေ၊ ထိုစပါး တစ်စိသည်။ ဗန္ဓနာ၊ အညှာမှ။ မောစိတမတ္တေ၊ လွတ်ခါမျှ။ ဘဏ္ဍဂ္ဃေန၊ ဘဏ္ဍာ့ဘိုးဖြင့်။ နိရုမ္ဘိတော၊ စပါးနှံကိုသပ်သော။ သော ဘိက္ခု၊ ထိုရဟန်းကို။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ။ပဌမဝါကျ၏ အနက်။

စပါးနှံကို သပ်၍ ခိုးသော်ကား၊ အကြင်စပါးတစ်စိ ပါရာဇိက လောက်သော ဝတ္ထုပြည့်၏။ ထိုစပါးတစ်စိ အညှာမှ လွတ်ခါမျှ၊ ပါ

ရာဇိက ကျ၏။ ဈေးနှုန်းကိုလိုက်၍ ဝိနည်းဓိုရ်က ဆုံးဖြတ်ချက်ချ။ စပါးတရာ တပိဿာဈေး၊ စပါးတတင်း အလေးချိန် ငွေတကျပ် ထိုက်သော်၊ စပါးတစိတ် အလေးချိန် ငွေတမတ်ထိုက်၏။

စပါးနှံကို သပ်၍ စပါးတစိတ်ပြည့်ဖို့ စပါးတစိလိုသော်၊ အကြွင်းလိုသော စပါးတစိ၊ အလေးချိန် ငွေတမတ်ထိုက်သော စပါးတစိတ်ပြည့်၏။ အလေးချိန် ငွေတမတ်ထိုက်သော၊ စပါးတစိတ်ပြည့်သော၊ ထိုလိုသော စပါးတစိကိုသပ်၍ အညှာမှ လွတ်ခါမျှ၊ ပါရာဇိက ကျ၏ဟူသော အဓိပ္ပါယ်ကိုယူ။

ခိုးသောစပါး တစိတ်က အလေးချိန် ငွေတမတ်ထိုက်၍-ပါဒါရဟ၊ ခိုးသောစပါး တစိတ်၏အဘိုးက အလေးချိန် ငွေတမတ်ဖြစ်၍-ပါဒ။ ပါဒ, ပါဒါရဟ ၂-ပါးစုံညီမှ၍ ပါရာဇိကကျ၏ဟု ဆုံးဖြတ်ချက်ချ။

ပါဠိမှာ၊ ပဉ္စမာသကံဝါ, အတိရေက ပဉ္စမာသကံဝါ-ဟု လာသော်လည်း၊ လိုသော ပဉ္စမာသကပုဒ်ကိုသာထုတ်၍၊ လိုသောဝါကျနှင့် ယှဉ်ပြ။

တတ္ထ ဇာတကံ ပုဗ္ဗဏ္ဏံ ပဉ္စမာသကံ အဂ္ဃနကံ ထေယျစိတ္တော အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ထုလ္လစ္စယဿ၊ ဌာနာ စာဝေတိ အာပတ္တိ ပါရာဇိကဿ။ ။တမတ်ထိုက်သော စပါးကိုခိုး၍ ပါရာဇိကကျသော၊ ခေတ္တဋ္ဌပဒဘာဇနီ ပါဠိတော်။

တတ္ထ၊ ထိုလယ်၌။ ဇာတကံ၊ ပေါက်ရောက်သော။ ပုဗ္ဗဏ္ဏံ၊ ကောက်ကို။ ပဉ္စမာသကံ အဂ္ဃနကံ၊ ငါးပဲထိုက်အောင်။ ထေယျစိတ္တော၊ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍။ အာမသတိ၊ သုံးသပ်၏။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ဖန္ဒာပေတိ၊ လှုပ်စေ၏။ ထုလ္လစ္စယဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ဌာနာ၊ တည်ရာမှ။ စာဝေတိ၊ ရွေ့စေ၏။ ပါရာဇိကဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏၊ ။အနက်။

ပဉ္စမာသကောဝါ ဣတိရေကပဉ္စမာသကောဝါ-ပါဠိမှာရှိသော် လည်း၊ လိုသော ပဉ္စမာသကော ပုဒ်ကိုသာထုတ်၍၊ လိုသော ဝါကျ နှင့် ယှဉ်ပြ။

**ပဉ္စဟိ အာကာရေဟိ အဒိန္နံ အာဒိယန္တဿ အာပတ္တိ ပါရာဇိကဿ၊ ပရပရိဂ္ဂဟိတဉ္စ ဟောတိ၊ ပရပရိဂ္ဂဟိတသညီစ ဂရုကောစ ဟောတိ ပရိက္ခာရော ပဉ္စမာသကော၊ ထေယျစိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ။ ဖန္ဒာပေတိ အာပတ္တိ ထုလ္လစ္စယဿ။ ဌာနာ စာဝေတိ အာပတ္တိ ပါရာဇိကဿ။** ။တမတ်ထိုက်သော စပါး ကိုခိုး၍၊ ပါရာဇိကကျသောအင်္ဂါ၊ အာပတ္တိဝါရ ပဒဘာဇနီ ပါဠိတော်။

ပဉ္စဟိ၊ ငါးပါးကုန်သော။ အာကာရေဟိ၊ အကြောင်းတို့ကြောင့်။ အဒိန္နံ၊ အရှင်မပေးသော သူ့ဥစ္စာကို။ အာဒိယန္တဿ၊ ခိုးယူသောရဟန်းအား။ ပါရာဇိကဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။

ပရပရိဂ္ဂဟိတဉ္စ၊ သူတပါး သိမ်းဆည်းအပ်သည်လည်း။ ဟောတိ၊ ၏။ ပရပရိဂ္ဂဟိတသညီစ၊ သူတပါး သိမ်းဆည်း၏ဟု အမှတ် ရှိသည်လည်း။ ဟောတိ၊ ၏။ ဂရုကော၊ ပါရာဇိက လောက်သည် ဖြစ်၍လေးသော။ ပဉ္စမာသကော၊ ငါးပဲထိုက်သော။ ပရိက္ခာရော စ၊ ခိုးသောဝတ္ထုဘဏ္ဍာ ပရိက္ခရာသည်လည်း။ ဟောတိ၊ ၏။ ထေယျစိတ္တဉ္စ၊ ခိုးလိုသောစိတ်သည်လည်း။ ပစ္စုပဋ္ဌိတံ၊ ရှေ့ရှုထင် သည်။ ဟောတိ၊ ဖြစ်၏။ အာမသတိ၊ သုံးသပ်၏။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ - အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ဖန္ဒာပေတိ၊ လှုပ်စေ၏။ ထုလ္လစ္စယဿ၊ သို့။ အာပတ္တိ အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ဌာနာ၊ တည်ရာမှ။ စာဝေတိ၊ ရွေ့စေ၏။ ပါရာဇိကဿ၊ သို့။ အာပတ္တိ အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ။အနက်။

အဓိပ္ပါယ်ချုပ်ကို နောက်မှတပေါင်းတည်းဆိုမည်။ ။စပါးနှံကို သပ်၍ခိုးသော်ကား၊ အကြင် စပါး တစိ ပါရာဇိကလောက်သော

ဝဏ္ဏမပြည့်။ ထိုစပါးတစိ အညာမှလွတ်ခါမျှ ဘဏ္ဍာဘိုးဖြင့် ဆုံး ဖြတ်အပ်၏။

စပါးနှံကိုသဝ်၍ အကြွင်ရှေးဦးအစ၊ စပါးတစိ အလေးချိန် ငွေ တမတ်ထိုက်သော စပါးတစိတ် မပြည့်။ အလေးချိန် ငွေတမတ်ထိုက် သော စပါးတစိတ်မပြည့်သော၊ ထိုရှေးဦးအခ၊ စပါးဘစိကိုသဝ်၍၊ အညာမှ လွတ်ခါမျှ၊ စပါးတစိဘိုးဖြင့် ဆုံးဖြတ်အပ်၏ ဟူသော အဓိပ္ပါယ်ကိုယူ။

တံဘဝဂ် သဒ္ဒိသနည်းကဲ့သို့။ ထို့အတူ၊ တံဗီဇ သဒ္ဒိသနည်း ဖြင့် ပါရာဇိကလောက်သော ဝဏ္ဏမပြည့်ခြင်းတူ၊ အလေးချိန်ငွေ တမတ်ထိုက်သော စပါးတစိတ် မပြည့်ခြင်းတူသောကြောင့်၊ ရှေး ဦးအစ စပါးတစိမှစ၍ စပါးဘစိတ်မပြည့်မီ၊ စပါးတစိလိုသည့် တိုင်အောင်ယူလေ။ ။

စပါး ၃-စလယ်နှင့် စပါး ၃-ဆုပ်ရှိ ပမာဏမှအောက်၊ ရှေးဦး အစ စပါးတစိတိုင်အောင်၊ ဒုက္ကဋ်လောက်သောဝဏ္ဏ။ စပါး ၃- စလယ်နှင့် စပါး ၃-ဆုပ် ပမာဏထက် ပိုလွန်သောစပါးတစိမှ၊ စ ပါးတစိတ် မပြည့်မီ၊ စပါးတစိလိုသည့်တိုင်အောင်၊ ထုလ္လစ္စည်း လောက်သော ဝဏ္ဏ။ ။ဥဒကဋ္ဌ ပဒဘာဇနီ၌ ပါရာဇိကလောက် သော ဝဏ္ဏ မပြည့်၊ ထုလ္လစ္စည်းလောက်သော ဝဏ္ဏ ရေကိုရည်၍၊ အတိရေက မာသကံဝါ၊ ဦနပဉ္စ မာသကံဝါ-ဟူသောပုဒ်။ ပါရာဇိ ကလောက်သော ဝဏ္ဏ မပြည့်၊ ဒုက္ကဋ်လောက်သော ဝဏ္ဏရေကို ရည်၍၊ မာသကံဝါ ဦနမာသကံဝါ-ဟူသောပုဒ်အစုံကို ဟောပြီး ဖြစ်၍၊ ၎င်းနည်းတူ၊ ခေတ္တဋ္ဌ ပဒဘာဇနီ၌၊ ပါရာဇိကလောက်သော ဝဏ္ဏ မပြည့်၊ ထုလ္လစ္စည်းလောက်သော ဝဏ္ဏ စပါးကိုရည်၍၊ အ တိရေက မာသကံဝါ ဦနပဉ္စ မာသကံဝါ-ဟူသောပုဒ်။ ပါရာဇိက လောက်သော ဝဏ္ဏ မပြည့်၊ ဒုက္ကဋ်လောက်သော ဝဏ္ဏ စပါးကို ရည်၍၊ မာသကံဝါ ဦနမာသကံဝါ-ဟူသောပုဒ်အစုံကို၊ သဘော သရုပ် လိုသောပုဒ်ကို၊ လိုသောဝါကျနှင့်ယှဉ်၍ ထုတ်ပြလေ။ ဤပုဒ် အစုံကိုပင် ရည်၍၊ ဘဏ္ဍဒေယျေန ကာရေတဗ္ဗော-ဟု အဋ္ဌကထာဘွင့်

ပြတော်မူသည်။ အာပတ္တိဝါရ ပဒဘာဇနီ၌လည်း၊ ဤပုဒ်အစုံကို ပင် ထုတ်ပြချေသည်။ ။

တတ္ထ ဓာတကံ ပုဗ္ဗဏ္ဏံ အတိရေကမာသကံဝါ ဦနပဉ္စမာသကံဝါ အဿနကံ ထေယျစိတ္တော အာမသတိ အာပတ္တိ ဒုက္ကဋဿ။ ဖန္ဒာပေတိ အာပတ္တိ ဒုက္ကဋဿ။ ဌာနာ စာဝေတိ အာပတ္တိ ထုလ္လစ္စယဿ။ ။ပါရာဇိက လောက်သော ဝတ္ထု မပြည့်၊ ထုလ္လစ္စည်းလောက်သော ဝတ္ထု၊ ခေတ္တ၌ ပဒ ဘာဇနီ ပါဠိတော်။ ။

တတ္ထ၊ ထိုလယ်၌။ ဓာတကံ၊ ပေါက်ရောက်သော။ အတိရေက မာသကံဝါ၊ အဿနကံ၊ တပဲထက် အလွန်ထိုက်သည်လည်းဖြစ်သော။ ဦနပဉ္စမာသကံဝါ အဿနကံ၊ ငါးပဲအောက် အယုတ်ထိုက် သည်လည်းဖြစ်သော။ ပုဗ္ဗဏ္ဏံ၊ ကောက်ကို။ ။မထင်ရှားနက်။

ပဉ္စဟိ အာကာရေဟိ အဒိန္နံ အာဒိယန္တဿ အာ ပတ္တိ ထုလ္လစ္စယဿ၊ ပရပရိဂ္ဂဟိတဉ္စ ဟောတိ၊ ပရပရိဂ္ဂ ဟိတသညီစ၊ လဟုကောစ ဟောတိ ပရိက္ခာရော အတိ ရေကမာသကောဝါ ဦနပဉ္စမာသကောဝါ၊ ထေယျ စိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ အာမသတိ အာပတ္တိ ဒုက္က ဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ဒုက္ကဋဿ၊ ဌာနာ စာဝေတိ အာပတ္တိထုလ္လစ္စယဿ။ ။ထုလ္လစ္စည်းလောက်သောဝတ္ထု၊ ထုလ္လစ္စည်း အာပတ်သင့်သော အင်္ဂါ၊ အာပတ္တိဝါရ ပဒဘာဇနီ ပါဠိတော်။ ။

လဟုကော၊ ပါရာဇိကမလောက်သည်ဖြစ်၍ ပေါ့သော။ အတိ ရေကမာသကောဝါ၊ တပဲထက် အလွန်ထိုက်သည်လည်းဖြစ်သော။ ဦနပဉ္စမာသကောဝါ၊ ငါးပဲအောက် အယုတ်ထိုက်သည်လည်း ဖြစ် သော။ ပရိက္ခာရောစ၊ ခိုးသောဝတ္ထုဘဏ္ဍာ ပရိက္ခရာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ။မထင်ရှားနက်။

ဤသို့ ဆိုအပ်ပြီးသော စကားအစဉ်၌၊ သိမှတ်ဖွယ်ရင်းကား၊ ပါ ရာဇိကလောက်သော ဝတ္ထု အကပ္ပိယဘဏ္ဍာ၊ စပါးတစိတ်ကို ခိုး၏။

ခိုးသော စပါးတစိတ်ကို ဈေးနှုန်းကိုလိုက်၍၊ ဝိနည်းရိရ်က အလေးချိန် ငွေဘမတ်ထိုက်သော၊ စပါးတစိတ်ဟူ၍သာ ဖြတ်ဆိုရ၏။ အလေးချိန်တမတ်ရှိသော စပါးတစိတ်ဟူ၍ မဖြတ်ဆိုရ။

ခိုးသောဝတ္ထုဘဏ္ဍာကို၊ အလေးချိန်တမတ် ပမာဏမဟုတ်ဟု သိမှတ်လိုရင်း။ ခိုးသောဝတ္ထု ဘဏ္ဍာကို၊ အလေးချိန်ငွေဘမတ် ထိုက်သော်သာ ပမာဏဟု သိမှတ်လိုရင်း။ ခိုးသောဝတ္ထု ဘဏ္ဍာ၏ အဘိုးကို၊ အလေးချိန်ငွေတမတ် အကပ္ပိယဘဏ္ဍာသာ ပမာဏဟု သိမှတ်လိုရင်း။

ခိုးသောဝတ္ထုဘဏ္ဍာဟူသော စကားရပ်၌၊ ခိုးသော-ဟုဆိုသော ဝိသေသနစကားသည်၊ ဝတ္ထုဘဏ္ဍာ၏အရာမှ ရွေ့ခြင်း-ဌာနာစာဝနကြိယာဘော၊ ပုဂ္ဂိုလ်၏ခိုးယူခြင်း-အာဒိယနကြိယာဘော အနက်ကိုဟောသည်ဖြစ်၍၊ ဝတ္ထုအင်္ဂါ အာပတ်အင်္ဂါလောက်သော ခိုးသောဝတ္ထုဘဏ္ဍာရ၏။

ခိုးအပ်သော-ဟုဆိုသော ဝိသေသန စကားသည်၊ ဝတ္ထုဘဏ္ဍာ၏ အရာမှရွေ့ခြင်း-ဌာနစာဝနကြိယာဘော၊ ပုဂ္ဂိုလ်၏ ခိုးယူခြင်း-အာဒိယနကြိယာဘော အနက်ကိုမဟောသည်ဖြစ်၍ ဝတ္ထုအင်္ဂါ, အာပတ်အင်္ဂါလောက်သော၊ ခိုးသောဝတ္ထုဘဏ္ဍာမရ။ မခိုးရသေး, ခိုးသင့်,ခိုးထိုက်,ခိုးအပ်သော ဘဏ္ဍာသာရ၏။

ခိုးသော-ဟုဆိုသောဝိသေသန စကားကို၊ မပယ်မဖျက် မဖှက်မသို စိတ်၌အမြဲမျိုမှသဘောကျမည်။ ။ဒုက္ကဋ်ဝတ္ထု,ဒုက္ကဋ်အာပတ်ကို၊ စပါးတနှံကိုခိုးရာကျမှ အပြည့်အစုံဆိုမည်။ ။ဝါကျသုဓ်သင် ရှင်းလင်းပုံ အကြွင်းအကျန်မရှိ ပြည့်စုံမှ၊ အနက်အဓိပ္ပါယ်ကုန်သည်။

နိရုတ္တိတွာဝါ-ဝါကျ၊ ဗဓေဝါ-ပုဒ်၊ ပဋ္ဌမ ဝိကပ်ထုတ်ပုံ၊ သုဓ်သင်ရှင်းလင်းပုံ၊ အာဂုမ်ယုတ္တိ အဋ္ဌကထာ ပါဠိ၊ ရှိရှိသမျှ အနက်အဓိပ္ပါယ်နှင့်တကွ ပြီး၏။ ။

တဏ္ဍု၊ ထိုလယ်တည်း၌။ ဓာတက်ပန၊ ပေါက်ရောက်သော။ သာလိသီသံ၊ စပါးနှံကို။ ဧကမေကံ၊ တနှံစီ။ ဟတ္ထေနဝ၊ လက်ဖြင့်

သာလျှင်၊ ဆိန္နိတွာ၊ ထစ်၍၊ ဂဏှန္တာ သော၊ ခိုးယူသော (တသာဘိက္ခုနောနှင့်စပ်) ယသ္မိံ သိဒေသ၊ အကြွင်းစပါးနှံ၌၊ ဝတ္ထု၊ ပါရာဇိက လောက်သော ဝတ္ထုသည်၊ သစေပူရတိ၊ အကယ်၍ပြည့်စုံသည်ဖြစ်အံ့၊ တသ္မိံ သိဒေသ၊ ထိုစပါးနှံသည်၊ (ဆိန္နမတ္တေနှင့်စပ်) ဒုက္ကဋကောဝါ၊ အတက်သည့်ရင်း။ ဝါကောဝါ၊ အမြှင်သည့်ရင်း။ တစောဝါ၊ အခွံသည့်ရင်း။ အစ္ဆရိ မာနောပန၊ မပြတ်သေးသော်ကား၊ အပ္ပမတ္တကောပိ၊ အနည်းငယ်မျှသော်လည်း၊ ရက္ခတိ၊ စောင့်သေး၏၊ ဒုက္ကဋကော၊ အဘက်သည့်၊ ဆိန္နမတ္တေ၊ ပြတ်ခါမျှ၊ တသာဘိက္ခုနော၊ ထိုရဟန်းအား။ ပါရာဇိကံ၊ ပါရာဇိက အာပတ်သို့၊ အာပဇ္ဇတိ၊ ရောက်၏။ ။ယသ္မိံ သိဒေသ၊ အကြွင်းစပါးနှံ၌၊ ဝတ္ထု၊ ပါရာဇိက လောက်သော ဝတ္ထုသည်၊ သစေ ပန နဲ့ ပူရတိ၊ အကယ်၍ကား မပြည့်သည်ဖြစ်အံ့၊ တသ္မိံ သိဒေသ၊ ထိုစပါးနှံသည်၊ ဒုက္ကဋကော၊ အတက်သည့်။ ဆိန္နမတ္တေ၊ ပြတ်ခါမျှ၊ ဘဏ္ဍဒေယျနံ၊ ဘဏ္ဍာဘိုးဖြင့်၊ ဆိန္ဒိတော၊ ထစ်သော။ သောဘိက္ခု၊ ထိုရဟန်းကို၊ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ။ဒုတိယဝါကျ၏အနက်။

တောင်ပေါ်ကရင်လူမျိုး၊ စပါးကို တစဉ်ဖြင့်မရိတ်၊ စပါးနှံကို လက်ဖြင့်ဆိတ်ဖြတ်သောဟူ၏။ ဆိတ်ဖြတ်သည့်ကို တောင်သူတို့ဝေါဟာရက၊ ထစ်သည်ဟု ခေါ်ဆိုကြ၏။ ။စပါးနှံကိုထစ်၍ ခိုးသော်ကား၊ အကြွင်းစပါးတနှံ ပါရာဇိကလောက်သော ဝတ္ထုပြည့်၏။ ထိုစပါးတနှံ အတက်ပြတ်ခါမျှ၊ ပါရာဇိကကျ၏။

ဈေးနှုန်းကိုထိုက်၍၊ ဝိနည်းဓိုရ်က ဆုံးဖြတ်ချက်ချ၊ စပါးတရာ တပိသာဈေး၊ စပါတဘင်း အလေးချိန် ငွေဘကျပ်ထိုက်သော်၊ စပါးတစိတ်အလေးချိန် ငွေဘမတ်ထိုက်၏။ ။စပါးနှံကိုထစ်၍ စပါးတစိတ်ပြည့်တို့ စပါးဘနှံလိုသော်၊ အကြွင်းလိုသောစပါးတနှံ၊ အလေးချိန်ငွေဘမတ်ထိုက်သော စပါးတစိတ်ပြည့်၏၊ အလေးချိန်ငွေဘမတ်ထိုက်သော စပါးတစိတ်ပြည့်သော၊ ထိုလိုသောစပါးတနှံကိုထစ်၍၊ အတက်ပြတ်ခါမျှ ပါရာဇိကကျ၏ဟူသော အဓိပ္ပါယ်ကိုယူ။

ခိုးသောစပါးတစိတ်က အလေးချိန်ငွေတမတ်ထိုက်၍-ပါဒါရဟာ၊ ခိုးသော စပါးတစိတ်၏အဘိုးက၊အလေးချိန် ငွေတမတ်ဖြစ်၍-ပါဒ၊ ဤသို့ ပါဒ,ပါဒါရဟာ ၂-ပါးစုံ ညီမှ၍၊ ပါရာဇိကကျ၏ဟု ဆုံးဖြတ်ချက်ချ။

ပါဠိမှာ၊ ပဉ္စမာသကံ ဝါ အတိရေက ပဉ္စမာသကံ ဝါ-ဟုလာသော်လည်း၊ လိုသော ပဉ္စမာသကံ ပုဒ်ကိုသာထုတ်၍၊လိုသော ဝါကျနှင့် ယှဉ်ပြ။

**တတ္ထ ဇာတကံ ပုဗ္ဗဏ္ဏံ ပဉ္စမာသကံ အဂ္ဃနကံ ထေယျစိတ္တော အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ထုလ္လစ္စယဿ၊ ဌာနာစာဝေတိ အာပတ္တိ ပါရာဇိကဿ။** ။တမတ်ထိုက်သော စပါးကိုခိုး၍၊ပါရာဇိကကျသောခေတ္တဝ ပဒဘာဇနီ ပါဠိတော်။

ပဉ္စမာသကော ဝါ အတိရေက ပဉ္စမာသကော ဝါ-ဟု ပါဠိမှာရှိသော်လည်း၊ လိုသော ပဉ္စမာသကော ပုဒ်ကိုသာထုတ်၍၊ လိုသော ဝါကျနှင့် ယှဉ်ပြ။

**ပဉ္စဟိ အာကာရေဟိ အဒိန္နံ အာဒိယန္တဿ အာပတ္တိ ပါရာဇိကဿ၊ ပရပရိဂ္ဂဟိတဉ္စ ဟောတိ၊ ပရပရိဂ္ဂဟိတသညီ စ၊ ဂရုကော စ ဟောတိ ပရိက္ခာရော ပဉ္စမာသကော၊ ထေယျစိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ထုလ္လစ္စယဿ၊ ဌာနာစာဝေတိ အာပတ္တိ ပါရာဇိကဿ။** ။တမတ်ထိုက်သော စပါးကိုခိုး၍ ပါရာဇိကကျသောအင်္ဂါအာပတ္တိဝါရ၊ ပဒဘာဇနီပါဠိတော်။

စပါးနှံကို ထစ်၍ခိုးသော်ကား၊ အကြွင်းစပါးတနှံ ပါရာဇိကကျလောက်သော ဝတ္ထုမပြည့်၊ထိုစပါးတနှံ အတက်ဖြတ်ခါမှ၊ဘဏ္ဍာဘိုးဖြင့် ဆုံးဖြတ်အပ်၏။ စပါးနှံကိုထစ်၍ အကြွင်းရှေးဦးအစ စပါးတနှံ အလေးချိန် ငွေတမတ်ထိုက်သော စပါးတစိတ်မပြည့်၊ အလေး

ချိန်ငွေတမတ်ထိုက်သော စပါးတစိတ်မပြည့်သော၊ ထိုရှေးဦးအစ စပါးတနှံကိုထစ်၍၊ အတောက်ပြတ်ခါမျှ၊ စပါးတနှံသိုးဖြင့် ဆုံးဖြတ်အပ်၏ ဟူသော အဓိပ္ပါယ်ကိုယူ။ ။

တံဘဂ် သဒိသနည်းကဲ့သို့။ ထို့အတူ၊ တံသာလိသိသ သဒိသနည်းဖြင့်၊ ပါရာဇိကလောက်သော ဝတ္ထုမပြည့်ချင်းတူ၊ အလေးချိန်ငွေတမတ်ထိုက်သော စပါးတစိတ်မပြည့်ချင်း တူသောကြောင့်၊ ရှေးဦးအစ စပါးတနှံမှစ၍၊ စပါးတစိတ်မပြည့်မီ၊ စပါးတနှံလိုသည့်တိုင်အောင် ယူလေ။ ။စပါး ၃-စလယ်နှင့် စပါး ၃-ဆုပ်ရှိ ပမာဏမှအောက်၊ ရှေးဦးအစ စပါးတနှံတိုင်အောင် ဒုက္ကဋ်လောက်သောဝတ္ထု။ စပါး ၃-စလယ်နှင့် စပါး ၃-ဆုပ်ရှိ ပမာဏထက်ပိုလွန်သော၊ စပါးတနှံမှ တစိတ်မပြည့်မီ စပါးတနှံလိုသည့်တိုင်အောင်၊ ထုလ္လစ္စည်းလောက်သော ဝတ္ထု။ ။ဥဒကဋ္ဌ ပဒဘာဇနီ၌၊ ပါရာဇိကလောက်သောဝတ္ထုမပြည့်၊ ထုလ္လစ္စည်းလောက်သော ဝတ္ထုရေကိုရည်၍၊ အတိရေက မာသကံဝါ ဦနပဉ္စမာသကံဝါ-ဟူသောပုဒ်။ ပါရာဇိကလောက်သော ဝတ္ထုမပြည့်၊ ဒုက္ကဋ်လောက်သော ဝတ္ထုရေကိုရည်၍၊ မာသကံဝါ ဦနမာသကံဝါ-ဟူသော ပုဒ်အစုံကို ဟောပြီးပြီဖြစ်၍၊ ၎င်းနည်းတူ ခေတ္တဋ္ဌပဒဘာဇနီ၌၊ ပါရာဇိကလောက်သောဝတ္ထုမပြည့်၊ ထုလ္လစ္စည်းလောက်သော ဝတ္ထုစပါးကိုရည်၍၊အတိရေက မာသကံဝါ ဦနပဉ္စ မာသကံဝါ-ဟူသော ပုဒ်။ ပါရာဇိကလောက်သော ဝတ္ထုမပြည့်၊ဒုက္ကဋ်လောက်သောဝတ္ထုစပါးကိုရည်၍၊ မာသကံဝါ ဦနမာသကံဝါ-ဟူသော ပုဒ်အစုံကို၊ သဘောသရုပ် လိုသော ပုဒ်ကို၊လိုသော ဝါကျနှင့်ယှဉ်၍ ထုတ်ပြ။ ။

ဤပုဒ်အစုံကိုပင်ရည်၍၊ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော-ဟု အဋ္ဌကထာ ဖွင့်ပြတော်မူသည်။ အာပတ္တိဝါရ ပဒဘာဇနီ၌လည်း၊ ဤပုဒ်အစုံကိုပင် ထုတ်ပြချေသည်။

တတ္ထ ဓာတကံ ပုဗ္ဗဏ္ဏံ အတိရေကမာသကံဝါ ဦနပဉ္စ
မာသကံဝါ အဂ္ဃနကံ ထေယျစိတ္တော အာမသတိ အာ

ပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ဒုက္ကဋဿ၊ ဌာနာ စာဝေတိ အာပတ္တိ ထုလ္လစ္စယဿ။ ။ပါရာဇိကလောက်သော ဝတ္ထု၊ မပြည့်၊ ထုလ္လစ္စည်းလောက်သော ဝတ္ထု၊ ခေတ္တ၌ ပဒဘာဇနီ ပါဠိတော်။

ပဉ္စဟိ အာကာရေဟိ အဒိန္နံ အာဒိယန္တဿ အာပတ္တိ ထုလ္လစ္စယဿ၊ ပရိပရိဂ္ဂဟိတဉ္စ ဟောတိ၊ ပရပရိဂ္ဂဟိတသညီ စ၊ လဟုကော စ ဟောတိ ပရိက္ခာရော အတိရေကမာသကော ဝါ ဦန ပဉ္စမာသကော ဝါ၊ ထေယျစိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ဒုက္ကဋဿ၊ ဌာနာ စာဝေတိ အာပတ္တိ ထုလ္လစ္စယဿ။ ။ပါရာဇိကလောက်သော ဝတ္ထု၊ မပြည့်၊ ထုလ္လစ္စည်း အာပတ်သင့်သောအင်္ဂါ၊ အာပတ္တိဝါရ ပဒဘာဇနီ ပါဠိတော်။

တတ္ထ ဇာတကံ ပုဗ္ဗဏ္ဏံ မာသကံဝါ ဦနမာသကံဝါ အဂ္ဃနကံ ထေယျစိတ္တော အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ဒုက္ကဋဿ၊ ဌာနာ စာဝေတိ အာပတ္တိ ဒုက္ကဋဿ။ ။ပါရာဇိကလောက်သော ဝတ္ထု၊ မပြည့်၊ ဒုက္ကဋ်လောက်သော ဝတ္ထု၊ ခေတ္တ၌ ပဒဘာဇနီ ပါဠိတော်။

တတ္ထ၊ ထိုလယ်၌။ ဇာတကံ၊ ပေါက်ရောက်သော။ မာသကံဝါ အဂ္ဃနကံ၊ တပဲထိုက်သည်လည်းဖြစ်သော။ ဦနမာသကံဝါ အဂ္ဃနကံ၊ တပဲအောက်အယုတ် ထိုက်သည်လည်းဖြစ်သော။ ပုဗ္ဗဏ္ဏံ၊ ကောက်ကို။ ။မထင်ရာနက်။

ပဉ္စဟိ အာကာရေဟိ အဒိန္နံ အာဒိယန္တဿ အာပတ္တိ ဒုက္ကဋဿ၊ ပရ ပရိဂ္ဂဟိတဉ္စ ဟောတိ၊ ပရပရိဂ္ဂဟိတသညီ စ၊ လဟုကော စ ဟောတိ ပရိက္ခာရော မာသကော ဝါ ဦနမာသကော ဝါ၊ ထေယျစိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာပေတိ အာပတ္တိ ဒုက္ကဋဿ၊ ဌာနာ စာဝေတိ အာပတ္တိ ဒုက္ကဋဿ၊ ။ပါရာဇိကလောက်သော ဝတ္ထု၊ မပြည့်၊ ဒုက္ကဋ် အာပတ်သင့်သောအင်္ဂါ၊ အာပတ္တိဝါရ ပဒဘာဇနီ ပါဠိတော်။

လဟုကော၊ ပါရာဇိကံ မလောက်သည်ဖြစ်၍ ပေါ့သော။ မာသကောဝါ၊ တပဲထိုက်သည်လည်းဖြစ်သော။ ဦနမာသကောဝါ၊ တပဲအောက်အယုတ် ထိုက်သည်လည်းဖြစ်သော။ ပရိက္ခာရော စ၊ ခိုးသော ဝတ္ထု ဘဏ္ဍာ ပရိက္ခရာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ။ဆိဒ္ဒိတွာ ဝါ-ဝါကျ၊ သိသောဝါ-ပုဒ် ဒုတိယ ဝိကပ်ထုတ်ပုံ, သုဗ်သင် ရှင်းလင်းပုံ၊ အာဂုမ်ယုတ္တိ အဋ္ဌကထာ ပါဠိ၊ ရှိရှိသမျှ၊ အနက်အဓိပ္ပါယ်နှင့်တကွ ပြီး၏။

တတ္ထ၊ ထိုလယ်တည်း၌။ ဓာတကေ-ဓာတကာ၌ ပန၊ ပေါက်ရောက်ကုန်သော။ သာလိသီသာနိ၊ စပါးနှံတို့ကို။ ဗဟူနိ၊ များစွာတို့ကို။ ဇကာတော၊ တပေါင်းတည်း။ ဥပ္ပါဋေတွာ၊ နှုတ်၍။ ဂဏှန္တော၊ ခိုးယူသော။ (တဿ ဘိက္ခုနော နှင့်စပ်) ယသ္မိံ မုဋ္ဌိယံ၊ အကြင်လက်ဆုပ်၌။ ဝတ္ထု၊ ပါရာဇိကလောက်သော ဝတ္ထုသည်။ သစေ ပူရတိ၊ အကယ်၍ပြည့်သည်ဖြစ်အံ့။ တသ္မိံ မုဋ္ဌိယံ၊ ထိုလက်ဆုပ်သည်။ (နိက္ခန္တေနှင့်စပ်) ဝီဟိနာဠံ၊ ကောက်ပင်ရိုးသည်။ ဒီဃံပိ၊ ရှည်သည်လည်း။ ဟောတိ၊ ဖြစ်အံ့။ ယာဝ၊ အကြင်မျှလောက်။ အန္တောနာဠတော၊ သင်ဒိုင်းစတ် စွပ်သောအရိုး၏ အတွင်းမှ။ ဝီဟိသီသဒဏ္ဍကော၊ ကောက်နှံ အတက်သည်။ န နိက္ခမတိ၊ မထွက်သေး။ တာဝ၊ ထိုမျှလောက်။ ရက္ခတိ၊ စောင့်သေး၏။ ကေသဂ္ဂမတ္တမ္ပိ၊ ဆံခြည်တဖျားမျှလည်း။ နာဠတော၊ သင်ဒိုင်းဝတ် စွပ်သောအရိုးမှ။ ဒဏ္ဍကဿ၊ အတက်၏။ ဟေဋ္ဌိမတလေ၊ အောက်အပြင်သည်။ နိက္ခန္တေ၊ ထွက်သည်ရှိသော်။ တဿ ဘိက္ခုနော၊ အား။ ပါရာဇိကံ၊ သို့။ အာပဇ္ဇတိ၊ ၏။ ။ ယသ္မိံ မုဋ္ဌိယံ၊ အကြင်လက်ဆုပ်၌။ ဝတ္ထု၊ ပါရာဇိကလောက်သော ဝတ္ထုသည်။ သစေ ပန န ပူရတိ၊ အကယ်၍ကား မပြည့်သည်ဖြစ်အံ့။ တသ္မိံ မုဋ္ဌိယံ၊ ထိုလက်ဆုပ်သည်။ ကေသဂ္ဂမတ္တမ္ပိ၊ ဆံခြည်တဖျားမျှလည်း။ နာဠတော၊ သင်ဒိုင်းဝတ်စွပ်သော အရိုးမှ။ ဒဏ္ဍကဿ၊ အတက်၏။ ဟေဋ္ဌိမတလေ၊ အောက်အပြင်သည်။ နိက္ခန္တေ၊ ထွက်သည်ရှိသော်။ ဘဏ္ဍဒေယျံ၊ ဘဏ္ဍာဘိုးဖြင့်။ ဥပ္ပါဋိတော၊ နှုတ်သော။ သော ဘိက္ခု၊ ထိုရဟန်းကို။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ။တတိယဝါကျ၏ အနက်။

ဤတတိယဝါကျ၌၊ ဆိုသင့် ဆိုဘွယ် အဓိပ္ပါယ်စကား အစဉ်သည်၊ ပဌမ, ဒုတိယ ၂-ဝါကျ၌ဆိုသော စကားနှင့်တူပြီ။ မှုမကွဲ မပြား တသားတည်းသောနည်းသွား၊ စကားအစဉ် ပြီးဆုံးအောင် ဆိုရန်၊ ကြည့်ရှုသူတို့၏ တာဝန်ချန်ခဲ့ပေသည်။

ဥပ္ပါဒေတွာဝါ-ဝါကျ၊ မုဋ္ဌိယံဝါ-ပုဒ် တတိယ ဝိကပ်ထုတ်ပုံ, သုဓ်သင်ရှင်းလင်းပုံ၊ အာဂုမ်ယုတ္တိ၊ အဋ္ဌကထာ ပါဠိ ရှိရှိသမျှ၊ အနက်အဓိပ္ပါယ် အကြွင်းနှင့်တကွပြီး၏။ ။ပရိစယ ကိစ္စ၊ ဥဿာဟ တဒ္ဒာန၊ လေ့လာကြလေ။

တတ္ထ၊ ထိုလယ်၌။ ဇာတကေ-ဇာတကာနိ ပန၊ ပေါက်ရောက်ကုန်သော။ သာလိသီသာနိ၊ စပါးနှံတို့ကို။ အသိတေန၊ တစဉ်ဖြင့်။ လာယိတွာ၊ ရိတ်၍၊ ဂဏ္ဍက္ကသော၊ ခိုးယူသော။ (တဿ ဘိက္ခုနော နှင့်စပ်) ယသ္မိံ မုဋ္ဌိယံ၊ အကြင်လက်ဆုပ်၌၊ ဝတ္ထု၊ ပါရာဇိကလောက်သော ဝတ္ထုသည်။ သစေ ပူရတိ၊ အကယ်၍ ပြည့်သည်ဖြစ်အံ့။ တသ္မိံ မုဋ္ဌိယံ၊ ထိုလက်ဆုပ်သည်။ (ဥက္ခိပနေ နှင့်စပ်) မုဋ္ဌိ ဂတေသု၊ လက်ဆုပ်သို့ရောက်သော စပါးနှံတို့သည်။ ဟေဋ္ဌာ၊ အောက်မှ။ ဆိန္နေသုပိ၊ ပြတ်ကုန်သော်လည်း။ သီသာနိ၊ တခြားက စပါးနှံတို့သည်။ သစေ ဇဋိတာနိ၊ အကယ်၍ ရောယှက်သည်ဖြစ်အံ့၊ ရက္ခတိ တာဝ၊ စောင့်ကုန်သေး၏၊ ဝိဇဋေတွာ ပန၊ ရောယှက်ခြင်း ကင်းရှင်းပြီး၍ကား။ ကေသဂ္ဂမတ္တမ္ပိ၊ ဆံချည်တဖျားမျှလည်း။ ဥက္ခိပတော-ဥက္ခိပနေ၊ ကြွသည်ရှိသော်။ တဿ ဘိက္ခုနော၊ အား။ ပါရာဇိကံ၊ သို့။ အာပတ္တိ၊ ရောက်၏။ ။ယသ္မိံ မုဋ္ဌိယံ၊ အကြင်လက်ဆုပ်၌၊ ဝတ္ထု၊ ပါရာဇိကလောက်သော ဝတ္ထုသည်။ သစေ ပန န ပူရတိ၊ အကယ်၍ကား မပြည့်သည်ဖြစ်အံ့။ တသ္မိံ မုဋ္ဌိယံ၊ ထိုလက်ဆုပ်သည်။ ဝိဇဋေတွာ ပန၊ ရောယှက်ခြင်း ကင်းရှင်းပြီး၍ကား။ ကေသဂ္ဂမတ္တမ္ပိ ဆံချည်တဖျားမျှလည်း။ ဥက္ခိပနေ၊ ကြွသည်ရှိသော်၊ ဘဏ္ဍဂ္ဃေန၊ ဘဏ္ဍာတန်ဖိုးဖြင့်၊ လာယိကော၊ ရိတ်သော။ သော ဘိက္ခု၊ ထိုရဟန်းကို။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ။စတုတ္ထ ဝါကျ၏ အနက်။

ဤစတုတ္ထ ဝါကျ၌၊ ဆိုသင့်ဆိုဘွယ် အဓိပ္ပါယ်စကား အစဉ်သည်။

ပဥ္စမ, ဒုတိယ ၂-ဝါကျ၌ဆိုသော စကားအစဉ်နှင့်တူပြီ။ မှုမကွဲ မပြား တသားတည်းသောနည်းသွား၊ စကားအစဉ် ပြီးဆုံးအောင်ဆိုရန်၊ ကြည့်ရှုသူတို့၏ တာဝန်ချန်ခဲ့ပေသည်။

လာယိတ္ဗာဝါ—ဝါကျ၊ ရင္ဗိယံဝါ-ပုဒ် စတုဿ ဝိကပ်ထုတ်ပုံ, သုခိသင်ရှင်းလင်းပုံ၊ အာဂုမ်ယုတ္တိ၊ အဒ္ဓကာထာ ပါဠိ ရှိရှိသမျှ၊ အနက် အဓိပ္ပါယ် အကြွင်းနှင့်တကွ ပြီး၏။ ။ပရိစယ ကိစ္စ၊ ဥဿာဟ နှစ်ဌာန၊ လေ့လာကြလေ။

အနှံသပ်သော်ကား၊ စပါးလုံးသည် ဝဏ္ဏုထိုက်၍။ အနှံကို ထစ်သော်ကား၊ အနှံသည် ဝဏ္ဏုထိုက်မှ။ တစဉ်ဖြင့်ရိတ်သော်ကား၊ သင်ဒိုင်းမှကျွတ်သော စပါးနှံသည် ဝဏ္ဏုထိုက်မှ၊ ပါရာဇိကကျရောက်၏ ဟူလိုသတည်း။ ပဲစသည်လည်း ဤနည်းအတူဟု ရှုဥမင်နိုင်သယ၌၊ အဓိပ္ပါယ်ချုပ် စကားနှင့်စပ်၍၊ ဝဏ္ဏုမထိုက်သော်ကား၊ ထုလ္လစ္စဉ်းဖြင့် ဆုံးဖြတ်အပ်၏ ဟူလိုသတည်းဟု အဓိပ္ပါယ်ချုပ်ကို နောက်ထပ်ဆိုလေ။

## စပါးကိုနိုးရာ၌ စပါးလုံးရေ အလေးချိန် တင်းတောင်း ပမာဏ စသည် ရေတွက်ပုံကို ပြခြင်း

စပါး တတင်း ၅၄-ပေါင် ကိုက်စေရမည်၊ တတင်း ၄-စိတ်ကျ၊ တစိတ် ၄-ပြည်ကျ၊ တပြည် ၄-စလယ်ကျ၊ တစလယ် ၄-လက်ချင့်ကျ၊ တလက်ချင့် ၄-ဆုပ်ကျ၊ ချင့်တောင်း ဖွဲ့ရိုးကျစေရမည်။ ။သွေ့ခြောက်လွန်းသော စပါးလုံးရေ(၆၆၄)ရှိသော တဆုပ်ကို၊ ဤနေရာ၌ မလိုအပ်။ ။စပါးတဆုပ် လုံးရေ(၄၇၀)နှင့် တဆန်ရှိစေရမည်။ သူ့စပါးနှင့် သူ့ဆန်၊ သုံးဆန်ပြည့်က ၂-စပါးရှိစေရမည်။ စပါးလုံးရေ(၇၀)သည် အလေးချိန်တမတ်ရှိစေရမည်။

စတ္တာရော ဝိဟယောဂဋ္ဌာ၊ အဓိပ္ပါယ်ယူပုံမှာ၊ လေးမုယောနှင့် အလေးချိန်တူသော ၄-စပါးက၊ လယ်တည်း၌ မောင်းညိုရောင်သာသာ မစိုမခြောက် ပင်ထောင်နေသော စပါးနှံက၊ ၄-စပါးဖြစ်စေရမည်။ ရွေးကာလည်း ရွေးကြီးဖြစ်စေရမည်။

တကျပ် ၄-မတ်ကျ၊ တမတ် ၅-ပဲကျ၊ တမူး ၂-ပဲကျ၊ တပဲ ၄-ရွေးကျ၊ တရွေး ၄-စပါးကျ၊ ကျပ်လေး ဖွဲ့ရိုးကျစေရမည်။ ။ စပါးအားဖြင့်(၃၂၀)။ ရွေးအားဖြင့်(၈၀)။ ပဲအားဖြင့်(၂၀)။ မူးအားဖြင့် (၁၀)။ မတ်အားဖြင့် ၄-မတ်ရှိသော၊ အလေးချိန် ငွေ့ကျပ် ၁၀၀-တပိဿာ။ လက်ဆုပ်အားဖြင့် (၁၀၂၆)။ လက်ချင့်အားဖြင့် (၂၅၆)၊ စလယ်အားဖြင့်(၆၄)။ ပြည်အားဖြင့်(၁၆)။ စိတ်အားဖြင့် ၄ စိတ်ရှိသော၊ တင်းရေစပါး ၁၀၀-တပိဿာချေး။ ဤနည်းဖြင့် ဝိနည်းဓိုရ်က၊ ချေးနှုန်းကိုလိုက်၍ ဆုံးဖြတ်ချက်ချ။ အလေးချိန် ငွေတမတ် ထိုက်သော စပါးတစိတ်က ပါရာဇိကလောက်သော ဝတ္ထု၊ အလေးချိန်ငွေတမတ်မထိုက်။ တစိတ်မပြည့်သောစပါးက၊ ဘဏ္ဍာဘိုးဖြင့်ဆုံးဖြတ်အပ်သောဝတ္ထု၊ ဘဏ္ဍာဘိုးဖြင့် ဆုံးဖြတ်အပ်သော အရာဌာန၊ မယုတ်မလွန် မပိုမလို အတည့်အတန်ဆိုမှ အမှန်ကျမည် တချက်။ သူ့စပါးနှင့် သူ့ဆန်၊ ၃-ဆန်ပြည့်က ၂-စပါးဖြစ်စေရမည်တချက်။ သက်ဝင်နိုင်စေ။

စပါးနှံကို သပ်သော်ကား၊ စပါး ၃-စလယ်။ စပါး ၃-ဆုပ်၊ စပါးလုံးရေ ၉၄-စပါးနှင့် တဆန်ကို ငါးစိတ်စိတ်၊ တစိတ်ရှိပမာဏ စပါးလုံးမှအောက်၊ ရှေးဦးအစ စပါးတလုံးကျအောင် ဒုက္ကဋ်ဝတ္ထု။ ပ။ တဆန်ကို ငါးစိတ်စိတ်၊ ၂-စိတ်ရှိပမာဏ စပါးလုံးမှအထက်၊ စပါးတစိတ်မပြည့်မီ စပါးတလုံးလိုသည့်တိုင်အောင် ထုလ္လစ္စည်းဝတ္ထု။

စပါးနှံကို ပေါင်း၍နှုတ်သော်ကား။ ပ။ တဆန်ကို ငါးစိတ်စိတ်၊ တစိတ်ရှိ ပမာဏ သင်ဒိုင်းမှကျွတ်ကျသော စပါးနှံမှအောက်၊ ရှေးဦးအစ သင်ဒိုင်းမှကျွတ်သော စပါးနှံကျအောင် ဒုက္ကဋ်ဝတ္ထု။ ပ။ တဆန်ကို ငါးစိတ်စိတ်၊ ၂-စိတ်ရှိ ပမာဏ၊ သင်ဒိုင်းမှကျွတ်သော စပါးနှံမှအထက်၊ စပါးတစိတ်မပြည့်မီ သင်ဒိုင်းမှကျွတ်သော စပါးနှံလိုသည့်တိုင်အောင် ထုလ္လစ္စည်းဝတ္ထု။ ။တစဉ်ဖြင့် ရိတ်သော်ကား။ ။ပ။ တဆန်ကို ငါးစိတ်စိတ်၊ တစိတ်ရှိပမာဏလက်ဆုပ်မှအောက်၊ ရှေးဦးအစ လက်ဆုပ်ကျအောင် ဒုက္ကဋ်ဝတ္ထု။ ပ။ တဆန်ကို ငါးစိတ်စိတ်၊

၂-စိတ်ရှိပမာဏ လက်ဆုပ်မှအထက်၊ စပါးတစိတ်မပြည့်မီ တလက်ဆုပ်လိုသည့်တိုင်အောင် ထုလ္လစ္စည်းဝတ္ထု။ အနှံကိုထစ်သော်ကား ။ပ။ တဆန်ကိုငါးစိတ်စိတ်၊ ၂-စိတ်ရှိပမာဏ စပါးနှံမှအထက်၊ စပါးတစိတ်မပြည့်မီ စပါးတနှံ လိုသည့်တိုင်အောင် ထုလ္လစ္စည်းဝတ္ထု။ ။စပါး၃-စလယ်၊ စပါး ၃-ဆုပ်၊ စပါလုံးရေ ၉၄-စပါးနှင့် တဆန်ကို ငါးစိတ်စိတ်၊ တစိတ်ရှိပမာဏ စပါးနှံမှအထက်၊ ရှေးဦးအစ စပါးတနှံကျအောင် ဒုက္ကဋ်ဝတ္ထု။ ။ထစ်၍ခိုးသော်ကား။ ရှေးဦးအစ စပါးတနှံလည်းဖြစ်စေ။ အောင်မြင်သောစပါးလုံးရေ (၈၀)က၊ အလေးချိန်တမတ်ရှိသည့်လည်းဖြစ်စေ၊ စပါးတရာ တပိဿာချေးလည်းဖြစ်စေ။ အလေးချိန် ငွေတမတ် မထိုက်၊ အလေးချိန် ငွေတမတ်ကို (၁၄၈၅) စိတ်စိတ်၍၊ တစိတ်ထိုက်သော အတိုးငွေမျှဖြင့် ပါရာဇိက မကျ။ ခိုးသောဝတ္ထု စပါးတနှံက၊ အလေးချိန် တမတ်ရှိကတည်းက ပါရာဇိကကျ၏ဟု မယူရ၊ ခိုးသောဝတ္ထု စပါးတနှံက၊ အလေးချိန် ပမာဏမဟုတ်၊ ခိုးသောဝတ္ထု စပါးတနှံ၏အတိုးကသာ အလေးချိန်ပမာဏ ပါရာဇိက မကျ။ ။စပါးတစိတ်မပြည့်မီ စပါးတနှံလိုသည့်တိုင်အောင် ထစ်၍ခိုးသော်လည်း၊ အလေးချိန် ငွေတမတ် မထိုက်၊ တစိတ်မပြည့်မီ တနှံလိုသည့်တိုင်အောင်၊ ခိုးသောဝတ္ထု စပါးက၊ အလေးချိန် ၁၄၈၄-မတ်ရှိကတည်းက ပါရာဇိကကျ၏ဟု မယူရ။ တစိတ်မပြည့်မီ တနှံလိုသည့်တိုင်အောင် ခိုးသောဝတ္ထု စပါးက၊ အလေးချိန်ပမာဏ မဟုတ်၊ တစိတ်မပြည့်မီ တနှံလိုသည့်တိုင်အောင်၊ ခိုးသောဝတ္ထု စပါး၏အတိုးကသာ၊ အလေးချိန် ပမာဏ ပါရာဇိက မကျ။

စပါးတစိတ်ပြည့်အောင် ထစ်၍ခိုးသော်ကား၊ စပါးတရာ တပိဿာချေး အလေးချိန် ငွေတမတ်ထိုက်၏။ ခိုးသောဝတ္ထု စပါးတစိတ်က၊ အလေးချိန် ၁၄၈၅-မတ်ရှိကတည်းက ပါရာဇိက ကျ၏ဟု မယူရ၊ ခိုးသောဝတ္ထု စပါးတစိတ်က-ပါဒါရဟ။ အလေးချိန်ပမာဏမဟုတ်၊ ခိုးသောဝတ္ထု စပါးတစိတ်၏အတိုး အလေးချိန်ငွေတမတ်က-ပါဒ၊ အတိုးကသာ အလေးချိန်ပမာဏ။ ဤသို့ ပါဒ, ပါဒါ ရဟ ၂-ပါးစုံညီမှ ပါရာဇိက ကျ၏။

No.50

ပါရာဇိကော ဟောတီတိ သေယျထာပိနာမ ပဏ္ဍုပလာသော ဗန္ဓနာ ပဝုတ္တော အဘဗ္ဗော ဟရိတတ္တာယ ဝေမေဝ ဘိက္ခု ပါဒံဝါ ပါဒါရဟံဝါ အတိရေကပါဒံဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယိတွာ အသမဏော ဟောတိ အသကျပုတ္တိယော၊ တေန ဝုစ္စတိ ပါရာဇိကော ဟောတီတိ။-ဟူသော ပဒဘာဇနီ ပါဠိတော်ကိုရှု၍၊ ပါဒ, ပါဒါရဟ ၂-ပါးစုံညီမျှပုံကို "ပါဒေန ကဟာပဏဿ စတုတ္ထဘာဂံ အကပ္ပိယဘဏ္ဍမေဝ ဒဿေတိ၊ ပါဒါရဟေန ပါဒဂ္ဃနကံ ကပ္ပိယဘဏ္ဍံ"ဟု ဝေနက် ၃-ချက်၊ ပါဒ,ပါဒါရဟ တွဲယှက်၍၊ အဋ္ဌကထာတွင် ထွက်ပြတော်မူသည်။ ။အတိရေကပါဒ, အတိရေကပါဒါရဟ ၂-ပါးစုံညီမျှပုံကိုလည်း၊ အတိရေက ပါဒေန ဥဘယံပိ ဟု ဝေနက် ၃-ချက်၊ ဥဘယံပိ-တွဲယှက်၍၊ အဋ္ဌကထာတွင် ထွက်ပြတော်မူသည်။

ပါရာဇိကော ဟောတိ-ပုဒ်၏ ပဒဘာဇနီက၊ ပါဒံဝါ, ပါဒါရဟံဝါ ၂-ပုဒ်အရ၊ အဋ္ဌကထာက ပါဒေန-ပုဒ်ဖြင့်၊ ခိုးသောဝတ္ထုဘဏ္ဍာ၏ အတိုင်းကို၊ တမတ်နက် ဟောသော ပုဒ်က-ပါဒ ဟုပြ၊ အဋ္ဌကထာက ပါဒါရဟေန-ပုဒ်ဖြင့်၊ ခိုးသောဝတ္ထုဘဏ္ဍာကို၊ တမတ်ထိုက်သောအနက်ပုဒ်က-ပါဒါရဟ ဟုပြ။ ဤသို့ ပါဒ,ပါဒါရဟ ၂-ပါးစုံညီမျှပုံကိုယူ။

ပါရာဇိကော ဟောတိ-ပုဒ်၏ ပဒဘာဇနီက၊အတိရေက ပါဒံဝါ-ပုဒ်အရ၊ အဋ္ဌကထာက အတိရေကပါဒေန-ပုဒ်ဖြင့်၊ ခိုးသောဝတ္ထုဘဏ္ဍာ၏အတိုင်းကို၊ တမတ်ထက်လွန်သော အနက်ဟောပုဒ်က-အတိရေကပါဒ ဟုပြ။ အဋ္ဌကထာက ဥဘယံပိ စမုစ္စယတ္ထ၊ အတိရေက ပါဒါရဟေန-ပုဒ်ဖြင့်၊ ခိုးသောဝတ္ထုဘဏ္ဍာကို၊ တမတ်ထက်အလွန်ထိုက်သော အနက်ဟောပုဒ်က-အတိရေက ပါဒါရဟ-ဟုပြ။ ဤသို့အတိရေကပါဒ, အတိရေက ပါဒါရဟ ၂-ပါးစုံညီမျှပုံကိုယူ၊ ဤသို့ ပါဒ, ပါဒါရဟ ၂-ပါးစုံအညီအမျှ ယူသောဝါဒကို၊ဝါစနာမဂ္ဂ၊ အဋ္ဌကထာ ဝါဒမှတ်။ အတိရေကပါဒ, အတိရေက ပါဒါရဟ ပုဒ်အစုံ ၂-ပါးစုံအညီအမျှ ယူသောဝါဒကို၊ ဝါစနာမဂ္ဂ၊ အဋ္ဌကထာဝါဒမှတ်။

## ပတ္တမြား ဆန်ကျိုး အဘိုးပြည်တန် အဆုံးအဖြတ်ကို ပြခြင်း

ပတ္တမြားဆန်ကျိုး အဘိုးပြေတန် ခိုးသော်၊ ပါရာဇိက ကျသလော, မကျသလော။ ။(မေး)

ပတ္တမြား ဆန်ကျိုး အဘိုးပြေတန် ခိုးသော်၊ အဘိုးပြေတန်က-အတိရေကပါဒ၊ ပတ္တမြား ဆန်ကျိုးက-အတိရေက ပါဒါရဟ၊ ပါရာဇိကကျ၏။ ။(ဖြေ)

ပတ္တမြား ဆန်ကျိုး အဘိုးပြေတန် ဆိုရာ၌၊ ပတ္တမြား ဆန်ကျိုးကား၊ ပတ္တမြား အလေးချိန်တည်း။ တကျပ် ၄–မတ်ကျ၊ တမတ် ၅-ပဲကျ၊ တမူး ၂–ပဲကျ၊ တပဲ ၄–ရွေးကျ၊ တရွေး ၄–ဆန်ကျ၊ တဆန် ၂-ချိုးကျ။ ဆန်တချိုးလေးနှင့်ချိန် ပတ္တမြားကို၊ ပတ္တမြား ဆန်ကျိုး ဆိုသည်မှတ်ရမည်။ ပတ္တမြား ဆန်ကျိုး၊အဘိုးပြေဘန်, မတန်ကိုသိလိုသော်၊ ပတ္တမြား ဆန်ကျိုးက-ရောင်းကုန်၊ ငွေက-ဝယ်ကုန်။

ပတ္တမြား ဆန်ကျိုးဝယ်လိုသော်၊ငွေလည်တည့်တည့်၊ ၁၅-တောင်, ဝါးဘပြန်,ဝါးဆယ်ပြန်, အပြန် ၂၀–ဆင့်၍ မြင့်အောင်တိုင်ထူ၊ ထူသောတိုင်များ ပတ္တမြား ဆန်ကျိုးတပ်၊ ငွေအရပ်လေးမျက်နှာ အစွန်အဖျားကျကျ၊ ၄-ဌာနက ကြည့်ရှုနေထိုင်၊ တိုင်ကိုဆွဲ၍ ဆွဲ၍ တလွဲလွဲ ရွှေနောက် မြောက်တောင် လွှဲပေး၊ လျှပ်ပန်းနွယ် ပြေးသကဲ့သို့၊ အရေးအကြောင်းထင်အောင်၊ ပတ္တမြား ဆန်ကျိုးရောင် ကြည့်ရှုသူ မြင်ရမှ၊ ပတ္တမြားက ဆန်ကျိုး၊ အဘိုးက ပြေတန်သောဟူ၏။ ။
ပြေတန်ကျောက်နှုန်း စမ်းနည်းထုံး။

အလေးချိန် ပတ္တမြား ဆန်ကျိုး၊ ခိန်ချိန် ၂-ဗိဇ္ဇာ၊ ၂–ခိတ်နှင့်တူ၏။ ၄-ခိတ် ၁-ဗိဇ္ဇာ၊ ၂၀–ဗိဇ္ဇာ ၁-ရတီ၊ ၄-ရတီ ၁–ပဲ၊ ၅-ပဲ တမတ်၊ ၄–မတ် တကျပ်၊ ၁-ကျပ် ရတီချိန်-၈၀။ ခိန်ချိန်လေးက-ရတီ၊ ငွေချိန်လေးက-ရွေးနှင့်တူ၏။

ပတ္တမြား ဆန်ကျိုး အဘိုးပြေတန်ခိုးသော်၊ ဟူသောစကားကို အတိရေက ပါဒ, အတိရေက ပါဒါရဟ၊ ပါရာဇိကကျ၏ဟု ဖြေဆို

ဘွယ်မသို၊ ပိုသော်လည်း "အနာဂတေ ပါပ ဘိက္ခူနံ လေသော ကာသ နိစ္ဆိန္နတ္ထံ" အဋ္ဌကထာ လာဘာန်ကိုထောက်၍၊ ခိုးသော ဝတ္ထု၏ အဘိုးကို တမတ်မပြု၊ ခိုးသောဝတ္ထုကိုသာ တမတ်ပြုသူ တို့၏ အယူကို ပိတ်ဆို့ခြင်း၌၊ ခိုးသောဝတ္ထုကို တမတ်မပြု၊ ခိုး သော ဝတ္ထု၏ အဘိုးကိုသာ တမတ်ပြုသူတို့၏ အယူကို ချိုးမြှောက် ခြင်းဆိုသည်။

ခိုးသော ဝတ္ထုကို တမတ်မပြု၊ ခိုးသော ဝတ္ထု၏ အဘိုးကိုသာ တမတ်ပြုသောစကားကို၊ "စတုရော ဇနာ သံဝိဓာယ၊ ဂရုဘဏ္ဍံ အဝါဟရုံ။ တယော ပါရာဇိကာ ဝုတ္တာ၊ ဧကော န ပါရာဇိကော၊ ပဉ္စမေသာ ကုသလေဟိ စိန္တိတာ။"-ဟူသော ပုဏ္ဏာဂါထာ၏ အဋ္ဌ ကထာ ပမာဏဖြင့်၊ ပယ်သလိုပင် ထင်မှတ်ရသည်။

## ဆရာတပည့်လေးယောက်တို့ ခိုးသော ဝတ္ထုကို ပြခြင်း

ဆရာတပည့်လေးယောက်၊ ပါရာဇိကလောက်သော ဝတ္ထုငွေ ၆-ပဲကို၊ တိုင်ပင်၍ ခိုးလိုကုန်၏။ ဆရာတပည့်လေးယောက်တို့တွင်၊ ဆရာက သင် ငွေ ၁-ပဲခိုး၊သင် ငွေ ၁-ပဲခိုး၊သင် ငွေ ၁-ပဲခိုး၊ငါ ၃-ပဲခိုးအံ့ဟုဆို၏။ တပည့်သုံးယောက်တို့တွင်၊ ပဌမ တပည့်က အ ရှင်ဘုရား, အရှင်ဘုရားတို့သည်၊ ငွေ ၃-ပဲ ခိုးတော်မူကုန်၊သင် ငွေ ၁-ပဲခိုး၊သင် ငွေ ၁-ပဲခိုး၊ ငါ ငွေ ၁-ပဲခိုးအံ့ဟုဆို၏။ ဒုတိယ,တတိယ တပည့် ၂-ယောက်တို့ကလည်း၊ ဤနည်းတူဆိုကြကုန်၏။ ဆရာ တ ပည့်လေးယောက်တို့တွင်၊ တပည့်သုံးယောက်တို့၌ တယောက်, တယောက်အား ငွေ ၁-ပဲ, ၁-ပဲစီ သာဟတ္ထိက ပယောဂဖြစ်၏။ သာဟတ္ထိက ပယောဂ ငွေ၁-ပဲ,၁-ပဲစီကြောင့်၊တပည့်သုံးယောက် တို့အား ဒုက္ကဋ် အာပတ်တို့သို့ ရောက်ကြကုန်၏။ဆရာအားကား ငွေ ၃-ပဲတို့သည်၊ သာဟတ္ထိက ပယောဂဖြစ်ကုန်၏၊ သာဟတ္ထိက ပ ယောဂကြောင့်၊ ဆရာအား ထုလ္လစ္စည်း အာပတ်သို့ရောက်၏။ ဆ ရာအား ငွေ ၃-ပဲတို့သည်၊ အာဏတ္တိက ပယောဂဖြစ်၏၊ အာ ဏတ္တိက ပယောဂ ငွေ ၃-ပဲတို့ကြောင့်၊ ဆရာအား ထုလ္လစ္စည်း အာ

ပတ်သို့ပင်ရောက်၏၊ တပည့်သုံးယောက်တို့၌ တယောက်, တယောက်အား၊ ငွေ ၅-ပဲ, ၅-ပဲစီတို့သည်၊ အာဏတ္တိက ပယောဂ ဖြစ်ကြကုန်၏။ အာဏတ္တိက ပယောဂ ငွေ ၅-ပဲ, ၅-ပဲစီတို့ကြောင့်၊ တပည့်သုံးယောက်တို့အား ပါရာဇိက အာပတ်သို့ ရောက်ကြကုန်၏။

ဤတပည့် ရဟန်းသုံးယောက်တို့၏ ပါရာဇိကသို့ရောက်သော၊ ခိုးစေခြင်း အာဏတ္တိက ပယောဂ၊ ငွေ ၅-ပဲ ပြသော အဋ္ဌကထာ စကားသည်၊ ခိုးသောဝတ္ထုကို တမတ်ပြုသည်ပင်တည်းဟု၊ ရှုမြင်ခွင့်ရောက်သော သဘောက "တယော ပါရာဇိကာ ရတ္တာ" အမေး ပုစ္ဆာဂါထာ ပါဒ၏ အဖြေ အဋ္ဌကထာ၊ ပမာဏဖြင့်ခိုးသောဝတ္ထုကို တမတ်မပြု၊ ခိုးသောဝတ္ထု၏ အတိုးကိုသာ တမတ်ပြုသော စကားကို၊ ပယ်သလိုပင် ထင်မှတ်ရသည်။

## သသာမိက, အသာမိက၊ ပါဒ, အပါဒ၊ သဝိညာဏက, အဝိညာဏက ဝတ္ထုစသည်တို့ တခုနှင့် တခု ဆက်ဆံပုံကို ပြခြင်း။

ခိုးသောဝတ္ထုသည် တမတ်ပြုသောဝတ္ထု, တမတ်မပြုသောဝတ္ထု ၂-ခုနှင့် ဆက်ဆံ၏။ ထိုတွင် တမတ်ပြုသောဝတ္ထုသည်၊ ငွေဝတ္ထု တခုနှင့်သာ ဆက်ဆံ၏။ ငွေဝတ္ထုသည်လည်း၊ သသာမိကဝတ္ထု, အသာမိကဝတ္ထု ၂-ခုနှင့် ဆက်ဆံ၏။ ထိုတွင် သသာမိက ဝတ္ထုသည်လည်း၊ ပါဒ ဝတ္ထု, ပါဒါရဟာဝတ္ထု ၂-ခုနှင့် ဆက်ဆံ၏။ ထိုတွင် သသာမိကဝတ္ထု ငွေတမတ်ကိုခိုးသော၊ ငွေတမတ်ကိုခိုးသော ဝတ္ထုဟု တမတ်ပြု၏။ ခိုးသောဝတ္ထုဟု တမတ်ပြုသော သသာမိက ဝတ္ထု၊ ထိုခိုးသောငွေတမတ်သည်၊ ခိုးသောသူက ဥစ္စာရှင်အား၊ အတိုးငွေတမတ်ပေးခြင်းငှါ ထိုက်သောကြောင့်၊ ပါဒါရဟာ ဝတ္ထု မည်၏။ ခိုးသောဝတ္ထုဟု တမတ်ပြုသော သသာမိကဝတ္ထု၊ ထိုခိုးသော ငွေတမတ်၏ အတိုးငွေ တမတ်သည်ကား၊ ဥစ္စာရှင်၌၏ ရှိသောကြောင့်၊ ပါဒဝတ္ထုမည်၏။ ။ပါဒ ဝတ္ထု, ပါဒါရဟာ ဝတ္ထု

ကိုဆိုကတည်းက၊ အတိရေက ပါဒဝတ္ထု, အတိရေက ပါဒါရဟ ဝတ္ထုကို မဆိုသော်လည်း၊ လက္ခဏာဟာရနည်းဖြင့် ဆိုပြီးမှတ်။

အသာမိက ဝတ္ထုသည်လည်း၊ အပါဒ ဝတ္ထု, အပါဒါရဟဝတ္ထု ၂-ခုနှင့်ဆက်ဆံ၏။ ထိုတွင် အသာမိကဝတ္ထုငွေတမတ်ကို ခိုးသော်၊ ငွေတမတ်ကို ခိုးသောဝတ္ထုဟု တမတ်ပြု၏။ ခိုးသောဝတ္ထုဟု တမတ်ပြုသော အသာမိကဝတ္ထု၊ ထိုခိုးသော ငွေတမတ်သည်၊ ခိုးသောသူက မရှိသော ဥစ္စာရှင်အား၊ အဘိုးငွေ တမတ်ပေးခြင်းငှါ မထိုက်သောကြောင့်၊ အပါဒါရဟ ဝတ္ထုမည်၏။ ခိုးသောဝတ္ထုဟု တမတ်ပြုသော အသာမိကဝတ္ထု၊ ထိုခိုးသောငွေတမတ်၏ အဘိုးငွေတမတ်သည်ကား၊ ဥစ္စာရှင်မရှိ မရှိသောကြောင့်၊ အပါဒဝတ္ထုမည်၏။ ။အပါဒဝတ္ထု, အပါဒါရဟ ဝတ္ထုကို ဆိုကတည်းက၊ အနတိရေက ပါဒဝတ္ထု, အနတိရေက ပါဒါရဟဝတ္ထုကို မဆိုသော်လည်း၊ လက္ခဏာဟာရနည်းဖြင့် ဆိုပြီးမှတ်။

တမတ်တန် မပြုသော ဝတ္ထုသည်ကား၊ ကပ္ပိယဝတ္ထု, အကပ္ပိယဝတ္ထု ၂-ခုနှင့်ဆက်ဆံ၏။ ထိုတွင် ကပ္ပိယဝတ္ထုသည်လည်း၊ သင်္ကန်းဝတ္ထု, ဆွမ်းဝတ္ထု, ကျောင်းဝတ္ထု, ဆေးဝတ္ထု ၄-ခုနှင့် ဆက်ဆံ၏။ ထိုတွင် သင်္ကန်းဝတ္ထုသည်လည်း၊ သသာမိက ဝတ္ထု, အသာမိက ဝတ္ထု ၂-ခုနှင့် ဆက်ဆံ၏။ ထိုတွင် သသာမိက ဝတ္ထုသည်လည်း၊ ပါဒဝတ္ထု, ပါဒါရဟ ဝတ္ထု ၂-ခုနှင့် ဆက်ဆံ၏။ ထိုတွင် သသာမိကဝတ္ထု သင်္ကန်းကို ခိုးသော်၊ သင်္ကန်းကို ခိုးသောဝတ္ထုဟု တမတ်မပြု၊ ခိုးသောဝတ္ထုဟု တမတ်မပြုသော သသာမိကဝတ္ထု၊ ထိုခိုးသောသင်္ကန်းသည်၊ ခိုးသောသူက ဥစ္စာရှင်အား၊ အဘိုးငွေတမတ်ပေးခြင်းငှါထိုက်သောကြောင့်၊ ပါဒါရဟဝတ္ထုမည်၏။ ခိုးသောဝတ္ထုဟု တမတ်မပြုသော သသာမိကဝတ္ထု၊ ထိုခိုးသောသင်္ကန်း၏ အဘိုးငွေတမတ်သည်ကား၊ ဥစ္စာရှင်ရှိ၏ ရှိသောကြောင့်၊ ပါဒဝတ္ထုမည်၏။

အသာမိကဝတ္ထုသည်လည်း၊ အပါဒဝတ္ထု, အပါဒါရဟဝတ္ထု ၂-ခုနှင့်ဆက်ဆံ၏။ အသာမိကဝတ္ထုသင်္ကန်းကိုခိုးသော်၊ သင်္ကန်းကို

ခိုးသောဝဏ္ဏဟု တမတ်မပြု၊ ခိုးသောဝဏ္ဏဟု တမတ်မပြုသော အသာမိကဝဏ္ဏ၊ ထိုခိုးသောသင်္ကန်းသည်၊ ခိုးသောသူက မရှိသော ဥစ္စာရှင်အား၊ အတိုးငွေတမတ်ပေးခြင်းငှာ မထိုက်သောကြောင့်၊ အပါဒါရဟဝဏ္ဏမည်၏။ ခိုးသောဝဏ္ဏဟုတမတ်မပြုသော အသာမိကဝဏ္ဏ၊ ထိုခိုးသောသင်္ကန်း၏ အတိုးငွေ တမတ်သည်ကား၊ ဥစ္စာရှင်မရှိ မရှိသောကြောင့်၊ အပါဒဝဏ္ဏမည်၏။ ။ကပ္ပိယာနုလောမနှင့်တကွ ကပ္ပိယဝဏ္ဏ အကုန်ဆို။

အကပ္ပိယဝဏ္ဏသည်လည်း၊ သဝိညာဏကဝဏ္ဏ၊ အဝိညာဏကဝဏ္ဏ ၂ခုနှင့်ဆက်ဆံ၏။ ထိုတွင် သဝိညာဏကဝဏ္ဏသည်လည်း၊ သသာမိကဝဏ္ဏ၊ အသာမိကဝဏ္ဏ ၂-ခုနှင့်ဆက်ဆံ၏။ ထိုတွင် သသာမိကဝဏ္ဏသည်လည်း၊ ပါဒဝဏ္ဏ၊ ပါဒါရဟဝဏ္ဏ ၂-ခုနှင့်ဆက်ဆံ၏။ ထိုတွင် သသာမိကဝဏ္ဏ ဒေါင်းကိုခိုးသော်၊ ဒေါင်းကိုခိုးသောဝဏ္ဏဟု တမတ်မပြု၊ ခိုးသောဝဏ္ဏဟု တမတ်မပြုသော၊ သသာမိကဝဏ္ဏ ထိုခိုးသောဒေါင်းသည်လည်း၊ ခိုးသောသူက ဥစ္စာရှင်အား၊ အတိုးငွေတမတ်ပေးခြင်းငှာ ထိုက်သောကြောင့်၊ ပါဒါရဟဝဏ္ဏမည်၏။ ခိုးသောဝဏ္ဏဟု တမတ်မပြုသော၊ သသာမိကဝဏ္ဏ ထိုခိုးသောဒေါင်း၏ အတိုးငွေတမတ်သည်ကား၊ ဥစ္စာရှင်ရှိ၏ ရှိသောကြောင့်၊ ပါဒဝဏ္ဏမည်၏။ ။သဝိညာဏကဝဏ္ဏ ကုန်အောင်ဆိုလေ။

အဝိညာဏကဝဏ္ဏသည်လည်း၊ သသာမိကဝဏ္ဏ၊ အသာမိကဝဏ္ဏ ၂-ခုနှင့်ဆက်ဆံ၏။ ထိုတွင် သသာမိကဝဏ္ဏသည်လည်း ပါဒဝဏ္ဏ၊ ပါဒါရဟဝဏ္ဏ ၂-ခုနှင့်ဆက်ဆံ၏။ ထိုတွင် သသာမိကဝဏ္ဏ ရွှေတရွေး ခိုးသော်၊ ရွှေတရွေးကို ခိုးသောဝဏ္ဏဟု တမတ်မပြု၊ ခိုးသောဝဏ္ဏ ဟု တမတ်မပြုသော၊ သသာမိကဝဏ္ဏ ထိုခိုးသောရွှေတရွေးသည်၊ ခိုးသောသူက ဥစ္စာရှင်အား၊ အတိုးငွေတမတ် ပေးခြင်းငှါ ထိုက်သောကြောင့်၊ ပါဒါရဟဝဏ္ဏမည်၏။ ခိုးသောဝဏ္ဏဟု တမတ်မပြုသော သသာမိကဝဏ္ဏ၊ ထိုခိုးသော ရွှေတရွေး၏ အတိုးငွေတမတ်သည်ကား၊ ဥစ္စာရှင်ရှိ၏ ရှိသောကြောင့်၊ ပါဒဝဏ္ဏမည်၏။ ။ရွှေတရွေး အတိုးငွေတမတ် ၂၀-ဈေးမှတ်။

အသာမိကဝတ္ထုသည်လည်း၊ အပါဒဝတ္ထု၊ အပါဒါရဟာဝတ္ထု ၂-ချက်နှင့်ဆက်ဆံ၏။ ထိုတွင် အသာမိကဝတ္ထု ရွှေတရွေးကိုခိုးသော်၊ ရွှေတရွေးကိုခိုးသောဝတ္ထုဟု တမတ်မပြု၊ ခိုးသောဝတ္ထုဟု တမတ်မပြုသော၊ အသာမိကဝတ္ထု ထိုခိုးသောရွှေတရွေးသည်၊ ခိုးသောသူက မရှိသောဥစ္စာရှင်အား၊ အတိုးငွေတမတ် ပေးခြင်းငှာ မထိုက်သောကြောင့်၊ အပါဒါရဟာဝတ္ထုမည်၏။ ခိုးသောဝတ္ထုဟု တမတ်မပြုသော အသာမိကဝတ္ထု၊ထိုခိုးသော ရွှေတရွေး၏အတိုးငွေတမတ်သည်ကား၊ ဥစ္စာရှင်မရှိ မရှိသောကြောင့်၊ အပါဒဝတ္ထုမည်၏။ ။ အဝိညာဏကဝတ္ထု ကုန်အောင်ဆိုလေ။

သသာမိကဝတ္ထု-အရှင်ရှိသော ဘဏ္ဍာ၊ အသာမိကဝတ္ထု အရှင်မရှိသောဘဏ္ဍာ။ ။အတ္ထိသာမိယဿာတိ သသာမိကံ၊ သသာမိကမေဝ သသာမိကဝတ္ထု၊နတ္ထိ သာမိယဿာတိ အသာမိကံ၊ အသာမိကမေဝ အသာမိကဝတ္ထု။ဝတ္ထူတိဘဏ္ဍံ။

ပဟုတံမေ ဓနံ သက္က-ဟူသော သံသမ္ဗန်ပြယုဂ်ကိုမထောက်။ ဂေါဏာနံ ဆန္နွော ဂေါမိန္နော-ဟူသော သာမိသမ္ဗန်ပြယုဂ်။ ယဿာဝါ ပရိဂ္ဂဟော တံ သာမိ-ဟူသော သုတ်တို့ကိုထောက်၍၊ သာမိနှင့် ယဿ၊ သာမိသမ္ဗန်ကျအောင် အနက်ပေး။

ဘိက္ခု သသာမိကံ အာကာသဋ္ဌံ မောရံ ဂဟေဿာမိတိ။ ။လိုက်ဝါကျ။

ပဥ္စမာသကံ သဟာပဥ္စမေန ဥဒ္ဓရတိ ပါရာဇိကံ၊ ယဒိ ပန ပါဒံ န အဂ္ဃတိ၊ သဗ္ဗတ္ထ အဂ္ဃဝသေန ကာတဗ္ဗံ။ ။လက္ခဏာပြဝါကျ။

ဟိရညံ ဝါ သုဝဏ္ဏံ ဝါ ဆိန္နမာနန္တိ မနုဿာနံ အလင်္ကရောန္တာနံ ဂီဝေယျကာဒိပိဠန္ဓနံ ဝါ၊ သုဝဏ္ဏသလာကံ ဆိန္ဒန္တာနံ သုဝဏ္ဏကာရာနံ သုဝဏ္ဏခဏ္ဍံ ဝါ ဆိန္နမာနံ ပတတိ၊ တဉ္စေ ဘိက္ခု အာကာသေန အာဂစ္ဆန္တံ ထေယျစိတ္တော ဟတ္ထေန ဂဏှာတိ၊ ဂဟဏမေဝဋ္ဌာနံ ဂဟိတဗ္ဗဒေသတော ဟတ္ထံ အပနေတိ ပါရာဇိကံ။ ။ဝိကပ်ဝါကျ ပေါင်းပြ။ ။အာကာသဋ္ဌ အဋ္ဌကထာ။

ပါရာဇိကံ၊ ယဒိပန ပါဒံ န အဂ္ဃတိ၊ သဗ္ဗတ္ထ အဂ္ဃဝသေန ကာတဗ္ဗံ၊-ဟူသောဝါကျ၊ လက္ခဏာပြသော အဓိပ္ပါယ်သည်ကား၊ ပါရာဇိကံ-ပုဒ်နောက်၊ ယဒိပန ပါဒံ န အဂ္ဃတိ၊ ပရိကပ္ပဝါကျရှိသော်၊ ပါရာဇိကံ-ပုဒ်ရှေ့၊ ယဒိ ပါဒံ အဂ္ဃတိ-ပရိကပ္ပဝါကျထည့်မြဲ။ ထိုသို့ မဟုတ် ပါရာဇိကံ-ပုဒ်ရှေ့၊ ယဒိ ပါဒံ အဂ္ဃတိ-ပရိကပ္ပ ဝါကျရှိသော်၊ ပါရာဇိကံ-ပုဒ်နောက်၊ ယဒိ ပန ပါဒံ န အဂ္ဃတိ-ပရိကပ္ပ ဝါကျထည့်မြဲ။ ဤသို့ ပရိကပ္ပဝါကျ ရှိသော လက္ခဏာပြ၊ ထည့်သော လက္ခဏာပြ ၂-ဌာနကိုမှတ်၍၊ အဒိန္နာဒါန် ပါရာဇိကံ-ပုဒ်အဆုံးရှိသော အလုံးစုံသောဝါကျ၌၊ ယဒိ ပါဒံ အဂ္ဃတိ ပါရာဇိကံ၊ ယဒိ ပန ပါဒံ န အဂ္ဃတိ၊ သဗ္ဗတ္ထ အဂ္ဃဝသေန ကာတဗ္ဗံ။-ဟု ဝါကျကို အပြည့်အစုံ ပြုပြီးမှ၊ အဘိုး၏ အလိုအားဖြင့်၊ ပါရာဇိကလောက်သော ဝတ္ထု၊ မလောက်သော ဝတ္ထု၊ အပိုင်းအခြားပြုကြရမည် ဟူလိုသည်။ ထို့ကြောင့် "ပရိစ္ဆေဒေါ စေတ္ထ ပါရာဇိကနိယမတ္ထံ ဝုတ္တော" ဟု ဘူမဋ္ဌ ကထာတွင်၊ တင်ကြို၍ မှာလင့်တော်မူသည်။

## လိုက်ဝါကျ လက္ခဏာပြဝါကျ အပြည့်အစုံ ပြုပုံ

**ဘိက္ခု သသာမိကံ အာကာသဋ္ဌံ မောရံ ဂဟေဿာမီတိ၊ ပဉ္ဇရဋ္ဌိတံ သဟပဉ္ဇရေန ဥဒ္ဓရတိ၊ ယဒိ ပါဒံ အဂ္ဃတိ ပါရာဇိကံ၊ ယဒိ ပန ပါဒံ န အဂ္ဃတိ၊ သဗ္ဗတ္ထ အဂ္ဃဝသေန ကာတဗ္ဗံ။**

ဘိက္ခု၊ ရဟန်းသည်။ သသာမိကံ၊ အရှင်ရှိသော။ အာကာသဋ္ဌံ၊ ကောင်းကင်၌တည်သော။ မောရံ၊ ဒေါင်းကို။ ဂဟေဿာမီတိ၊ ခိုးယူအံ့ဟူ၍။ ပဉ္ဇရေ၊ ချိုင့်၌။ ဌိတံ၊ တည်သော။ မောရံ၊ ဒေါင်းကို။ သဟ ပဉ္ဇရေန၊ ချိုင့်နှင့်တကွ။ ဥဒ္ဓရတိ၊ ကြွ၏။ သဟပဉ္ဇရေန၊ ချိုင့်နှင့်တကွ။ မောရော၊ ဒေါင်းသည်။ ပါဒံ၊ တမတ်ကို။ ယဒိ အဂ္ဃတိ၊ အကယ်၍ထိုက်သည်ဖြစ်အံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပါရာဇိကံ၊ ပါရာဇိကအာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။

ပါဒံ၊ တမတ်ကို။ ယဒိ ပန န အဂ္ဃတိ၊ အကယ်၍သော်ကား မထိုက်သည်ဖြစ်အံ့။ တဿ ဘိက္ခုနော၊ အား။ ပါရာဇိကံ၊ သည်။ န အာပဇ္ဇတိ၊ မရောက်။ သဗ္ဗတ္ထ၊ အလုံးစုံသော ဝါကျ၌။ အဂ္ဃဝသေန၊ ခိုးသော ဘဏ္ဍာ၏ အဘိုးအလိုအားဖြင့်။ ဝတ္ထု၊ ပါရာဇိကလောက်,မလောက် ဝတ္ထုကို။ကာတဗ္ဗံ၊ ပြုအပ်၏။ ။ဤကားအနက်။

ချိုင့်နှင့်တကွ ဒေါင်းကိုခိုးယူသောစကားဖြင့်၊ သဝိညာဏက ဝတ္ထုကို ခိုးသော ဝတ္ထုဟု၊ တမတ်မပြုမှတ်။ ။

ဟိရညံ ဝါ သုဝဏ္ဏံ ဝါ ဆိဇ္ဇမာနန္တိ—ဟူသော တည်ပါဠ်ဖြင့်၊ ဟိရညံ ဝါ ဆိဇ္ဇမာနံ-တဝါကျ၊ သုဝဏ္ဏံ ဝါ ဆိဇ္ဇမာနံ-တဝါကျ၊ ပါဠိတော်၌ ပြသောကြောင့်၊ ဟိရညံဝါ ဆိဇ္ဇမာနံ-ဝါကျကိုရည်၍၊ ဂိဝေယျကာဒိ ပိဠန္ဓနံဝါ ဆိဇ္ဇမာနံ ပတတိ-တဝါကျ၊ သုဝဏ္ဏံ ဝါ ဆိဇ္ဇမာနံ-ဝါကျကိုရည်၍၊ သုဝဏ္ဏခဏ္ဍံ ဝါ ဆိဇ္ဇမာနံ ပတတိ-တဝါကျ၊ အဋ္ဌကထာ၌ ဘွင့်ပြတော်မူသည်။

## ဂီဝေယျကာဒိ ပိဠန္ဓနံ ဝါ ဆိဇ္ဇမာနံ ပတတိ-ဝါကျ အပြည့်အစုံ ပြပုံ

**ဟိရညံ ဝါ ဆိဇ္ဇမာနန္တိ၊ မနုဿာနံ အလက်ရောန္တာနံ ဂီဝေယျကာဒိ ပိဠန္ဓနံ ဆိဇ္ဇမာနံ ပတတိ၊ တဉ္စေ ဘိက္ခု အာကာသေန အာဂစ္ဆန္တံ ထေယျစိတ္တော ဟတ္ထေန ဂဏှာတိ၊ ဂဟဏမေဝ ဌာနံ၊ ဂဟိတပ္ပဒေသတော ဟတ္ထံ အပနေတိ၊ ယဒိ ပါဒံ အဂ္ဃတိ၊ ပါရာဇိကံ၊ ယဒိ ပန ပါဒံ န အဂ္ဃတိ၊ သဗ္ဗတ္ထ အဂ္ဃဝသေန ကာတဗ္ဗံ။**

ဟိရညံဝါ ဆိဇ္ဇမာနန္တိ၊ ဟိရညံဝါ ဆိဇ္ဇမာနံ-ဟူသည်ကား။ အလက်ရောန္တာနံ၊ တန်ဆာဆင်ကုန်သော။ မနုဿာနံ၊ လူတို့၏။ ဂီဝေယျကာဒိ ပိဠန္ဓနံ၊ လည်ဆွဲစသော အဆင်တန်ဆာသည်။ ဆိဇ္ဇမာနံ၊ ပြတ်၍။ ပတတိ၊ ကျ၏။ အာကာသေန၊ ကောင်းကင်ဖြင့်။ အာဂစ္ဆန္တံ၊ ကျလာသော။ တံ ပိဠန္ဓနံ၊ ထိုအဆင်တန်ဆာကို။ ဘိက္ခု၊ ရဟန်းသည်။

ထေယျစိတ္တော၊ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍။ ဟတ္ထေန၊ လက်ဖြင့်။ ဂဏှာတိ၊ ဘမ်းကိုင်အံ့။ ဂဟဏမေဝ၊ ဘမ်းကိုင်ခြင်းသည်ပင်။ ဌာနံ၊ ဌာနတည်း။ ဂဟိတပ္ပဒေသတော၊ ဘမ်းကိုင်ရာ အရပ်မှ။ ဟတ္ထံ၊ လက်ကို။ စေ အပနေတိ၊ အကယ်၍ဖဲသည်ဖြစ်အံ့။ တံ ပိဋ္ဌနံ၊ ထိုအဆင်တန်ဆာသည်။ ပါဒံ၊ တမတ်ကို။ ယဒိ အဂ္ဃတိ၊ အကယ်၍ထိုက်သည်ဖြစ်အံ့။ တဿ ဘိက္ခုနော၊ အား။ ပါရာဇိကံ၊ သည်။ အာပဇ္ဇတိ၊ ၏။ ပါဒံ၊ တမတ်ကို။ ယဒိ ပန နအဂ္ဃတိ၊ အကယ်၍သော်ကား မထိုက်သည်ဖြစ်အံ့။ တဿ ဘိက္ခုနော၊ အား။ ပါရာဇိကံ၊ သည်။ နအာပဇ္ဇတိ၊ မရောက်။ သဗ္ဗတ္ထ၊ အလုံးစုံသော ဝါကျ၌။ အဂ္ဃဝသေန၊ ခိုးသောဘဏ္ဍာ၏အတိုးအလိုအားဖြင့်။ ဝတ္ထု၊ ပါရာဇိကလောက်, မလောက်ဝတ္ထုကို။ ကာတဗ္ဗံ ပြုအပ်၏။ ။အနက်။

ဤဝါကျစကားရပ်၌၊ ပိဋ္ဌနံ-ဟူသောစကားဖြင့်၊ ပကတိငွေမဟုတ်၊ လက်ခ ခကြေးပေး၍ အဆင်တန်ဆာ အထူးပြုလုပ်သောငွေတည်း။လက်ခကို အတိုး၌ရေတွက်လေ၊ လက်ခ တပဲထိုက်သော အခုန်းမှုတ်ခွက်ဝတ္ထုကိုထောက်။

## သုဝဏ္ဏ ခဏ္ဍံဝါ ဆိင်္ဃမာနံ ပတတိ-ဝါကျကို အပြည့်အစုံ ပြုပုံ

သုဝဏ္ဏံဝါ ဆိင်္ဃမာနန္တိ၊ သုဝဏ္ဏသလာကံ ဆိန္ဒန္တာနံ သုဝဏ္ဏကာရာနံ သုဝဏ္ဏ ခဏ္ဍံ ဆိင်္ဃမာနံ ပတတိ၊ တဒ္ဒေ ဘိက္ခု အာကာသေန အာဂစ္ဆန္တံ ထေယျစိတ္တော ဟတ္ထေန ဂဏှာတိ၊ ဂဟဏမေဝ ဌာနံ၊ ဂဟိတပ္ပဒေသတော ဟတ္ထံ အပနေတိ၊ ယဒိ ပါဒံ အဂ္ဃတိ၊ ပါရာဇိကံ၊ ယဒိပန ပါဒံ နအဂ္ဃတိ၊ သဗ္ဗတ္ထ အဂ္ဃဝသေန ကာတဗ္ဗံ။

သုဝဏ္ဏံဝါ ဆိင်္ဃမာနန္တိ၊ သုဝဏ္ဏံဝါ ဆိင်္ဃမာနံ-ဟူသည်ကား၊ သုဝဏ္ဏသလာကံ၊ ရွှေချောင်းကို။ ဆိန္ဒန္တာနံ၊ ဖြတ်ကုန်သော။ သုဝဏ္ဏကာရာနံ၊ ပန်းတိမ်သည်တို့၏။ သုဝဏ္ဏခဏ္ဍံ၊ ရွှေပိုင်းသည်။ ဆိင်္ဃ

မာနံ၊ ပြုတ်၍၊ ပဘာတိ၊ ကျအံ့၊ အာကာသေန၊ ကောင်းကင်ဖြင့်၊ အာဂန္တွာ၊ ကျလာသော၊ တံ သုဝဏ္ဏ ခဏ္ဍံ၊ ထိုရွှေပိုင်းကို၊ (နိဿယနက်) တံ သုဝဏ္ဏခဏ္ဍံ၊ အချောင်းလိုက်ခပ်၍ထားသော ရွှေပြားမှ ထိုရွှေဖြတ်ပိုင်းစကို၊ ဘိက္ခု၊ ရဟန်းသည်၊ ထေယျစိတ္တော၊ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍၊ ဟတ္ထေန၊ ဖြင့်၊ ဂဏှာတိ၊ ဘမ်းကိုင်၏။ ဂဟဏမေဝ၊ ဘမ်းကိုင်ခြင်းသည်သာလျှင်၊ ဌာနံ၊ ဌာနတည်း၊ ဂဟိတပ္ပဒေသတော၊ ဘမ်းကိုင်ရာအရပ်မှ၊ ဟတ္ထံ၊ ကို၊ စေ အပနေတိ၊ အကယ်၍ ဖဲသည်ဖြစ်အံ့၊ တံ သုဝဏ္ဏခဏ္ဍံ၊ ထိုရွှေဖြတ်ပိုင်းစသည်၊ ပါဒံ၊ တမတ်ကို၊ ယဒိ အဂ္ဃတိ၊ အကယ်၍ထိုက်သည်ဖြစ်အံ့၊ တဿ ဘိက္ခုနော၊ အား၊ ပါရာဇိကံ၊ သည်၊ အာပဇ္ဇတိ၊ ၏၊ ပါဒံ၊ တမတ်ကို၊ ယဒိပန နအဂ္ဃတိ၊ အကယ်၍သော်ကား မထိုက်သည်ဖြစ်အံ့၊ တဿ ဘိက္ခုနော၊ အား၊ ပါရာဇိကံ၊ သည်၊ န အာပဇ္ဇတိ၊ မရောက်၊ သဗ္ဗတ္ထ၊ အဒိန္နဒါန် ပါရာဇိကံပုဒ်အဆုံးရှိသော၊ အလုံးစုံသောဝါကျ၌၊ အဂ္ဃဝသေန၊ ခိုးသောဘဏ္ဍာ၏ အဘိုးအလိုအားဖြင့်၊ ဝတ္ထု၊ ပါရာဇိကလောက်၊ မလောက်ဝတ္ထုကို၊ ကာတဗ္ဗံ၊ ၏၊ ။

ပုဒ်အနက်၊ ဝါကျယောဇနာ၊ နိဿယမှာသည့်အလိုမှာ၊ ချိုးပို့ရိုး၊ ပုဒ်ရှိတိုင်းဝါကျချိုးနှင့် ဝါကျတိုင်း အပြည့် အစုံမဟုတ်ချေ။ ဆုံးဖြတ်လိုသောပုဒ်ကို၊ ဝိနည်းဓိုရ်က ဝတ္ထုပြ လက္ခဏာဝါကျနှင့် ယှဉ်၍၊ ဝါကျကို အပြည့်အစုံပြုပြီးမှ ရအပ်သောအနက်အဓိပ္ပါယ်ကို ရှု၍၊ အဆုံးအဖြတ်ကို ပြုရမည်ဟုလိုသည်။

ထို့ကြောင့်၊ နိဿယမှာတော်မူတိုင်း၊ အာကာသဋ္ဌကထာ၊ အဋ္ဌကထာလက္ခဏာပြတော်မူတိုင်း၊ သုဝဏ္ဏခဏ္ဍံ-ပုဒ်ကို၊ ယဒိ ပါဒံ အဂ္ဃတိ၊ ဝတ္ထုပြ လက္ခဏာဝါကျနှင့်ယှဉ်၍၊ ဝါကျကို အပြည့်အစုံ ပြုပြီးမှ၊ မြန်မာသမ္ဗန် အဓိပ္ပါယ်မှန်အောင် အနက်ပြန်သည်။

## အာပတ္တိဝါရ တိကစ္ဆေဒ အာပတ်အင်္ဂါ ၅-ပါးကို ပြခြင်း

ပါရာဇိကာပတ္တိဝါရ ၁-ပါး၊ ထုလ္လစ္စယာပတ္တိဝါရ ၁-ပါး၊ ဒုက္ကဋာပတ္တိဝါရ ၁-ပါး၊ ပဉ္စဟိ အာကာရေဟိ အဒိန္နံ အာဒိယန္တဿ

အာပတ္တိ ပါရာဇိကဿ ။ပ။ အာပတ္တိ ထုလ္လစ္စယဿ ။ပ။ အာပတ္တိ ဒုက္ကဋဿ–ဟူသော အာပတ္တိဝါရ ၃-ပါးတို့ဖြင့် မှတ်အပ်သော၊ ဤဝါကျ စကားရပ်၌၊ သဗ္ဗတ္ထ အနုပဝေသေန ကာတဗ္ဗံ-ဟူသော ပါဠိဖြင့်၊ ဝဏ္ဏကို ၃-ကြိမ်ပြ၏။ ရံခါ ပါရာဇိကလောက်သောဝဏ္ဏကို ၁-ကြိမ်ပြ၏။ ရံခါ ထုလ္လစ္စည်းလောက်သောဝဏ္ဏကို ၁-ကြိမ်ပြ၏။ ရံခါ ဒုက္ကဋ်လောက်သောဝဏ္ဏကို ၁-ကြိမ်ပြ၏။

သဘောကိုဆိုသော်ကား၊ တခါတကြိမ်ခိုးသော ဖြတ်ပိုင်းရွှေသည်၊ တခါတည်း တကြိမ်တည်း ဝဏ္ဏတခုသာဖြစ်၏။ ရံခါ ပါရာဇိကလောက်သောဝဏ္ဏ တကြိမ်သာဖြစ်၏။ ရံခါ ထုလ္လစ္စည်းလောက်သောဝဏ္ဏ တကြိမ်သာဖြစ်၏။ ရံခါ ဒုက္ကဋ်လောက်သော ဝဏ္ဏ တကြိမ်သာဖြစ်၏။ ။ပါဠိသေသ န ပါရာဇိကံ–ဟူသောပါဠိဖြင့်၊ အာပတ်ကို ၂-ကြိမ်ပြ၏။ ရံခါ ထုလ္လစ္စည်းအာပတ်သို့ရောက်သည်ကို တကြိမ်ပြ၏။ ရံခါ ဒုက္ကဋ် အာပတ်သို့ ရောက်သည်ကို တကြိမ်ပြ၏။ ။ ယဒိပန ပါဒံ န အဂ္ဃတိ–ဟူသောဝါကျ၌၊ ယဒိပန-ဟူသောပါဠိဖြင့်၊ ပရိကပ္ပကို ၂-ကြိမ်ပြ၏။ ကာလ ပရိကပ္ပကို ၂-ကြိမ်၊ ဝါရ ပရိကပ္ပကို ၂-ကြိမ်၊ ဝဏ္ဏပရိကပ္ပကို ၂-ကြိမ်ပြ၏။ ။ပါဒံ န အဂ္ဃတိ-ဟူသောပါဠိဖြင့်၊ ဝဏ္ဏကို ၂-ကြိမ်ပြ၏။ ရံခါ ထုလ္လစ္စည်း လောက်သောဝဏ္ဏကို တကြိမ်ပြ၏။ ရံခါ ဒုက္ကဋ်လောက်သောဝဏ္ဏကို တကြိမ်ပြ၏။ ။ပါရာဇိကံ-ဟူသောပါဠိဖြင့်၊ ရံခါ ပါရာဇိကအာပတ်သို့ရောက်သည်ကို တကြိမ်ပြ၏။ ။ယဒိ ပါဒံ အဂ္ဃတိ-ဟူသော ဝါကျ၌၊ ယဒိ-ဟူသော ပါဠိဖြင့်၊ ကာလပရိကပ္ပ တကြိမ်၊ ဝါရပရိကပ္ပ တကြိမ်၊ ဝဏ္ဏပရိကပ္ပကို တကြိမ်ပြ၏။ ပါဒံ အဂ္ဃတိ-ဟူသော ပါဠိဖြင့်၊ ရံခါ ပါရာဇိကလောက်သောဝဏ္ဏကို တကြိမ်ပြ၏။

ထို့ကြောင့်၊ သုဝဏ္ဏသလာကံ-အစ၊ အပနေတိ-အဆုံးရှိသော ပါဠိဖြင့်၊ အာပတ္တိဝါရ တိကစ္ဆေဒ အင်္ဂါ ပါးကို ၃-ကြိမ်ပြ၏။ ထိုပါဠိအပေါင်းတို့တွင်၊ သုဝဏ္ဏသလာကံ ဆိန္ဒိတွာန သုဝဏ္ဏကာရာနံ-ဟူသောပါဠိဖြင့်၊ ပရပရိဂ္ဂဟိတဘာဝ ဟောတိ-ဟူသောအင်္ဂါကို ၃-ကြိမ်ပြ၏။ ရံခါ ပါရာဇိကအာပတ်အင်္ဂါကိုလည်း တကြိမ်ပြ၏။

ရံခါ ထုလ္လစ္စဉ်းအာပတ်အင်္ဂါကိုလည်း တကြိမ်ပြ၏၊ ရံခါ ဒုက္ကဋ်အာပတ်အင်္ဂါကိုလည်း တကြိမ်ပြ၏။ ၊သုဝဏ္ဏခဏ္ဍံ ဆိန္ဒမာနံ ပတတိ-ဟူသောပါဠိဖြင့်၊ ပရ ပရိဂ္ဂဟိတ သညိစ-ဟူသော အင်္ဂါကို ၃-ကြိမ်ပြ၏၊ ရံခါ ပါရာဇိက အာပတ်အင်္ဂါကို တကြိမ်ပြ၏၊ ရံခါ ထုလ္လစ္စဉ်းအာပတ်အင်္ဂါကို တကြိမ်ပြ၏၊ ရံခါ ဒုက္ကဋ် အာပတ်အင်္ဂါကို တကြိမ်ပြ၏၊ ၊ပန်းတိမ်သည်တို့၏ ဖြတ်ပိုင်းစရွေ ပြတ်ကျ၏ဟု၊ အမှတ်ရှိသော ရဟန်း၏ သညာကိုယူ၊

တစ္ဆေ ဘိက္ခု အာကာသေန အာဂစ္ဆန္တံ-ဟူသောပါဠိဖြင့်၊ ဂရုကော စ ဟောတိ ပရိက္ခာရော ပဉ္စမာသကော-ဟူသော ပါရာဇိက အာပတ်အင်္ဂါကို၊ ရံခါ တကြိမ်ပြ၏၊ ထဟုကော စ ဟောတိ ပရိက္ခာရော အတိရေက မာသကော ဝါ ဦန ပဉ္စ မာသကော ဝါ-ဟူသော ထုလ္လစ္စဉ်းအာပတ်အင်္ဂါကို၊ ရံခါ တကြိမ်ပြ၏။ လဟုကော စ ဟောတိ ပရိက္ခာရော မာသကော ဝါ ဦန မာသကော ဝါ-ဟူသော ဒုက္ကဋ် အာပတ်အင်္ဂါကို၊ ရံခါ တကြိမ်ပြ၏။

ထေယျစိတ္တော-ဟူသောပါဠိဖြင့်၊ထေယျစိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ-ဟူသောအင်္ဂါကို ၃-ကြိမ်ပြ၏။ ရံခါ ပါရာဇိက အာပတ်အင်္ဂါကို တကြိမ်ပြ၏၊ ရံခါ ထုလ္လစ္စဉ်း အာပတ်အင်္ဂါကို တကြိမ်ပြ၏၊ ရံခါ ဒုက္ကဋ် အာပတ်အင်္ဂါကို တကြိမ်ပြ၏၊

ဟတ္ထေန ဂဏှာတိ-ဟူသောပါဠိဖြင့်၊ အာမသန ကြိယာကို ၃-ကြိမ်ပြ၏။ ရံခါ ပါရာဇိကလောက်သော ဝတ္ထုကို သုံးသပ်မိသော၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ အာမသန ကြိယာကို တကြိမ်ပြ၏၊ ရံခါ ထုလ္လစ္စဉ်းလောက်သော ဝတ္ထုကို သုံးသပ်မိသော၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ အာမသန ကြိယာကို တကြိမ်ပြ၏။ ရံခါ ဒုက္ကဋ်လောက်သော ဝတ္ထုကို သုံးသပ်မိသော၊ အာမသတိ အာပတ္တိ ဒုက္ကဋဿ၊ အာမသန ကြိယာကို တကြိမ်ပြ၏။

ဂဟဏမေဝဋ္ဌာနံ-ဟူသော ပါဠိဖြင့်၊ မရွေ့သည်ကိုစွဲ၍၊ ဌာနကိုလည်း ၃-ကြိမ်ပြ၏၊ မရွေ့သော်လည်း၊ လှုပ်သည်ကိုစွဲ၍၊ ဖန္ဒာပန ကြိယာကိုလည်း ၃-ကြိမ်ပြ၏၊ ရံခါ ပါရာဇိကလောက်သောဝတ္ထု

ကို လှုပ်စေမိသော၊ ဖန္ဒာ ပေတိ အာပတ္တိ ထုလ္လစ္စယဿ၊ ဖန္ဒာ ပန ကြိယာကို တကြိမ်ပြု၏။ ရံခါ ထုလ္လစ္စဉ်းလောက်သော ဝတ္ထုကို လှုပ်စေမိသော၊ ဖန္ဒာ ပေတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာ ပန ကြိယာကို တကြိမ်ပြု၏။ ရံခါ ဒုက္ကဋ် လောက်သော ဝတ္ထုကို လှုပ်စေမိသော၊ ဖန္ဒာပေတိ အာပတ္တိ ဒုက္ကဋဿ၊ ဖန္ဒာ ပန ကြိယာကို တကြိမ်ပြု၏။

ဂဟိတပ္ပဒေသတော ဟတ္ထံ အပနေတိ-ဟူသောပါဠိဖြင့်၊ ဌာနာစာဝန ကြိယာကို ၃ - ကြိမ်ပြု၏။ ရံခါ ပါရာဇိကလောက်သော ဝတ္ထုကို၊ တည်ရာမှ ရွေ့စေမိသော၊ ဌာနာစာဝေတိ အာပတ္တိ ပါရာဇိကဿ၊ ဌာနာစာဝန ကြိယာကို တကြိမ်ပြု၏။ ရံခါ ထုလ္လစ္စဉ်းလောက်သော ဝတ္ထုကို၊ တည်ရာမှ ရွေ့စေမိသော၊ ဌာနာ စာဝေတိ အာပတ္တိ ထုလ္လစ္စယဿ၊ ဌာနာစာဝန ကြိယာကို တကြိမ်ပြု၏။ ရံခါ ဒုက္ကဋ် လောက်သော ဝတ္ထုကို၊ တည်ရာမှ ရွေ့စေမိသော၊ ဌာနာ စာဝေတိ အာပတ္တိ ဒုက္ကဋဿ၊ ဌာနာ စာဝန ကြိယာကို တကြိမ်ပြု၏။ အာမသန ကြိယာကို ၃-ကြိမ်၊ ဖန္ဒာပန ကြိယာကို ၃-ကြိမ်၊ ဌာနာစာဝနကြိယာကို ၃ - ကြိမ်ပြု၏။ - ဟူသောစကားဖြင့်၊ ကြိယာဟူသည်လည်း၊ အာပတ်ပင်တည်းဟု သိစေလိုသည်။ အာပတ္တိ ဒုက္ကဋဿ, အာပတ္တိ ထုလ္လစ္စယဿ, အာပတ္တိ ပါရာဇိကဿ-ဟူသော ဒေသနာ အာပတ္တိသဒ္ဒါသည်၊ အာပတ်မဟုတ်။ အာမသတိ ကြိယာသည်၊ အာပတ္တိ ဒုက္ကဋဿ-ဟူသော ဒေသနာ အာပတ္တိသဒ္ဒါ၏ အနက်လည်း မည်၏၊ အာပတ်လည်း မည်၏၊ ဝါရိတ္တ သိက္ခာပုဒ်လည်းမည်၏။ ပဋိက္ခေပ ပညတ်လည်း မည်၏။

ဖန္ဒာပေတိ ကြိယာသည်၊ အာပတ္တိ ထုလ္လစ္စယဿ-ဟူသောဒေသနာ အာပတ္တိသဒ္ဒါ၏ အနက်လည်း မည်၏၊ အာပတ်လည်း မည်၏၊ ဝါရိတ္တ သိက္ခာပုဒ်လည်း မည်၏၊ ပဋိက္ခေပ ပညတ်လည်း မည်၏၊ ဌာနာစာဝေတိ ကြိယာသည်၊ အာပတ္တိ ပါရာဇိကဿ-ဟူသောဒေသနာ အာပတ္တိ သဒ္ဒါ၏ အနက်လည်း မည်၏၊ အာပတ်လည်း မည်၏၊ ဝါရိတ္တ သိက္ခာပုဒ်လည်းမည်၏၊ ပဋိက္ခေပ ပညတ်လည်းမည်၏။

ဤကောက်ချက် အနက် အဓိပ္ပါယ်ကိုထောက်၍၊ ကထိန် ကေဝလံ ပညတ္တိမေဝ၊နတ္ထိ တတ္ထ အာပတ္တိ-ဟူသည်ကိုလည်း သိသင့်သေးသည်။ အလုံးစုံသော ကထိနက္ခန္ဓကသည်၊ အနုညာတပညတ်၊ ပဋိက္ခေပ ပညတ်ချည်းသာတည်း။ ထိုအလုံးစုံသော ကထိနက္ခန္ဓက၌၊ အာပတ္တိ ဒုက္ကဋာဒယ-ဟူသော ဒေသနာ အာပတ္တိ သဒ္ဒါမရှိ။ အနုညာတပညတ်ဟူသည်၊ ကြိယာလည်း မည်၏၊ အနက်လည်း မည်၏၊ အာပတ်မှ လွတ်သည်လည်း မည်၏၊ စာရိတ္တ သိက္ခာပုဒ်လည်း မည်၏။ ပဋိက္ခေပ ပညတ်ဟူသည်၊ ကြိယာလည်း မည်၏၊ အနက်လည်း မည်၏၊ အာပတ်လည်း မည်၏၊ ဝါရိတ္တ သိက္ခာပုဒ်လည်း မည်၏။

ဤသို့ သဒ္ဒါ၏ အစဉ်၊ အနက်၏ အစဉ်၊ ဝါကျ၏ အစဉ်အားဖြင့် ကောက်ချက်ချ၍ ဆိုသောစကားသည်ကား၊ သောတုဇန အဆက်ဆက် အစဉ်မပျက်၊ နယဂ္ဂါဟ ပြုကြစေခြင်းအကျိုးငှါ၊သတ္ထံ, သဗျဉ္ဇနံ ပုဒ် ၂-တန်တွင်၊ သဗျဉ္ဇနံ ပုဒ်ဖြင့် ရေတွက်အပ်သော၊ အက္ခရံ, ပဒံ, ဗျဉ္ဇနံ, အာကာရော, နိရုတ္တိ, နိဒ္ဒေသော-ဟူသော သဒ္ဒါ ၆-ပါး။ သတ္ထံ-ပုဒ်ဖြင့် ရေတွက်အပ်သော၊ သင်္ကာသနာ, ပကာသနာ, ဝိဝရဏာ, ဝိဘဇနာ, ဥတ္တာနီ ကမ္မံ, ပညတ္တိ-ဟူသော အနက် ၆-ပါး။ အက္ခရ သဒ္ဒါနှင့် သင်္ကာသန အနက်၊ ပဒ သဒ္ဒါနှင့် ပကာသန အနက်၊ ဗျဉ္ဇန သဒ္ဒါနှင့် ဝိဝရဏာ အနက်၊ အာကာရ သဒ္ဒါနှင့် ဝိဘဇန အနက်၊ နိရုတ္တိ သဒ္ဒါနှင့် ဥတ္တာနီကမ္မ အနက်၊ နိဒ္ဒေသ သဒ္ဒါနှင့် ပညတ္တိ အနက်၊ အစုံ အစုံ တွဲဖက်၍၊ ဝါကျကွဲအောင် ခွဲပြခြင်းတည်း။

## ပါရာဇိကလောက်သော ဝတ္ထု
## အပိုင်းအခြားကို ပြခြင်း

ဤသို့ သုဝဏ္ဏ သလာကံ-အစ၊ အပနေတိ-အဆုံးရှိသော ပါဠိ၏ အပေါင်းဖြင့်၊ အာပတ္တိဝါရ, တိကစ္ဆေဒ အာပတ်အင်္ဂါ ၅-ပါးကို ပြဆိုပြီး၍၊ ပါရာဇိကလောက်သော ဝတ္ထု အပိုင်းအခြားကို ပြဆိုလိုသည်ဖြစ်၍၊ ယဒိ ပါဒံ အဂ္ဃတိ ပါရာဇိကံ-ဟု မိန့်သည်။ ဖြတ်ပိုင်းစစ္ဆေသည် တမတ်ထိုက်၏၊ခိုးသောရဟန်းသည် ပါရာဇိကကျ၏

ဟူလိုသည်။ ဖြတ်ပိုင်းစရွေသည် တမတ်ထိုက်၏ဆိုသော်၊ ဖြတ်ပိုင်းစရွေသည် ခိုးသော ဝတ္ထုပင် ဖြစ်၏။ ခိုးသော ဝတ္ထုဟု တမတ်ပြုသော ဖြတ်ပိုင်းစရွေသည်၊ ရွှေဘမတ်ပင်ဖြစ်၏။ ရွှေဘမတ်ဟူသည်လည်း၊ ပါရာဇိကလောက်ရုံမျှသော ဝတ္ထုပင်တည်းဟု၊ ဝိနည်းဋီ၏ တစုံဘယောက်က အဆုံးအဖြတ်ပြုကြမည်ကို ပိတ်ဆို့လို၍၊ သဗ္ဗတ္ထ အဂ္ဃဝသေန ကာတဗ္ဗံ-ဟု မိန့်သည်။ ဖြတ်ပိုင်းစရွေသည် ခိုးသော ဝတ္ထုပင်ဖြစ်၏၊ ခိုးသောဝတ္ထုဟု ရွှေဘမတ်သော်ကား မပြုရ၊ အဒိန္နဒါန် ပါရာဇိကံပုန် အဆုံးရှိသော အလုံးစုံသောဝါကျနှင့်၊ အတိုး၏အလိုအားဖြင့် ဖြတ်ပိုင်းစရွေကို၊ ပါရာဇိကလောက်သောဝတ္ထုဟု အဆုံးအဖြတ်ပြုကြရမည် ဟူလိုသည်။

အတိုး၏အလိုအားဖြင့်၊ ပါရာဇိကလောက်သောဝတ္ထုဟု အဆုံးအဖြတ်ပြုကြသော ဖြတ်ပိုင်းစရွေသည်၊ ဤရွေ့ ဤမျှဟု အဘယ်သို့ သိရမည်နည်း။ ဈေးနှုန်းကိုလိုက်၍ ၂၀-ဈေး ရွှေဘရွေးဟု သိရမည်။ ရွှေဘရွေး၏ အတိုးအလို တမတ်ကို အဘယ်သို့ သိရမည်နည်း။ ၂၀-ဈေး ရွှေဘရွေး၏အတိုးကို အလေးချိန် ငွေဘမတ်ဟုသိရမည်။

ပဉ္စမာသကန္တိ သာမညေန ဝုတ္တေပိ ပေါရာဏဿ နီလကဟာပဏဿေဝ စတုတ္ထဘာဂဝသေန ပဉ္စမာသ နိယမော ကာတဗ္ဗော၊ ဝိနယဝိနိစ္ဆယံ ပတ္တာ ဂရုကေ ဌာတဗ္ဗန္တိ ဝစနတော စ မိဿက ကဟာပဏော ယေဝ နီလကဟာပဏော။

တဿ မိဿက ကဟာပဏဿ ပဉ္စမာသ ပါဒဿ ကေန သုဝဏ္ဏေနေဝ ပါရာဇိကဝတ္ထုမှိ နိယမိတေ သဗ္ဗဒေသဝါသီနံ ဥပကာရာယ ဟောတီတိ ဧဝံ သုဝဏ္ဏေနေဝ ပါရာဇိက ပရိစ္ဆေဒေါ ကတော။ ။ဝိနယဝိနိစ္ဆယဋီကာ။

သာမညေန၊ သာမညအားဖြင့်။ ဝုတ္တေပိ၊ ဆိုအပ်သည်လည်းဖြစ်သော်။ ပဉ္စမာသကန္တိဝစနေ၊ ပဉ္စမာသကံ-ဟူသောစကား

ဠ္ဌ။ ပေါရာဏသာ၊ ရှေးကျမ်းဟောင်းအားလျော်သော။ နီလ ကဟာပဏဝေသေဝ၊ တကျပ်လေး၏သာလျှင်။ စတုတ္ထဘာဂဝသေန၊ လေးဘို့တဘို့ရှိသော အလိုအားဖြင့်။ ပဉ္စမာသ နိယမော၊ ၅-ပဲလေးဖြင့်မှတ်အပ်သော၊ ပါဒေါစ၊ ပါဒကိုလည်း။ ကာတဗ္ဗော၊ ပြုအပ်၏။ ပါဒါရဟောစ၊ ပါဒါရဟကိုလည်း။ ကာတဗ္ဗော၊ ပြုအပ်၏။ အဘိုးအလို့၅ာ-ပါဒေါစ၊ ဝတ္ထုအလို့၅ာ-ပါဒါရဟောစ၊ ပါဌ္ဓသောသထည့်ပုံကို ကြည့်ရှုစေခြင်း၄ာ။ "တထာဟိ ဘဂဝတာ ဒုတိယပါရာဇိကံ ပညပေန္တေန၊ ပ၊ ပုဏ္ဏိတွာ၊ ဟေန ပါဒေနဝ ပါဒါရဟေန ဝါတိ ဝုတ္တေန ပမာဏေန အဒိန္နံ အာဒိယန္တသ္သ ပညတ္တံ"။ ။ ဒုဠ္ဌကမ္မ သာရကေကိုမိန့်။

ဝိနယ ဝိနိစ္ဆယံ ပတွာ ဂရုကော ၄ာတဗ္ဗန္တိ ဝစနတောစ၊ ဝိနယ ဝိနိစ္ဆယံ ပတွာ ဂရုကေ ၄ာဘဗ္ဗံ-ဟု ဆိုခြင်းကြောင့်၊ မိဿက ကဟာပဏောယေဝ၊ မိဿက ကျပ်လေးသည်သာလျှင်။ နီလ ကဟာပဏော၊ နီလ ကဟာပဏမည်၏။

ကျပ်လေး ၃-မျိုး၊ ရွှေကျပ်လေးတမျိုး, ငွေကျပ်လေးတမျိုး, ပကတိကျပ်လေးတမျိုး။ ရွှေကျပ်လေး,ငွေကျပ်လေးသည်၊ယုတ်သောအပြစ်,လွန်သောအပြစ်ရှိ၏။ အခါခါခပ်သိမ်း အလေးအပေါ့မညီမျှ၊ ပကတိကျပ်လေးသည်ကား၊ ယုတ်သောအပြစ်, လွန်သောအပြစ်မရှိ၊ အခါခပ်သိမ်း အလေးအပေါ့ညီမျှ၏၊ထိုကြောင့် ဝိနည်းကို ဆုံးဖြတ်ရကာလ ၄ာနသို့ရောက်သော်၊ အလေးဂရုပြုသော ဝိနည်းဓိုရ်သည်၊ မိဿက ကျပ်လေးကိုသာ ပကတိကျပ်လေးဟု အဆုံးအဖြတ်ပြုသည်။ မိဿက ဂဟာပဏောယေဝ နီလ ကဟာပဏော-ဟူသောစကားအလို၊ မိဿက ကျပ်လေးကိုသာ တကျပ်လေးအမှန်ဆိုသည်။ (လော ဝုစ္စတိ ဒေါသော၊ နိဒ္ဒေါသတ္တာ နီလကဟာပဏော-ဟု၊ နောက် တထာရိတော အဘွင့်ကိုရှု)။

တသ္သ မိဿက ကဟာပဏသ္သ၊ ထိုမိဿက ကျပ်လေး၏။ ပဉ္စမာသပါဒ ဠွ နကော နှ၊ လေးဘို့ တဘို့ရှိသော၊ ၅-ပဲလေးဖြင့်မှတ်အပ်သော၊အလေးချိန်ငွေတမတ်ထိုက်သော၊ သုဝဏ္ဏော နေ့ဝ၊ ရွှေတရွေး

ဖြင့်သာလျှင်။ ပါရာဇိကဝတ္ထုမှ၊ ပါရာဇိကဝတ္ထုကို။ နိယမိတေ၊ မှတ်အပ်သည်ရှိသော်။ သဗ္ဗဒေသ ဝါသိနံ၊ အလုံးစုံသောအရပ်၌နေကုန်သော ရဟန်းတို့အား။ ဥပကာရာယ၊ ကျေးဇူးများခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ဧဝံဘထာ တေန၊ ထိုမိဿက ကျပ်လေး၏ လေးဘို့တဘို့ရှိသော ငါးပဲလေးဖြင့် မှတ်အပ်သော အလေးချိန်ငွေတမတ်ထိုက်သော။ သုဝဏ္ဏေနေဝ၊ ရွှေတရွေးဖြင့်သာလျှင်။ ပါရာဇိကဝတ္ထု ပရိစ္ဆေဒေါ၊ ပါရာဇိကဝတ္ထု အပိုင်းအခြားကို။ ကတော၊ ပြုအပ်၏။ ။ဤကား အနက်။

ထကျပ် ၄-မတ်ကျ၊ တမတ် ၅-ပဲကျ။ ရွှေငါးပဲ, ငွေငါးပဲ, ကြေးနီ ၁၀-ပဲ ရောစပ်၍ပြုသော ကျပ်လေးသည်၊ မိဿကကျပ်လေးမည်၏။ တမတ် ၅-ပဲကျ၊ တပဲ ၄-ရွေးကျ၊ ရွှေ ၅-ရွေး၊ ငွေ ၅-ရွေး၊ ကြေးနီ ၁၀-ရွေး အလေးချိန် ရွေး-၂၀၊ ပဲချိန် ၅-ပဲရှိသော မိဿက ကျပ်လေး၏ လေးဘို့တဘို့သည်၊ တမတ်လေးမည်၏။ တမတ်လေးနှင့်ချိန်သော အလေးချိန် ငွေတမတ်သည်၊ ပါရာဇိကဝတ္ထု ရွှေတရွေး၏ အဘိုးဖြစ်သောကြောင့်၊ ပါဒ-မည်၏။ ပါရာဇိကဝတ္ထု ရွှေတရွေးသည်၊ အလေးချိန် ငွေတမတ်ထိုက်သောကြောင့် ပါဒါရဟာ-မည်၏။

သုဝဏ္ဏ ခဏ္ဍံ ယဒိ ပါဒ အဂ္ဃတိ ပါရာဇိကံ-ဟူသော လက္ခဏာပြ ပါဠိ စကားရပ်၌၊ အလေးချိန် ငွေတမတ်ထိုက်သော ဖြတ်ပိုင်းစ ရွှေတရွေးကို၊ ခိုးသောရဟန်း ပါရာဇိက ကျ၏ ဆိုသော စကားကို၊ ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ၊ အဂ္ဃံ ပရိဘောဂ ပဉ္စမံ။ တုလယိတွာ ပဉ္စဋ္ဌာနာနိ၊ ဓါရေယျတ္ထံ ဝိစက္ခဏော။-ဟူသော ဂါထာဖြင့်၊ ငါးပါးသော ဌာနတို့ကို နှိုင်းချိန်၍ ထောက်ဆသော်၊ ရွှေတကျပ်၊ ငွေက ၂၀-ဈေး ဖြစ်သောကာလ, ဖြစ်သောဒေသ, ဖြစ်သော ရွှေတရွေးကို၊ သုံးဆောင်သော ပရိဘောဂ၊ ခိုးသော ဖြတ်ပိုင်းစ ရွှေတရွေးက၊ အလေးချိန် ငွေတမတ်ထိုက်သော ပါရာဇိက ဝတ္ထု၊ ခိုးသော ဖြတ်ပိုင်းစ ရွှေတရွေး၏ အဘိုးက၊ အလေးချိန် ငွေတမတ်-အဂ္ဃ၊ ခိုးသောရဟန်းက-ပါရာဇိကကျ၊ ဆုံးဖြတ်သော ဝိနည်းဓိုရ်က-ယုတ္တ တရ၊ ဩတိဏ္ဏာ သံဃေသ ဓာနိတဗ္ဗံ၊ ဝိနည်းကံသက်ပြီးဟု ဝန်ခံကြလေ။

ပါဒံဝါ-ပုဒ်၊ ပါဒါရဟံဝါ-ပုဒ်သည်၊ သတိ သမ္ဘဝေ ဗျဉ္ဇာဒေ စ၊ ဝိဒသာသနံ သဏ္ဍကံ ဘိယော။ သမ္ဘဝေါနာမ သာမညံ၊ ဗျဉ္ဇာ ရောတ တပ္ပလံ။-ဟူသော ဂါထာနှင့် မချွတ်မူ၏။ ပါဒ, ပါဒါရဟ သဒ္ဒါနှင့်၊ သမ္ဘဝ သာမည မချွတ်မူ၏။ တမတ် တမတ်ထိုက် အနက်နှင့်၊ ဗျဉ္ဇာရ တပ္ပလ မချွတ်မူ၏။ ရွှေငွေကစ ဝိသေသ မပါ၊ ပါဒ, ပါဒါရဟ သဒ္ဒါသည်၊ တပါး, တပါးက အနက်ဟော ၂-ပါး, ၂-ပါး မချွအားဖြင့် တူကြသောကြောင့်၊ တမတ်, တမတ်ချင်းမျိုး၊ တမတ်ထိုက်, တမတ်ထိုက်ချင်းမျိုး၊ အကျိုးက ၂-နက်, ၂-နက်၊ အတူ အတူမချွ ဆက်ဆံကြ၏။

ဆက်ဆံပုံကား။ ပါဒ-ရွှေတမတ်, ငွေတမတ်၊ ပါဒ ရွှေတမတ်, ပတ္တမြား တမတ်၊ ပါဒ-ရွှေတမတ်, ပုလဲ တမတ်။ပ။ ။ပါဒါရဟ-ရွှေတမတ်ထိုက်, ငွေတမတ်ထိုက်၊ ပါဒါရဟ-ရွှေတမတ်ထိုက်, ပတ္တမြား တမတ်ထိုက်၊ ပါဒါရဟ-ရွှေတမတ်ထိုက်, ပုလဲ တမတ်ထိုက်။ပ။ ၂-နက်, ၂-နက် ဆက်ဆံပုံကို၊ ရတနာမျိုးကုန်အောင် မူလ မူလီသည့် စက်လှည့်ဆိုလေ။

ဖြတ်ပိုင်းစ ရွှေတရွေးသည် ဒိုးသော ဝဏ္ဏ၊ ဒိုးသော ဝဏ္ဏသည် အလေးချိန် ငွေတမတ်ထိုက်သောကြောင့်၊ ပါဒါရဟ-ဟူ။ ဒိုးသော ဝဏ္ဏ၏ အဘိုးသည်၊ အလေးချိန် ငွေတမတ်ရှိသောကြောင့်၊ ပါဒ-ဟူ၊ အယုတ်ဆုံး, အနည်းဆုံး အလေးချိန် ငွေတမတ်ကို ပမာဏပြု၍၊ ပါဒ ပါဒါရဟကို ဝိသေသဆိုသောနည်းသည် မသင့်။ ရွှေတမတ်, ငွေ တမတ်, ပတ္တမြား တမတ်, ပုလဲ တမတ်, ကြောင်မျက်ရွဲ တမတ်, ခရုသင်း တမတ်, သလင်း တမတ်, သန္တာ တမတ်, ပတ္တမြားနီ တမတ်, ပတ္တမြားပြောက် တမတ်၊ ရတနာမျိုးဆယ်ရပ်၊ တမတ်, တမတ်တို့နှင့် အနည်းအများ အယုတ် အလတ် အမြတ်မရွေးဘဲ၊ ပါဒံဝါ, ပါဒါရဟံ ဝါ ပါဠိတော် ပုဒ်လာဟန်က၊ ရွှေငွေကစ၊ ဝိသေသ မပါ၊ ပါဒ, ပါဒါ ရဟ သဒ္ဒါသည်၊ တပါး, တပါးက၊ အနက်ဟော ၂-ပါး, ၂-ပါး၊ မချွအားဖြင့် တူကြသောကြောင့်၊ တမတ်, တမတ်ချင်းမျိုး၊ တမတ် ထိုက်, တမတ်ထိုက်ချင်းမျိုး၊ အကျိုးက ၂-နက်, ၂-နက်၊ အတူ အ

တူရချ ဆက်ဆံကြသည့်ဖြစ်လျက်၊ မဆက်ဆံစေဘဲ၊ အယုတ်ဆုံး အနည်းဆုံး အလေးချိန် ငွေတမတ်ကို ပမာဏပြု၍၊ ပါဒ, ပါဒါရဟာကို ဝိသေသဆိုသောနည်းသည် မသင့်။ ။သင့်၏၊ ရတနာမျိုးဆယ်ရပ်၊ တမတ် တမတ်တို့နှင့်၊ အနည်းအများ၊ အယုတ် အလတ်၊ အမြတ်ရွေးချန်၊ ပါဒံဝါ, ပါဒါရဟံဝါ၊ ပါဠိတော် ပုဒ်လာဟန်က၊ ရွှေငွေကစ၊ ဝိသေသ မပါ၊ ပါဒ, ပါဒါရဟာ-သဒ္ဒါသည်၊ တပါး တပါးက၊ အနက်ဟော ၂-ပါး, ၂-ပါး၊ ဟေဋ္ဌိမန္တ အပ္ပကအားဖြင့် မတူကြသောကြောင့်၊ တမတ် တမတ်ချင်းမျိုး၊ တမတ်ထိုက် တမတ်ထိုက်ချင်းမျိုး၊ အကျိုးက ၂-နက်, ၂-နက်၊ အတူ အတူ၊ ဟေဋ္ဌိမန္တ အပ္ပက မဆက်ဆံကြသည့်ဖြစ်လျက်၊ မဆက်ဆံစေဘဲ၊ အယုတ်ဆုံး အနည်းဆုံး၊ အလေးချိန် ငွေတမတ်ကို ပမာဏပြု၍၊ ပါဒ, ပါဒါရဟာကို၊ ဝိသေသဆိုသော နည်းသည်၊ သင့်၏။

ဧတ္တာဝတာ ဟေဋ္ဌိမန္တဒဿနေန သဗ္ဗာကာရေန
ပါရာဇိကပ္ပဟောနကဝတ္ထု ဒဿိတံ ဟောတီတိ ဒဋ္ဌဗ္ဗံ။
ပါဒံဝါ ပါဒါရဟံဝါတိ နယောအပ္ပက နယောယေ
ဝ၊ န မုချနယောတိ အဓိပ္ပါယောတိပိ အာစရိယာ။ ။
ကင်္ခါယောဇနာ ဋီကာ။

ဟေဋ္ဌိမန္တဒဿနေန၊ အယုတ်ဆုံးကိုပြသော။ ဧတ္တာဝတာ ဧတ္တကေန ဝစနေန၊ ဤမျှသောစကားဖြင့်။ သဗ္ဗာကာရေန၊ ခပ်သိမ်းဥဿုံ အလုံးစုံသောအခြင်းအရာအားဖြင့်။ ပါရာဇိကပ္ပဟောနကဝတ္ထု၊ ပါရာဇိကလောက်သောဝတ္ထုသည်။ ဒဿိတံ၊ ပြအပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပါဒံဝါ ပါဒါရဟံဝါတိ နယော၊ ပါဒံဝါ ပါဒါရဟံဝါ-ဟူသော နည်းသည်။ အပ္ပကနယော ယေဝ၊ အပ္ပကနည်းသာတည်း။ န မုချနယော၊ မုချနည်းမဟုတ်။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဋ္ဌကထာ၏အလိုတော်တည်း၊ ဣတိပိ-ဣဒံဝစနံ၊ ဤသို့သောစကားကို။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။ဤကားအနက်။

ပါဒ, ပါဒါရဟ-ယူသောငွာနှင့်၊ ဟေဋ္ဌိမန္တဒဿနေန-ဟူသောစကား၊ အပ္ပကနယောယောဝ-ဟူသောစကားကိုစွဲ၍၊ ဟေဋ္ဌိမန္တ အပ္ပကနည်းသည်ဖြစ်၏။ အတိရေကတရသ္မိံ-ဟူသောစကားကိုစွဲ၍၊ အတိရေကတရနည်းသည်ဖြစ်၏။ ထိုနည်း ၂-ပါးတို့တွင်၊ ပါဒံ ဝါ, ပါဒါရဟံ ဝါ-ဟူသောနည်းသည်၊ ဟေဋ္ဌိမန္တ အပ္ပကနည်းမည်၏။ အတိရေကပါဒံ ဝါ, အတိရေကပါဒါရဟံ ဝါ ဟူသောနည်းသည်၊ အတိရေကတရနည်းမည်၏။

ထိုနည်း ၂-ပါးတို့တွင်၊ ဟေဋ္ဌိမန္တ အပ္ပကနည်းဖြင့်၊ ပါရာဇိကဝတ္ထု၏အတိုးကို၊ အလေးချိန်ငွေတမတ်ဟု ဖြတ်ဆိုရသည်။ အလေးချိန်ငွေတမတ်အတိုးကို၊ အချိန်အဆ ပမာဏ မနည်းစေရ, မများစေရ, မယုတ်စေရ, မလွန်စေရ၊ သို့မှ အလေးချိန်ငွေတမတ်အတိုးကို၊ ပါဒ-ဟု အမှန်ဖြတ်ဆိုကြရသည်။

ပါရာဇိကဝတ္ထုကို အလေးချိန်ငွေတမတ်ထိုက်သော ဘဏ္ဍာဟု ဖြတ်ဆိုရသည်။ အလေးချိန်ငွေတမတ်ထိုက်သောဘဏ္ဍာကို၊ အချိန်အဆ ပမာဏ နည်းသည်မဆိုရ, များသည်မဆိုရ, ယုတ်သည်မဆိုရ, လွန်သည်မဆိုရ၊ သို့မှ အလေးချိန်ငွေတမတ်ထိုက်သော ဘဏ္ဍာကို၊ ပါဒါရဟ-ဟု အမှန် ဖြတ်ဆိုရာကျသည်။

အတိရေကတရနည်းဖြင့်၊ ပါရာဇိကဝတ္ထု၏အတိုးကို၊ အလေးချိန်ငွေတမတ်ထက် ပိုလွန်သည်ဟု ဖြတ်ဆိုရသည်။ အလေးချိန် ငွေတမတ်ထက် ပိုလွန်သောအတိုးကို၊ အချိန်အဆ ပမာဏ အလေးချိန်ငွေတမတ်ထက် မနည်းစေရ များစေရ၏။ မယုတ်စေရ လွန်စေရ၏။ သို့မှ အလေးချိန် ငွေတမတ်ထက် ပိုလွန်သောအတိုးကို၊ အတိရေကပါဒ-ဟု အမှန်ဖြတ်ဆိုရာကျသည်။ ပါရာဇိကဝတ္ထုကို အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ထိုက်သောဘဏ္ဍာဟု ဖြတ်ဆိုရသည်။ အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ထိုက်သောဘဏ္ဍာကို၊ အချိန်အဆ ပမာဏ နည်းသည်မဆိုရ, များသည်မဆိုရ, ယုတ်သည်မဆိုရ, လွန်သည်မဆိုရ၊ သို့မှ အလေးချိန် ငွေတမတ်ထက် ပိုလွန်၍ ထိုက်သော ဘဏ္ဍာကို၊ အတိရေကပါဒါရဟ-ဟု အမှန်ဖြတ်ဆိုရာကျသည်။

## နယဂ္ဂါဟ ယူကြစေခြင်း၌ နယာဒါသ နည်းမှန်ပုံကို ပြခြင်း၊

နယဂ္ဂဟ နည်းယူကြစေခြင်း၌၊ ပါဒ, ပါဒါရဟ-ယူသော၌ နှ၊ အတိရေက ပါဒါရဟ-ယူသော၌နကို၊ နယာဒါသ နည်းမှန်ပုံပြသော်ကား၊ ရွှေတကျပ် ငွေကျပ် ၂၀-ဈေး၊ ရွှေတမတ် ငွေး၂၀၊ ရွှေတရွေး အလေးချိန်ငွေတမတ်ထိုက်၏ဆိုသော်၊ အလေးချိန် ငွေတမတ်ပေါင်း၂၀-သည်၊ ရွှေတမတ်၏ အဘိုးငွေ ၅-ကျပ်ဖြစ်၏၊ ငွေတမတ်ကို ခိုးရုံမျှနှင့် ပါရာဇိကမကျ၊ ရွှေစင်တမတ်-ငွေ ၅-ကျပ်ခိုးမှ ပါရာဇိကကျ၏ဟု၊ ပြောဆိုရုံပြုကြသော အယူဝါဒဖြင့်၊ ရွှေတမတ်၏အဘိုးကို ငွေ၅-ကျပ်ဟု ပြတ်ဆိုရသည်။ ငွေ ၅-ကျပ်အဘိုးကို၊ အချိန်အဆ ပမာဏ မနည်းစေရ, မများစေရ, မယုတ်စေရ, မလွန်စေရ၊ သို့မှ ငွေ၅-ကျပ်အဘိုးကို၊ အတိရေကပါဒ-ဟု အမှန်ပြတ်ဆိုရာကျသည်။ ပါဒ-ဟု အမှန်ပြတ်ဆိုရာမကျ။ ရွှေတမတ်ကို ငွေ၅-ကျပ်ထိုက်သော ဘဏ္ဍာဟု ပြတ်ဆိုရသည်။ ငွေ၅-ကျပ်ထိုက်သော ရွှေတမတ်ကို၊ အချိန်အဆ ပမာဏ နည်းသည်မဆိုရ, များသည်မဆိုရ, ယုတ်သည်မဆိုရ, လွန်သည်မဆိုရ၊ သို့မှ ငွေ၅-ကျပ်ထိုက်သော ရွှေတမတ်ကို၊ အတိရေက ပါဒါရဟ-ဟု အမှန်ပြတ်ဆိုရာ ကျသည်။ ပါဒါရဟ-ဟု အမှန်ပြတ်ဆိုရာမကျ။

ဤသို့ ပါဒ, ပါဒါရဟ၊ ပြတ်ဆိုရာမကျ၊ အတိရေကပါဒ, အတိရေကပါဒါရဟ ပြတ်ဆိုရာကျသောကြောင့်၊ ငွေတမတ် ခိုးရုံမျှနှင့် ပါရာဇိကမကျ ဟူသော အယူဝါဒကိုပယ်ဖျောက်၍၊ ရွှေစင်တမတ် ငွေ ၅-ကျပ်ခိုးမှ ပါရာဇိက ကျ၏ဟု ပြောဆိုရိုးပြုကြသော အယူဝါဒကို၊ နယာဒါသ နည်းမှန်ပုံပြ၍၊ အတိရေကဘာဂနည်းသို့ သွင်းယူကြလေ။

ဟောဒ္ဓိမန္တ အပ္ပကနည်းဖြင့်၊ ရွှေတရွေး၏အဘိုးကို၊ အလေးချိန်ငွေတမတ်ဟု ပြတ်ဆိုရသည်။ အလေးချိန် ငွေတမတ်အဘိုးကို၊ အချိန်အဆ ပမာဏ မနည်းစေရ, မများစေရ, မယုတ်စေရ, မလွန်စေရ၊ သို့မှ အလေးချိန် ငွေတမတ်အဘိုးကို၊ ပါဒ-ဟု အမှန်ပြတ်ဆိုရာကျ

သည်။ ရွှေတရွေးကို အလေးချိန်ငွေတမတ်ထိုက်သော ဘဏ္ဍာဟု ပြတ်ဆိုရသည်။ အလေးချိန်ငွေတမတ်ထိုက်သော ရွှေဘရွေးကို၊ အချိန်အဆ ပမာဏ နည်းသည်မဆိုရ, များသည်မဆိုရ, ယုတ်သည်မဆိုရ, လွန်သည်မဆိုရ၊ သို့မှ အလေးချိန်ငွေတမတ်ထိုက်သော ရွှေတရွေးကို၊ ပါဒါရဟ–ဟု အမှန်ပြတ်ဆိုရာကျသည်။

အတိရေကတရနည်းဖြင့်၊ ရွှေ၂–ရွေး၏အတိုးကို၊ အလေးချိန်ငွေတမတ်ထက် ပိုလွန်သည်ဟု ပြတ်ဆိုရသည်။ အလေးချိန်ငွေတမတ်ထက် ပိုလွန်သောအတိုးကို၊ အချိန်အဆ ပမာဏ အလေးချိန်ငွေတမတ်ထက် မနည်းစေရ၊ များစေရ၏။ မယုတ်စေရ၊ လွန်စေရ၏။ သို့မှ အလေးချိန်ငွေတမတ်ထက် ပိုလွန်သောအတိုးကို၊ အတိရေကပါဒ–ဟု အမှန်ပြတ်ဆိုရာကျသည်။ ရွှေ၂–ရွေးကို အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ထိုက်သော ဘဏ္ဍာဟုပြတ်ဆိုရသည်။ အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ထိုက်သော ရွှေ၂–ရွေးကို၊ အချိန်အဆ ပမာဏ နည်းသည်မဆိုရ, များသည်မဆိုရ, ယုတ်သည်မဆိုရ, လွန်သည်မဆိုရ၊ သို့မှ အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ထိုက်သော ရွှေ၂–ရွေးကို၊ အတိရေကပါဒါရဟ–ဟု အမှန်ပြတ်ဆိုရာကျသည်။

ရွှေ၂–ရွေးအစ၊ ရွှေရွေး၂၀–အဆုံး ကျရုံမျှမက၊ အထက်ကို အတိရေကတရနည်းဖြင့်၊ အတိရေကပါဒ, အတိရေကပါဒါရဟ–ဟု ပြတ်ဆိုကြလေ။

ပါဒ ပါဒါရဟ–ယူသောဌာန်၊ အတိရေကပါဒ, အတိရေကပါဒါရဟ–ယူသောဌာန်။ ၂–ဌာန်တို့တွင်၊ အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ထိုက်သောဝတ္ထုကို ခိုးသော်၊ အလေးချိန်ငွေတမတ်ထက် ပိုလွန်သော ဝတ္ထု၏အတိုးက အတိရေကပါဒ၊ အလေးချိန်ငွေတမတ်ထက် ပိုလွန်၍ ထိုက်သော ဝတ္ထုက အတိရေကပါဒါရဟ–ဟု ဆုံးဖြတ်ချက်ချ၍၊ အကျယ်ပြဆိုဖွယ်မရှိ ပါရာဇိကကျ၏။

ကောပနဝါဒေါ တတော အတိရေကတမှိံ – ဟု ကင်္ခါမိန့်ဆိုချက်။

တတော ပါဒ ပါဒါရဟဘဏ္ဍတော အတိရေကတရေသွံ အဓိက ဘဏ္ဍေ ကောပနဝါဒေါ နတ္ထေဝ ဝါဒေါ၊ ပါရာဇိကော ဟောတိ တိ ယောဇနာ။-ဟု ကင်္ခါယောဇနာ မဟာဋီကာ မိန့်ဆိုချက်၊ အနက် အဓိပ္ပါယ်ကို သိလွယ် ယူလွယ်ပြီ။

## ပါဒ, ပါဒါရဟ ယူသောဌာန ပိမ္ဗိသာရမင်း၏ ပမာဏဟု မှတ်အပ်သည်ကို ပြခြင်း

ခိုးသော ဝတ္ထု၏အဘိုး အလေးချိန် ငွေတမတ်ဆိုဒါက-ပါဒ၊ ခိုးသော ဝတ္ထု အလေးချိန် ငွေတမတ်ထိုက်ဆိုတာက-ပါဒါရဟ။ ပါဒ, ပါဒါရဟ ယူသောဌာနကို၊ ပိမ္ဗိသာရမင်း ပမာဏဟု၊ မှတ်ကြရမည်။ ထို့ကြောင့်''ယထာ ရူပေ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတွာ ဟနေယျုံ ဝါ ဗန္ဓေယျုံ ဝါ ပဗ္ဗာဇေယျုံ ဝါ''ဟု ဟောတော်မူပြီ။

အကြွင်းသို့ သဘောရှိသော အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းကြောင့်၊ ပိမ္ဗိသာရမင်းသည် ခိုးသူကိုဖမ်း၍၊ သတ်မှုလည်း သတ်ရာ၏၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ရာ၏၊ ပြည်မှမှုလည်း နှင်ထုတ်ရာ၏။ ရာဇာနော-ဟု ဆိုသော်လည်း၊ ပိမ္ဗိသာရမင်းကိုသာ ရည်၍ ဆိုသောစကားတည်း။ တပါးသောမင်း ပမာဏမဟုတ်။

ရာဇာနောတိ ဣဒံ ပိမ္ဗိသာရမေဝ သန္ဓာယ ဝုတ္တံ၊ အညေ ပန တထာ ကရေယျုံ ဝါ န ဝါ ကရေယျုန္တိ နစေတ ပမာဏံ။-ဟူသော ပါဠိကိုရှု။

ယထာ ရူပေတိ ယာဒိသေ၊ အဒိန္နာဒါနေတိ အဒိန္နဿ ပရသန္တကဿ ဂဟဏေ ကီဒိသဿ ပန အဒိန္နဿ အာဒါနေ ရာဇာနော ဝဓံ ကရေယျုန္တိ၊ ပါဒဿ ဝါ ပါဒါရဟဿ ဝါ။ ။ကင်္ခါ။

ယထာရူပေတိ၊ ယာဒိသေ-ဟူသည်ကား။ ယာဒိသေ၊ အကြွင်းသို့ သဘောရှိသော။ အဒိန္နာ ဒါနေတိ၊ အဒိန္နာဒါနေ-ဟူသည်ကား။

အဒိန္နဿ၊ အရှင်မပေးသော၊ ပရသန္တကဿ၊ သူ့ဥစ္စာကို၊ ဂဟဏေ၊ ခိုးယူခြင်းကြောင့်။ ၊ကီဒိသဿ ပန၊ အဘယ်မျှသဘောရှိသော၊ အဒိန္နဿ၊ အရှင်မပေးသော၊ ပရသန္တကဿ၊ သူ့ဥစ္စာကို၊ အာဒါနေ၊ ခိုးယူခြင်းကြောင့်။ ရာဇာနော၊ မင်းတို့သည်၊ ဧဝံ၊ ဤသို့ ခိုးသူကို ဘမ်း၍ သတ်ခြင်း, နှောင်ဖွဲ့ခြင်း, ပြည်မှ နှင်ထုတ်ခြင်းကို၊ ကရေန္တိ၊ ပြုကုန်သနည်း။ ဣတိ ဧဝံ၊ ဤသို့၊ ပုဋ္ဌေ၊ မေးအပ်သည်ရှိသော်။ ပါဒဿ ဝါ၊ ခိုးသောဝတ္ထု၏ အတိုးက အလေးချိန် ငွေတမတ်မျှလည်းဖြစ်သော၊ ပါဒါရဟဿ ဝါ၊ ခိုးသောဝတ္ထုက အလေးချိန် ငွေတမတ် ထိုက်ရုံမျှလည်းဖြစ်သော၊ ယာဒိသေ–ယာဒိသဿ၊ အကြင်သို့သဘောရှိသော၊ အဒိန္နဿ၊ အရှင်မပေးသော။ ပရသန္တကဿ၊ သူ့ဥစ္စာကို၊ အာဒါနေ၊ ခိုးယူခြင်းကြောင့်၊ ရာဇာနော၊ မင်းတို့သည်၊ ဧဝံ၊ ဤသို့ ခိုးသူကိုဘမ်း၍ သတ်ခြင်း,နှောင်ဖွဲ့ခြင်း, ပြည်မှ နှင်ထုတ်ခြင်းကို။ ကရေန္တိ၊ ပြုကုန်၏၊ ဣတိ ဧဝံ၊ ဤသို့၊ ဝိသဇ္ဇေတဗ္ဗော၊ ဖြေဆိုအပ်၏၊ ၊ကရေန္တီတိ ဧတ္ထ ဣတိ သဒ္ဒေါ လုတ္တနိဒ္ဒိဋ္ဌော။-ဟု မိန့်ချက်ကိုရှု။

အကြင်သို့ ခိုးသောဝတ္ထု၏ အတိုးက အလေးချိန် ငွေတမတ်မျှ၊ ခိုးသောဝတ္ထုက အလေးချိန် ငွေတမတ်ထိုက်ရုံမျှ သဘောရှိသော၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းကြောင့်၊ ဗိမ္ဗိသာရမင်းသည်၊ ခိုးသူကိုဘမ်း၍ သတ်ခြင်း, ပြည်မှ နှင်ထုတ်ခြင်းကိုပြု၏၊ ထိုသို့ ခိုးသောဝတ္ထု၏ အတိုးက အလေးချိန် ငွေတမတ်မျှ၊ ခိုးသောဝတ္ထုက အလေးချိန် ငွေတမတ်ထိုက်ရုံမျှ သဘောရှိသော၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူသောရဟန်းသည်၊ ပါရာဇိက ကျ၏ဟု၊ ဘွင့်ပြတော်မူခြင်းငှါ။ ၊တထာ ရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနောတိ တာဒိသံ ဘိက္ခု။-ဤသို့ စသော ပါဠိကိုမိန့်၊

> တထာ ရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနောတိ တာဒိသံ ဘိက္ခု ပေါရာဏကဿ ကဟာပဏဿ ပါဒံ ဝါ ပါဒါရဟံ ဝါ ဘဏ္ဍံ အဒိန္နံ ဘူမိအာဒီသု ယတ္ထ ကတ္ထစိ ဌိတံ ယံကိဉ္စိ သဇီဝံ နိဇ္ဇီဝံ ဝုတ္တပကာရာနံ အဝ

ဟာရာနံ့ ယေနကေနစိ အဝဟာရေန အဝဟာရန္တော ပါရာဇိကော ဟောတိ။ ။ကန်ါ။

တထာ ရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော တိ၊ အာဒိယမာနော-ဟူသည်ကား။ တာဒိသံ၊ ထိုသို့ ခိုးသောဝတ္ထု၏ အဘိုးက အလေးချိန် ငွေတမတ်မျှ၊ ခိုးသောဝတ္ထုက အလေးချိန် ငွေတမတ်ထိုက်ရုံမျှ သဘောရှိသော။ ပေါရာဏကဿ၊ ရှေးကျမ်းဟောင်းအား လျော်သော။ ကဟာပဏဿ၊ တကျပ်လေး၏၊ စတုတ္ထ ဘာဂံ၊ လေးဘို့တဘို့ရှိသော၊ ဝါ၊ လေးဘို့တဘို့ဖြစ်သော တမတ်လေးနှင့်ချိန်သော၊ ပါဒံဝါ၊ အဘိုးက အလေးချိန် ငွေတမတ်မျှလည်းဖြစ်သော၊ ပါဒါရဟံဝါ၊ ဝတ္ထုက အလေးချိန် ငွေတမတ် ထိုက်ရုံမျှလည်းဖြစ်သော၊ ဘူမိအာဒိသု၊ ဘူမိအစ-နိမိတ္တကမ္မ အဆုံးရှိသော ဌာန ၃၀-တို့တွင်၊ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိ တစုံတခုသောဌာန၌။ ဌိတံ၊ တည်သော၊ ယံ ကိဉ္စိ၊ အလုံးစုံသော၊ သဝိဉ္ဉာဏ ဝါ အဝိဉ္ဉာဏ ဝါ၊ သက်ရှိ သက်မဲ့ဖြစ်သော။ အဒိန္နံ၊ အရှင်မပေးသော။ ဘဏ္ဍံ၊ သူ့ဥစ္စာကို။ ဝုတ္တ ပကာရာနံ၊ ဆိုအပ်ပြီးသော အခြင်းအရာရှိကုန်သော။ အဝဟာရာနံ၊ ခိုးခြင်း ၂၅-ပါးတို့တွင်၊ ယေန ကေနစိ အဝဟာရေန၊ အမှတ်မရှိ တပါး ပါးသော ခိုးခြင်းဖြင့်၊ အဝဟာရန္တော၊ ခိုးသော၊ ဘိက္ခု၊ ရဟန်းသည်၊ ပါရာဇိကော၊ ပါရာဇိက ကျသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။

ကဟာပဏဿ၊ တကျပ်လေး၏ဟု၊ သာမည အနက်ပေးသော်လည်း၊ ကျပ်လေး ၃-မျိုး တမျိုးမျိုးကိုယူ။

ပေါရာဏကဿာတိ ပေါရာဏ သတ္ထုပ္ပါဒံ ဥပ္ပါဒိတဿ လက္ခဏသမ္ပန္နဿ နီလကဟာပဏ သဒိသဿ ကဟာပဏဿ၊ ဧတေန ရုဒြဒါမကာဒီနိ ပဋိက္ခိပတိ။-ဟူသော ကင်္ခါဋီကာသစ်ကိုရှု။ ။နီလ ကဟာပဏမည်သော ကျပ်လေး၊ နီလ ကဟာပဏ နှင့်တူသော ရွှေကျပ်လေး၊ ငွေကျပ်လေး ၃-မျိုး၊ တမျိုးမျိုးကို ယူ ဟူလိုသည်။

ကဟာပဏဿ-ဟူသော သမ္ဗန်၏ သမ္ဗန္ဓိကို၊ စတုတ္ထ ဘာဂံ-ဟု ထည့်စေလိုသည်၊ "ပါဒေန ကဟာပဏဿ စတုတ္ထ ဘာဂံ။" ဖွင့်ပြဟန်ကိုရှု။

စတုတ္ထော ဘာဂေါ ယဿာတိ စတုတ္ထ ဘာဂေါ၊ တံ စတုတ္ထ ဘာဂံ-ဟု ဝိဘတျန်ခံပြီးလျှင်၊ စတုတ္ထော ဘာဂေါ-ဝါကျ ဟောအခိုက် တမတ်လေးကိုယူ၍၊ စတုတ္ထ ဘာဂေါ-အညဟောအခိုက် လေးတို့တတို့ရှိသော ဝိသေသန အနက်၊ ဝါ၊ လေးတို့တတို့ဖြစ်သော တမတ်လေးနှင့်ချိန်သော ဝိသေသန အနက်ကိုယူ၍၊ ကဟာပဏဿ စတုတ္ထ ဘာဂံ ပါဒံဝါ-ဟူသော ဝါကျအနက်၏ အဓိပ္ပါယ်ပြန်ကို၊ တကျပ်လေး၏ လေးတို့တတို့ရှိသော အလေးချိန်ငွေတမတ်။ ဝါ၊ တကျပ်လေး၏ လေးတို့တတို့ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော အလေးချိန်ငွေတမတ် ဆိုလိုသည်။ ။ပေါရာဏကဿ ကဟာပဏဿ စတုတ္ထော ဘာဂေါ ပါဒေါ၊ ပါဒံ အရဟတီတိ ပါဒါရဟော၊ တဿ ပါဒဿ ဝါ ပါဒါရဟဿ ဝါ။-ဟူသော ကင်္ခါဋီကာသစ် ဝါကျနက်၏ အဓိပ္ပါယ်ပြန်ကိုလည်း၊ ဆန့်ကျင်သည် မထင်လင့်။ ။တကျပ်လေး၏ လေးတို့တတို့ဟူသော တမတ်လေးသည်၊ ပါဒမည်၏။ တမတ်လေးထိုက်သော ဝတ္ထုသည်၊ ပါဒါရဟမည်၏။ ဤသို့ဆိုပြီးမှ၊-

တထာ သော ရူပေါ သဘာဝေါ ဧတဿ အတ္ထီတိ တထာရူပေါ။-ဋီကာဂျင် ဟောသကဲ့သို့။ ထို့အတူ၊ တာသော ဒိသော သဘာဝေါ၊ ယဿ ပါဒဿာတိ တာဒိသော။ တဿ တာဒိသဿ-ဟု ဝိဘတျန်ခံပြီးလျှင်။ တာသော ဒိသော သဘာဝေါ၊ ဝါကျဟောအခိုက် တမတ်လေးကိုယူ၍၊ တာဒိသော အညဟောအခိုက် တမတ်လေးသဘောရှိသော ဝိသေသန အနက်၊ တမတ်လေးနှင့်ချိန်သော ဝိသေသန အနက်ကိုယူ၍၊ တဿ တာဒိသဿ ပါဒဿ ဝါ ပါဒါရဟဿ ဝါ၊-ဟူသော ဝါကျနက်၏ အဓိပ္ပါယ်ပြန်ကို၊ ထိုတကျပ်လေး၏ လေးတို့တတို့ တမတ်လေးသဘောရှိသော။ ဝါ၊ တမတ်လေးနှင့်ချိန်သော အလေးချိန်ငွေတမတ်၊ တမတ်လေးနှင့်ချိန်သော အလေးချိန်ငွေတမတ်ထိုက်သောဝတ္ထုဟု ဆိုလိုသည်။

## ပါဒ အရကို ဟောဋ္ဌိမဏ္ဍ အပွကနည်းဖြင့် ပြဆိုခြင်း

ခိုးသောရဟန်းက ပါရာဇိကကျ၏ ဆိုသော်၊ ပါရာဇိကကျသော ရဟန်း၏ ခိုးခြင်းက ၂၅-ပါး၊ တပါး တပါး သောခိုးခြင်းကို၊ သဗ္ဗိဝ ဘဏ္ဍာ၊ နိဋ္ဌိဝဘဏ္ဍာ ၂-ပါး၊ ၂-ပါးနှင့် ယှဉ်၍၊ သဗ္ဗိဝဘဏ္ဍာ၊ နိဋ္ဌိဝ ဘဏ္ဍာ ၂-ပါး၊ ၂-ပါးကိုလည်း၊ဘူမဋ္ဌ အစ၊ နိမိတ္တကမ္မ အဆုံးရှိသော ၃၀-သော တည်ရာဌာန၊ တပါး တပါးသော တည်ရာဌာနနှင့်ယှဉ် ၍၊ အလုံးစုံသော ခိုးခြင်း၊အလုံးစုံသော ဘဏ္ဍာ၊အလုံးစုံသော တည် ရာဌာန၊ ပေါင်းဆုံ၍ပြသော၊ အရှင်မပေးသော သူ့ဥစ္စာ၊ တမတ်တန် သောဘဏ္ဍာ တခုတခုကို၊ တမတ်တန်ခိုးသောဝတ္ထု တခုတခုပြု၍၊တ မတ်တန်ခိုးသောဝတ္ထု တခုတခု၏အဘိုး၊အလေးချိန်ငွေတမတ်ဆိုတာ က-ပါဒ၊ တမတ်တန်ခိုးသောဝတ္ထု တခုတခု၊ အလေးချိန်ငွေတမတ် ထိုက်ဆိုတာက-ပါဒါရဟ။ ဤသို့တမတ်တန်ခိုးသောဝတ္ထု၊တခုတခု နှင့် အစုံအစုံ ယှဉ်၍ပြသော၊ ပါဒ,ပါဒါရဟ အရာဌာနကို၊ အဋ္ဌက ထာ ဖွင့်ပြတော်မူသည်မှတပါး၊ ဝဇိရဗုဒ္ဓိ, သာရတ္ထ, ဝိမတိဋီကာ ကြီးသုံးစောင်၊အရိပ်အရောင်မျှ ဖွင့်မပြသောကြောင့်၊ ကြားချောင် ၍ကျသော၊ ဟောဋ္ဌိမဏ္ဍ အပွကနည်းဖြင့်၊ပါဒ, ပါဒါရဟ ၂-ဌာနတွင်၊ ပါဒအရကို အထက်ရတနာမျိုး ၉-ရပ်၊ ငွေတမတ်စသည်တို့နှင့် မ ဆက်ဆံစေဘဲ၊ တမတ်တန်ခိုးသောဝတ္ထု တခုတခု၏အဘိုးကိုသာ၊ အလေးချိန် ငွေတမတ် အကပ္ပိယ ဘဏ္ဍာဟု အဆုံး အဖြတ်ကိုပြု ခြင်းငှာ။......

> ပါဒေန ကဟာပဏဿ စတုတ္ထဘာဂံ အကပ္ပိယဘဏ္ဍာ မေဝ ဒဿေတိ၊ ပါဒါရဟေန ပါဒဂ္ဃနကံ ကပ္ပိယဘဏ္ဍံ၊ ဒွေဝတာ ဟောဋ္ဌိမဏ္ဍဒဿနေန သဗ္ဗာကာရေန ဒုတိယပါ ရာဇိကပ္ပဟောနကဝတ္ထု ဒဿိတံ ဟောတီတိ ဒဋ္ဌဗ္ဗံ။-ဟူ သောပါဠိကိုမှီ၍။ ။ကင်္ခါဋီကာသစ်,ကင်္ခါယောဇနာ မဟာဋီကာ။ ။ မြန်မာသမ္မုန် အနက်ပြန်ဘို့မလို၊ ဆိုခဲ့ပြီ။

ထိုလိုရင်း အဓိပ္ပါယ်သော်ကား။ တမတ်တန်ခိုးသောဝတ္ထု၊ တခု တခု၏အဘိုးကို ပါဒသဒ္ဒါဖြင့်ပြသော၊ တကျပ်လေး၏ ၄-ဘို့တဘို့

ဖြစ်သော၊ တမတ်သေးနှင့်ချိန်သော၊ အလေးချိန်ငွေတမတ် အကပ္ပိယ ဘဏ္ဍာပဒ အဆုံးအဖြတ်ပြုမှ၊ ပေါင္ဒ၀မန္တ အယုတ်ဆုံးကျသည်ဟူလို သတတ်။ ပါဒေန ကဟာပဏဿ စတုတ္ထဘာဂ^-ဟူသောပါဠိ၏ အနက်၊ ပါဒသဒ္ဒါဖြင့်ပြသော တကျပ်လေး၏ ၄-ဘို့တဘို့ဖြစ်သော၊ တမတ်လေးနှင့် ချိန်သော အလေးချိန် ရွှေဘမတ်, ပတ္တမြား တမတ်, ပုလဲ တမတ်, ကြောင်မျက်ရွဲ တမတ်, ခရုသင်း တမတ်, သလင်း တမတ်, သန္တာ တမတ်, ပတ္တမြားနီ တမတ်, ပတ္တမြားပြောက် တမတ်ကို၊ မတ်အမည်တူဆက်ဆံကြသေ်လည်း၊တမတ်တန်ခိုးသောဝတ္ထု တခု တခု၏အဘိုးဟု အဆုံးအဖြတ်မပြုရ၊ အတိရေကဘာဂ အလေးချိန်ငွေ တမတ်ထက် ပိုလွန်ကြသည့်ဟူလိုသတတ်။ ။ကင်္ခါဋီကာသစ်၊ကင်္ခါ ယောဇနာ မဟာဋီကာ၌၊ နိဂုမ်းဝါကျ ပေါဋ္ဌမန္တစကားသည်၊ ရှေ့ ဝါကျ ပါဒတော ပဉ္စာယမှ လာသောစကားတည်း။ ပါဒတော ပဉ္စာ ယ စကားသည်လည်း၊ ယထာရူပံမှ လာသောစကားတည်း။ ။ အယုတ်ဆုံး အလေးချိန်ငွေတမတ်မှစ၍ဖြစ်သည့်ကား၊ ယထာရူပ သဘောဟူလို။ ။ယထာရူပေ အဒိန္နာဒါနေ–ဟူသော စကားသည် လည်း၊ ပါဒေနဝါ ဘဏ္ဍေ ပါဒါရဟေနဝါ-ဟူသော နိဒါန်း ပုစ္ဆာ, ဝိသဇ္ဇနာမှ လာသောစကားတည်း။

ကိတ္တကေန ခေါ ဘိက္ခု ရာဇာ မဂဓော သေနိယော ဗိမ္ဗိသာရော စောရံ ဂဟေတွာ ဟနတိဝါ ဗန္ဓတိဝါ ပဗ္ဗာဇေတိဝါတိ၊ ပါဒေန ဘဂဝါ ပါဒါရဟေနဝါတိ။

ပါရာဇိကဏ် ပါဠိတော်။

ဘိက္ခု၊ ရဟန်း။ ကိတ္တကေန၊ အဘယ်မျှသော သူ့ဥစ္စာကိုခိုးယူ ခြင်းကြောင့်၊ ရာဇာ။ပ။ဗိမ္ဗိသာရော၊ ဗိမ္ဗိသာရမင်းသည်။ စောရံ၊ ခိုးသူကို။ဂဟေတွာ၊ ဘမ်း၍။ ဟနတိဝါ၊သတ်မူလည်းသတ်သနည်း။ ဗန္ဓတိဝါ၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့သနည်း။ ပဗ္ဗာဇေတိဝါ၊ ပြည်မှ မူလည်း နှင်ထုတ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတော၊ မေးတော်မူအပ် သည်ရှိသော်။ဘဂဝါ၊ ဘုရား။ ပါဒေနဝါ၊တမတ်သော ဥစ္စာကြောင့် ၎င်း။ဝါ၊တမတ်သောဥစ္စာကိုခိုးယူခြင်းကြောင့်၎င်း။ပါဒါရဟေနဝါ၊

တမတ်ထိုက်သော ဥစ္စာကြောင့်ရင်း၊ ဝါ၊ တမတ်ထိုက်သောဥစ္စာကို ခိုးယူခြင်းကြောင့်ရင်း၊ (နိဿယနက်)။ ။ရာဇာ။ပ။ပိမ္မိသာရော၊ပိမ္မိ သာရမင်းသည်။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ဘမ်း၍။ ဟာနတိဝါ၊ သတ်မှုလည်း သတ်၏။ ဗန္ဓတိဝါ၊နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့၏။ ပဗ္ဗာ ဇေတိဝါ၊ ပြည်မှမှုလည်း နှင်ထုတ်၏။ ဧတ္တိ၊ ဤသို့။ အဝေါစ၊ နား တော်လျှောက်၏။

ပါဒေနဝါ-ဟူသောပါဠိဖြင့်၊ ခိုးသောဝတ္ထု၏ အတိုးကို၊ အလေး ချိန်ငွေတမတ်ကိုပြ၏။ ပါဒါရဟောဝါ-ဟူသောပါဠိဖြင့်၊ ခိုးသော ဝတ္ထုကို၊ အလေးချိန်ငွေတမတ်ထိုက်သည်ကိုပြ၏။ တမတ်လေးကို၊ ပဥ္စမာသကော ပါဒေါ-ဟူသောပါဠိဖြင့်ပြ၏။ ။ထို့ကြောင့်၊—

## ပဥ္စမာသကသည် ပါဒမည်သည်ကို ပြခြင်း

တေန ခေါ ပန သမယေန ရာဇဂဟေ ပဥ္စမာသကော ပါဒေါ ဟောတိ။ ။ပါဠိတော်။

တေန ခေါပန သမယေန၊ ထိုအခါ၌။ ရာဇဂဟေ၊ ၌။ ပဥ္စမာသ ကော၊ ၅ပဲသည်။ ပါဒေါ၊ တမတ်မည်သည်။ ဟောတိ၊ ဖြစ်၏။—ဟူ သော ပါဠိအနက်ကိုရှု။

၅-ပဲသည်၊ တမတ်လေးမည်၏ ဟူလိုသည်။ ၅-ပဲကို တမတ်ဆို ပုံကား၊ဆယ်နိုင် ရွှေတပဲ၊ ဆယ်နိုင် ငွေတပဲ၊ ကြေးနီစင် တပဲ၊ ကြေး ဖြူစင် တပဲ၊ ၄—ပဲကိုရောစပ်သော၄၁၊ခဲမစင် တပဲ။၍၅-ပဲသည်ကား၊ တမတ်ဟုဆိုသည်။ ။ရွှေဥမင် နိဿယ။

ဝိနယ ဝိနိစ္ဆယဋီကာ ဆိုပုံကား။ ရွှေ ၅-ရွေး,ငွေ ၅-ရွေး, ကြေး နီ ၁၀-ရွေး။၍ရွေး ၂၀-သည်ကား၊ တမတ်လေးမည်၏ဟုဆိုသည်။ အချိန်အဆ ပမာဏမှာ အတူတူ။

အဘယ်ကြောင့် ငါးပဲသည်၊ တမတ်လေးမည်သနည်း။ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူသော ထိုအခါ၊ ရာဇဂြိုဟ် ပြည်၌ အကြွင့်ကြောင့် ပဲ ၂၀—သည်၊ တကျပ်လေးမည်၏။ ထို့ ကြောင့် ၅-ပဲသည်၊ တမတ်လေးမည်သတည်း ဟူလိုသတတ်။

**ပဉ္စမာသကော ပါဒေါတိ တဒါ ရာဇဂဟေ ဝီသတိ မာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဉ္စမာသကော ပါဒေါ။** ။ပါရာဇိကဏ် အဋ္ဌကထာ။

ပဉ္စမာသကော ပါဒေါတိ၊ ပဉ္စမာသကော ပါဒေါ-ဟူသည်ကား၊ တဒါ၊ ထိုအခါ၌၊ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌၊ ဝီသတိမာသကော၊ ပဲ၂၀-သည်၊ ကဟာပဏော၊ တကျပ်လေးသည်။ ယသ္မာ၊ အကြင့်ကြောင့်၊ ဟောတိ၊ ဖြစ်၏၊ တသ္မာ၊ ထို့ကြောင့်၊ ပဉ္စမာသကော၊ ၅-ပဲသည်၊ ပါဒေါ၊ တမတ်လေးသည်၊ ဟောတိ၊ ၏။ ။အနက်။

**ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏဿ စတုတ္ထဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော။ သော စခေါ ပေါရာဏဿ နီလကဟာပဏဿ ဝသေန၊ န ဣတရေသံ ဒုဒြဒါမကာဒီနံ။** ။ပါရာဇိကဏ် အဋ္ဌကထာ။

ဧတေန လက္ခဏေန၊ ဤလက္ခဏာဖြင့်။ သဗ္ဗဇနပဒေသု၊ အလုံးစုံသော ဇနပုဒ်တို့၌။ ကဟာပဏဿ၊ တကျပ်လေး၏။ စတုတ္ထ ဘာဂေါ၊ ၄-ဘို့တဘို့ကို။ ပါဒေါတိ၊ တမတ်လေးဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သော စခေါ ပါဒေါ၊ ထိုတမတ်လေးကိုလည်း၊ ပေါရာဏဿ၊ ရှေးကျမ်းဟောင်းအား လျော်သော၊ နီလ ကဟာပဏဿ၊ ယုတ်သောအဖြစ် လွန်သောအဖြစ်မှ ကင်းသော တကျပ်လေး၏။ ဝသေန၊ လေးဘို့တဘို့ အလိုအားဖြင့်၊ ဝေဒိတဗ္ဗော၊ သိအပ်၏၊ ဣတရေသံ၊ နီလ ကဟာပဏမှ တပါးကုန်သော၊ ဒုဒြဒါမကာဒီနံ၊ ကျပ်သုံးဒင်္ဂါးစသည်တို့၏၊ ဝသေန၊ လေးဘို့တဘို့ အလိုအားဖြင့်။ န ဝေဒိတဗ္ဗော၊ မသိအပ်။ ။အနက်။ ။ဤနေရာ ၌၊သိမှတ်ရန် အထပ်ထပ် အရပ်ရပ်ကို ဆိုမှသင့်၏၊ မဆိုသော် မသင့်။

စတ္တာရော ဝီဟယော ဂုဉ္ဇာ-ဟူသော အဘိဓါန်ပါဌ်ဖြင့်၊ ဒွေဂုဉ္ဇာ မာသကော ဘဝေ—ဟူသော ရဇတမာသက, သုဝဏ္ဏ မာသကကို ထား၍၊ အဒ၂မာသက သိမှတ်ရန်ကား၊ (ရွေးကြီး)၊ တပဲ ၄-ရွေး၊ တရွေး ၄-စပါး၊ ၂-စပါး ၁-ဆန်၊ ၂၄-ဆန် တပဲ၊ ၁၆-စပါး တပဲ၊

၄-ရွေး တပဲ။ ။(ရွေးလပ်) တပဲ ၆-ရွေး၊ တရွေး ၄-ဆန်၊ ၃-ဆန်
၂-စပါး၊ ၂၄-ဆန် တပဲ၊ ၁၆-စပါး တပဲ၊ ၆-ရွေး တပဲ။ ။(ရွေး
ငယ်) တပဲ ၈-ရွေး၊ တရွေး ၂-စပါး၊ ၂-စပါး ၃-ဆန်၊ ၂၄-ဆန်
တပဲ၊ ၁၆-စပါး တပဲ၊ ၈-ရွေး တပဲ။ တပဲ ၄-ရွေး, ၆-ရွေးကား၊
အထက်အရပ်သုံး၌။ တပဲ ၄-ရွေး, ၈-ရွေးကား၊ အောက်အရပ်
သုံး၌။ ဤလည်းသိမှတ်ရန်တရပ်။ ။နိဿဂ္ဂိ ကောသိယဝဂ်၊ အဋ္ဌ
မ ရူပိယ သိက္ခာပုဒ်ဖွင့်။—

တတ္ထ ကဟာပဏောတိ သောဝဏ္ဏော မယော ဝါ ရူပိယမယော
ဝါ ပါကတိကော ဝါ-ဟူသော အဋ္ဌကထာပါဠိဖြင့် သိမှတ်ရန်
ကား၊ ရွှေကျပ်လေး တမျိုး, ငွေကျပ်လေး တမျိုး, ပကတိကျပ်လေး
တမျိုး။ ကျပ်လေး ၃-မျိုး။ ။ဤလည်း သိမှတ်ရန် တရပ်။

ဤယခု ဒုတိယ ပါရာဇိက သိက္ခာပုဒ်ဖွင့်။ ။တဒါ ရာဇဂဟေ
ဝီသတိ မာသကော ကဟာပဏော ဟောတိ။ ပ ။သဗ္ဗဇနပဒေသု
ကဟာပဏဿ စတုတ္ထ ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော။-ဟူသော
အဋ္ဌကထာပါဠိဖြင့်၊ ရွှေကျပ်လေး, ငွေကျပ်လေးကို၊ ကဟာပဏ
ခေါ်ဆိုကြသည်မှတ်။ ။သောစခေါ ပေါရာဏဿ နီလ ကဟာပ
ဏဿ ဝသေန။-ဟူသော အဋ္ဌကထာ ပါဠိဖြင့်၊ ပကတိ ကျပ်လေး
ကို၊ နီလ ကဟာပဏ ခေါ်ဆိုကြသည်မှတ်။ ။နဋ္ဌကတရေသံ ဒုဒြဒါ
မကာဒိနံ။-ဟူသော အဋ္ဌကထာ ပါဠိဖြင့်။ ကျပ်သုံးဒင်္ဂါး, ကျပ်ပြား
ကို၊ ဒုဒြဒါမက ခေါ်ဆိုကြသည်မှတ်။ ။ဤလည်း သိမှတ်ရန် တရပ်။

## အလေး အမျိုးမျိုးတို့ ဥတုလိုက်၍
## အယုတ်အလွန်ဖြစ်ပုံကို ပြခြင်း

တိဝိဓော ဥတု၊ သီတဥတု, ဥဏှ ဥတု, သမ ဥတု။—ဟူသော ဝိ
သုဒ္ဓိမဂ် ရှပ်ဆက်ပါဠိဖြင့်၊ သိမှတ်ရန်ကား၊ သီတ ဥတု တမျိုး,
ဥဏှ ဥတု တမျိုး, သမဥတု တမျိုး။ ဥတု ၃-မျိုး။

ကြေးကျပ်လေးပြုသော်ကား၊ သီတဥတု-ရုံခါ ယုတ်သောအဖြစ်
ရှိ၏။ ရုံခါ လွန်သောအဖြစ်ရှိ၏။ အပေါ့အလေး မညီမျှ။ သမဥတု

ကိုမရ၊ ယုတ်သော အပြစ်, လွန်သောအပြစ်ရှိခြင်းကြောင့်၊ နီလကဟာပဏ မမည်။

ရွှေကျပ်လေး, ငွေကျပ်လေးပြုသော်ကား၊ ဥဏ္ဏဥတု-ရံခါ ယုတ်သောအပြစ်ရှိ၏၊ ရံခါ လွန်သော အပြစ်ရှိ၏။ အလေးအပေါ့ မညီမျှ။ သမဥတုကို မရ၊ ယုတ်သော အပြစ်, လွန်သောအပြစ်ရှိခြင်းကြောင့်၊ နီလ ကဟာပဏ မမည်။

ရွှေ ၅-ပဲ၊ ငွေ ၅-ပဲ၊ ကြေးနီ ၁၀-ပဲ။ ပဲ ၂၀-ကို ရောနှောစေခြင်းငှါ၊ တစပါးမှ ခဲမ ထည့်၍၊ ကြေးနှင့် ရွှေ, ငွေ အညီအမျှ၊ နီလကဟာပဏ ကျပ်လေးပြုသော်ကား၊ သမဥတု အခါခပ်သိမ်း ယုတ်သောအပြစ်လည်းမရှိ၊ လွန်သောအပြစ်လည်းမရှိ၊ အလေးအပေါ့ညီမျှ၏။ သမဥတုကိုရ၏။ ယုတ်သောအပြစ် လွန်သောအပြစ် မရှိခြင်းကြောင့် နီလ ကဟာပဏမည်၏။ ထို့ကြောင့်၊ဘိုင်း, နိုင်ငံ, မြို့,ရွာ, နိဂုမ်း, ဇနပုဒ်တို့၌၊ တကျပ်လေး၏ လေးတို့ဘတို့ကို၊ တမတ်လေး ခေါ်ဆိုရသော်လည်း၊ ထိုတမတ်လေးကို ရှေးကျမ်းဟောင်းအားလျော်သော၊ ယုတ်သောအပြစ်, လွန်သော အပြစ်မှကင်းသော၊ နီလကဟာပဏမည်သော တကျပ်လေး၏ လေးတို့တတို့အလိုအားဖြင့် သိအပ်သောဟူ၊ အဋ္ဌကထာ ပြောဆိုတော်မူ၏။ ။၌လည်း သိမှတ်ရန် တရပ်။

ဒုတိယ ပါရာဇိကသိက္ခာပုဒ် ပညတ်တော်မူသောကာလ၊ ဗိမ္ဗိသာရမင်း ရွှေလက်ထက်တော် အခါက၊ဒုဗ္ဗိဒါမက ခေါ်ဆိုကြသော၊ ကျပ်သုံးဒင်္ဂါး, ကျပ်ပြားသည်ကား၊ တမတ်လေးချိန် ၃-မတ်ရှိ၏။ မူးလေးချိန် ၇-မူးပဲရှိ၏၊ပဲလေးချိန် ၁၅-ပဲရှိ၏။ ရွေးကြီးချိန် ရွေး၆၀-ရှိ၏။ ။ဒင်္ဂါးတကျပ်ပြုသော်ကား၊ ရွေးကြီး တပဲ ၄-ရွေး၊ တရွေး ၄-စပါး၊ ၁၆-စပါးကို တပဲခေါ်ဆိုရသည်ဖြစ်လျက်၊ မခေါ်ဆိုရဘဲ၊ ၁၅-ပဲပင်ဖြစ်သော်လည်း၊တပဲ၁၅-စပါးကျ ၁၆-ပဲရသောကြောင့်၊ ၁၆-ပဲကို ဒင်္ဂါးတကျပ်ပြု၏။ တကျပ် ၁၆-ပဲ၊ ၂-ပဲ တမူး ၂-မူး တမတ်၊ ၄-မတ်တကျပ်ဖြစ်၏။ ထိုအခါက ကျပ်သုံးဒင်္ဂါး ပြုသော်လည်း၊ မင်းပြစ် ခိုးဒါဏ်မရှိ၊အလေးမမှန်က ချိန်စဥ်းလည်းရောကျ၍၊ ရောင်းဝယ်သောအခါ၊ အတိုးအလို့ငှါ အသုံးမပြုရုံမျှသာရှိ၏။

ထို့အတူ ယခုလူတို့ အသုံးပြုကြသော ကျပ်သုံးဒင်္ဂါး ကျပ်ပြားသည်လည်း၊ တကျပ် ၁၆-ပဲ၊ ၂-ပဲ တမူး၊ ၂-မူး တမတ်၊ ၄-မတ် တကျပ် ဖြစ်၏။ ယခုအခါ ကျပ်သုံးဒင်္ဂါး၊ ဆင်းရဲသားမပြုရ၊ ပြုသော်ကား မင်းပြစ်စိုးဒါဏ် ခံရကြ၏။ ။ဤလည်း သိမှတ်ရန် တရပ်။

တေန ဟိ ပါဒေန – ပုဒ်ဖွင့်။ တေနာတိ ပေါရာဏဿ နီလကဟာပဏဿ စတုတ္ထ ဘာဂဘူတေန-ဟူသော ဝိမတိဋီကာပါဌ်ဖြင့် သိမှတ်ရန်ကား၊ ရှေးကျမ်းဟောင်းအားလျော်သော၊ ယုတ်သော အပြစ် လွန်သောအပြစ်မှ ကင်းသော၊ နီလကဟာပဏမည်သော တကျပ်လေး၏ လေးတို့ တဘို့ရှိသည်ဖြစ်၍ ဖြစ်သော၊ ထိုတမတ် လေးနှင့်ချိန်သော အလေးချိန် ငွေတမတ်ဖြင့်-ဟူ၍ ဖွဲ့ဆိုသော စကားသည်၊ ပါဒေနဝါ ဘဂဝါ ပါဒါရဟောနဝါ-ဟူသော လျှော်ဆိုချက် စကားနှင့်! ပါဒေန-ပုဒ်ကိုဖွဲ့သည်ဟု၊ အသေအချာမှတ်။

စတုတ္ထ ဘာဂဘူတေန-ပုဒ်ကို၊ ဝိဂြိုဟ်ဆိုသော်၊ စတုတ္ထော ဘာဂေါ ဟုတွာ ဘူတော စတုတ္ထ ဘာဂဘူတော – ဟု ကမ္မဓါရည်း ဝိဂြိုဟ်သက်သက် မဆိုသင့်။ ။စတုတ္ထော ဘာဂေါ ယဿာတိ စတုတ္ထ ဘာဂေါ၊ စတုတ္ထဘာဂေါ ဟုတွာ ဘူတော စတုတ္ထ ဘာဂဘူတော၊ တေန စတုတ္ထ ဘာဂ ဘူတေန။-ဟု ဗဟုဗ္ဗီဟိ သမာသ်အတွင်းဝှပ်သော၊ ကမ္မဓါရည်း ဝိဂြိုဟ်ဆိုမှသင့်၏။ ။ဤလည်း သိမှတ်ရန် တရပ်။

## မြတ်စွာဘုရား တမတ်တန်ဝတ္ထု ပါရာဇိက-ဟု ပညတ်ခြင်း၏ အကြောင်းကို ပြခြင်း

ဤသို့သိမှတ်ရန် အထပ်ထပ် အရပ်ရပ်ကို၊ ဆိုအပ်ပြီးသောစကား အစဥ်ဖြင့်၊ ဆိလိုရင်းတချ၊ ဒုတိယပါရာဇိကလောက်အောင်၊ တမတ် တန်ခိုးသောဝတ္ထု၏အတိုကို၊ ဝိနည်းဓိုရ်က အလေးချိန် ငွေတမတ် ဟု အဆုံးအဖြတ်ကိုပြုသော်၊ မသင့်မလျော် မတော်မတန်၊ ကြီးသော သူတို့၏ ယုံမှားသံသယ ဒွိဟကင်းစင် သိထင်မြင်စေဦးမှ၊ သုံးလူ့ ဘသနင်း တရားမင်းစင်စစ်ဖြစ်ချေသည်တကားဟု၊ ထူးပြားသော

စကား၌ ထူးပြားသောအနက်ကို၊ မိန်းမောတွေဝေခြင်းမရှိပါလျှင်၊ သိမြင်လောက်သော အနုသန္ဓေကို၊ ပဝေဏီ အဆက်ဆက် အစဉ် ပျက်ခြင်းငှာ မဘတ်ကောင်းသော၊ ရှေးဘုရားအပေါင်းတို့နှင့် ထပ်တူ ထပ်မျှ၊ အလေးချိန်ငွေဘမတ်မျှဖြင့်၊ ဒုတိယပါရာဇိကအာပတ် ပညတ်တော်မူသော ကာလတိုင်အောင်၊ ဆောင်ပြတော်မူသော အဋ္ဌကထာပါဠိ၌ စကားရပ် အဓိပ္ပါယ်သည်ကား။ မြတ်စွာဘုရား သခင်သည်၊ ကိုယ်တော်တိုင် လောကဝေါဟာရကိုလည်း သိတော်မူ၏။ ရှေးဘုရားတို့၏ ပညတ်ကိုလည်း သိတော်မူ၏။ ရှေး၌လည်း ဘုရားရှင်တို့သည်၊ ဤမျှဖြင့် ပါရာဇိကအာပတ် ပညတ်ကုန်ပြီး။ ဤမျှဖြင့် ထုလ္လစ္စည်းအာပတ်ပညတ်ကုန်ပြီး၊ ဤမျှဖြင့် ဒုက္ကဋ်အာပတ်ပညတ်ကုန်ပြီး။ ဤသို့နှင်နှင် ငါဘုရားပင် သိတော်မူသော်လည်း၊ လောကဝေါဟာရ၌ လိမ္မာသောပညာရှိတို့နှင့်အတူတကွ မတိုင်ပင် မနှိုးနှောမူ၍ အလေးချိန်ငွေတမတ်မျှဖြင့်၊ ပါရာဇိကအာပတ် အကယ်၍ ငါဘုရားပညတ်တော်မူသည်ဖြစ်အံ့။ ထိုသို့ပညတ်တော်မူခြင်းကြောင့်၊ ငါဘုရားအား မသင့် မလျော်။ မတော်မတန်ကြံသောသူတို့သည်၊ ဆိုနိုင်သည်ဖြစ်ကုန်ရာ၏။ သိလကိုစောင့်ရှောက်ရသော မည်သည်ကား၊ တယောက်သောရဟန်းအားလည်း မနှိုင်းသွဉ်နိုင် မရေတွက်နိုင်၊ မြေကြီး သမုဒ္ဒရာ အဇ္ဈောကောင်းကင်ကဲ့သို့၊ အလွန့်ပြန့်ကျယ်သည်တကား။ အဘယ့်ကြောင့် ရှင်တော်ဘုရားသည်၊ အလေးချိန်ငွေဘမတ်ဖြင့် ဖျက်ဆီးတော်မူလေဘိသနည်း။ ဤသို့ မသင့်မလျော်မတော်မတန် ကြံသောသူတို့သည်၊ ဆိုနိုင်သည်ဖြစ်ကုန်ရာ၏။ ငါဘုရား၏ဗုဒ္ဓဉာဏ်တော်ကိုလည်း မသင့်မလျော် မတော်မတန်ကြံသောသူတို့သည်။ မသိကုန်သည်ရှိသော်၊ သိက္ခာပုဒ်ကို ချီးဖေါက် ပြောက်ကျား၊ ပျက်ပြားသည်ဖြစ်ကုန်ရာ၏။ ပညတ်သော သိက္ခာပုဒ်သည်လည်း၊ ငါဘုရားမြတ် ပညတ်ထားတိုင်း တည်သည်မဖြစ်ရာ၊ လောကဝေါဟာရ၌ လိမ္မာသော ပညာရှိတို့နှင့်အတူတကွ၊ တိုင်ပင်နှိုးနှော၍ ပညတ်သော်ကား၊ ထိုသို့ မသင့်မလျော် မတော်မတန်ကြံသောသူတို့၏ စွပ်စွဲကဲ့ရဲ့သော ဥပဝါဒသေးမဖြစ်၊ စင်စစ်သော်ကား၊ ဤသို့ အသင့် အလျော်အတော် အတန်၊ ကြံ၍ကြံ၍ ချီးမွမ်းသောစကား၊

ပြောကြားတတ်သော သူတို့သည်သာ ဖြစ်ကုန်ရာ၏။ ဃရာဝါသေ၊ အိမ်၌နေသူ လူတို့စင်လျက်၊ အလေးချိန်ငွေတမတ်မျှဖြင့်၊ ခိုးသူကို သတ်မှုလည်း သတ်ကုန်သေး၏၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်သေး၏၊ နှင်ထုတ်မှုလည်း နှင်ထုတ်ကုန်သေး၏၊ အဘယ့်ကြောင့် မြတ်စွာဘုရားသခင်သည်၊ ခိုးသောရဟန်းကို မဖျက်ဆီးဘဲရှိပါအံ့နည်း။ ရဟန်းမည်သည်ကား သူတပါးဥစ္စာကို၊ မြက်ခြမ်းတစိတ်မျှ မယူအပ်ကြသည်မဟုတ်လော၊ ဤသို့ အသင့်အလျော် အတော်အတန်၊ ကြံ၍ကြံ၍ ချိုးမွမ်းသောစကား ပြောကြားတတ်သော သူတို့သည်သာ ဖြစ်ကုန်ရာ၏။ ငါဘုရား၏ ဖွဲ့ညာတ်တော်ကံလည်း ထိသည်ဖြစ်ကြကုန်လတံ့၊ ငါဘုရားမြတ်ပညတ်ထားတိုင်း တည်သည်ဖြစ်လတံ့။

ထို့ကြောင့်လောကဝေါဟာရ၌ လိမ္မာသောပညာရှိတို့နှင့် အတူတကွ တိုင်ပင်နှီးနှော၍ ပညတ်တော်မူလိုရကား။ အလုံးစုံသောပရိသတ်ကို လှည့်လည်၍ ကြည့်တော်မူသည်ရှိသော်၊ ထိုအခါ မြတ်စွာဘုရားသည်၊ ရှေး လူဖြစ်စဉ်ကာလ လောကဝေါဟာရ၌ လိမ္မာရေးခြား၊ တရားသူကြီးဖြစ်ခဲ့ဘူးသော၊ အနီး၌နေသော ရဟန်းကိုမြင်တော်မူ၍၊ ရဟန်း-အဘယ်မျှသော ဥစ္စာကိုခိုးယူခြင်းကြောင့်၊ ဗိမ္ဗိသာရမင်းသည် ခိုးသူကိုဘမ်း၍ သတ်မှုလည်းသတ်သနည်း၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့သနည်း၊ နှင်ထုတ်မှုလည်း နှင်ထုတ်သနည်းဟု မေးတော်မူသော်၊ မြတ်စွာဘုရား၊ အလေးချိန်ငွေတမတ်သောဥစ္စာကို ခိုးယူခြင်းကြောင့်၊ အလေးချိန် ငွေတမတ်ထိုက်သော ဥစ္စာကိုခိုးယူခြင်းကြောင့်၊ ဗိမ္ဗိသာရမင်းသည် ခိုးသူကိုဘမ်း၍၊ သတ်မှုလည်းသတ်၏၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့၏၊ နှင်ထုတ်မှုလည်း နှင်ထုတ်၏-ဟု ဖြေကြား လျှောက်ထားသောစကား၊ တသားတည်း ပမာဏ တူမျှသော၊ ရှေးကျမ်းဟောင်းအားလျော်သော၊ ယုတ်သောအပြစ် လွန်သောအပြစ်မှကင်းသော၊ နီလကဟာပဏ မည်သော ဘကျပ်၏၄-ဘို့ဘတို့ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော အလေးချိန်ငွေတမတ်ဖြင့်၊ ရှေးဘုရားတို့သည်လည်း ပါရာဇိကအာပတ် ပညတ်ကုန်ပြီ၊ နောင်ဘုရားတို့သည်လည်း ပါရာဇိကအာပတ် ပညတ်ကုန်လတံ့၊ အလုံးစုံသော ဘုရားရှင်တို့၏ ပညတ်သည်၊ ပါရာဇိကဝတ္ထု ပါရာ

ဇိကအာပတ်၌ ထူးသည်မရှိ။ ဤ၄-ပါးသော ပါရာဇိကဝတ္ထု၊ ဤ၄-ပါးသော ပါရာဇိကအာပတ်သာ ဖြစ်ကြကုန်၏။ ဤ၄-ပါးသော ပါရာဇိကဝတ္ထု၊ ဤ၄-ပါးသော ပါရာဇိကအာပတ်မှ အောက်၊ ယုတ်သောမည်သည် မရှိ၊ အထက် လွန်သောမည်သည်မရှိ၊ ထိုသို့ရှေးရှေး ဘုရားတို့၏ ပညတ်ဝတ္ထုအာပတ်နှင့်၊ နောက်နောက် ဘုရားတို့၏ ပညတ်ဝတ္ထုအာပတ် တူကြသောကြောင့်၊ မြတ်စွာဘုရားသည်လည်း ဓနိယရဟန်းကို ကဲ့ရဲ့တော်မူ၍၊ အလေးချိန်ငွေတမတ်ဖြင့်ပင်၊ ဒုတိယ ပါရာဇိကအာပတ် ပညတ်တော်မူလိုရကား။ ယောပန ဘိက္ခု အဒိန္နံ ထေယျသင်္ခါတံ-ဤသို့အစရှိသောစကားကို မိန့်တော်မူသည်ဟူလို။ ။ကထံနာသမ သိဿပဂံ၊ဂိဇ္ဈပဂံ၊ ဟတ္ထိပဂံ၊ ပါဒုပဂံ၊ ဂဒ္ရုပဂံ၊-ဟူသော ပါဠိသည်၊ ပါဒါရဟောန-သဒ္ဒါနှင့်သာ ဆက်ဆံ၏။ ကထံနာသမ ဃနကဘံ ဗုဒ္ဓတိ-ဟူသော ပါဠိသည်၊ ပါဒေန-သဒ္ဒါနှင့်သာဆက်ဆံ၏။

မြတ်စွာဘုရား၏၊ ကိတ္တကေန ခေါ ဘိက္ခု-ဟူသော သာမညအမေးတော်ကို၊ ရဟန်း၏ပါဒေနဝါ ဘဂဝါ ပါဒါရဟောနဝါ-ဟူသော ဝိသေသ အဖြေစကား၌၊ ပါဒါရဟောန-သဒ္ဒါဖြင့်ပြသော၊ တမတ်တန်ခိုးသောဝတ္ထုကို ဆိုသောစကားရပ်။ ပါဒေန-သဒ္ဒါဖြင့်ပြသော တမတ်တန်ခိုးသောဝတ္ထု၏ အဘိုးကို၊ ရှေးကျမ်းဟောင်းအားလျော်သော ယုတ်သောအပြစ်, လွန်သောအပြစ်မရှိခြင်းကြောင့်၊ နီလကဟာပဏမည်သော တကျပ်လေး၏၄-ဘို့တဘို့ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော အလေးချိန်ငွေတမတ်ကို ဆိုသော စကားရပ်ပြီး၏။

## ရွှေ,ငွေ,ကြေး,ခဲနက်,ခဲဖြူတို့ကို ပေါင်း၊စပ်၍ ကျပ်ဖွဲ့ပုံ အမျိုးမျိုးကို ပြခြင်း

> တဒ္ဓ ကဟာပဏောတိ သောဝဏ္ဏမယောဝါ ရူပိယမယောဝါ ပါကတိကောဝါ။ ဇာတရူပမာသကော ရဇတမာသကော။ ။နိဿဂ္ဂိကောသိယဝဂ်၊ရူပိယသိက္ခာပုဒ်အဖွင့်။

တတ္ထဝဏ္ဏနာ။ ထိုစကား၌၊ ကဟာပဏောတိ၊ ဂဟာပဏော-ဟူသည်ကား။ သောဝဏ္ဏမယော၊ရွှေဖြင့်ပြီးသော၊ကဟာပဏောဝါ၊

ကျပ်လေးသည်လည်း။ အဋ္ဌိ၊ ရှိ၏။ ရူပိယမယော၊ ငွေဖြင့်ပြီးသော။ ကဟာပဏောဝါ၊ ကျပ်လေးသည်လည်း။ အဋ္ဌိ၊ ရှိ၏။ ပါကတိကော၊ ပကတိသော။ ကဟာပဏောဝါ၊ ကျပ်လေးသည်လည်း။ အဋ္ဌိ၊ ရှိ၏။

ဇာတရူပမာသကော-ရွှေကျပ်လေး၊ ရဇတမာသကော-ငွေကျပ်လေး။ ။အနက်။

ဤကားကျပ်ဖွဲ့တည်း။ ပကတိကဟာပဏ-ဟူသည်ကား၊ ရွှေ လေးပဲ၊ ငွေ လေးပဲ၊ ကြေးနီ လေးပဲ၊ ကြေးဖြူ လေးပဲ၊ ခဲမဖြင် လေးပဲ၊ ပေါင်း၍ဖွဲ့သည်ကား၊ ပကတိကဟာပဏတည်း။ ပဲကား ၂၀၊ မူးကား-၁၀၊ မတ်ကား ၄-မတ်ရှိ၏။ ။ရွှေဥမင်နိဿယ အမှာ။

ပါကတိကောနာမ တေရဟိ ပကတိ ကဟာပဏော။
ဇာတရူပမာသကောတိ သုဝဏ္ဏ ကဟာပဏော။ ။
တေရသကဏ် ဋီကာ။

ပါကတိကောနာမ၊ ပါကတိက-မည်သည်ကား၊ တေရဟိ၊ ယခု။ ပကတိကဟာပဏော၊ ပကတိ ကျပ်လေးတည်း။ (ယခုဈေးသည်တို့ ချိန်သော ကျပ်လေးဟူလို) ဇာတရူပ မာသကောတိ၊ ဇာတရူပ မာသကော ဟူသည်ကား။ သုဝဏ္ဏကဟာပဏော၊ ရွှေကျပ်လေးတည်း။ ။ အနက်။

အဋ္ဌမေ သုဝဏ္ဏမယ ကဟာပဏောန ကဟာပဏောပိ ရဇတေဝ သင်္ယှတီတိ အာဟ သုဝဏ္ဏမယောဝါတိ၊ ရူပိယမယောဝါတိ ရဇတေန ရူပံ သမုဋ္ဌာပေတွာ ကတ ကဟာပဏော။ ပါကတိကောနာမ တေရဟိ ပကတိ ကဟာပဏော။ ဇာတရူပ မာသကောတိ သုဝဏ္ဏမယ ကဟာပဏော။ ။ဝိမတိဋီကာ။

အဋ္ဌမေ၊ အဋ္ဌမသိက္ခာပုဒ်၌။ သုဝဏ္ဏမယ ကဟာပဏေန၊ ရွှေဖြင့်ပြီးသော ကျပ်လေးဖြင့်။ ကဟာပဏောပိ၊ ကျပ်လေးကိုလည်း။

ရဇတေဝေ၊ ငွေ၌သာလျှင်၊ ဂယှတိ၊ ရေတွက်အပ်၏၊ ဣတိ၊ ထို့ကြောင့်၊ သုဝဏ္ဏ မယောဝါတိ၊ သုဝဏ္ဏမယောဝါ-ဟူ၍၊ အာဟ၊ မိန့်ပြီ၊ ။(ရွှေကျပ်လေးဖြင့် ငွေကိုသာ ချိန်၏ဟူလို) ရူပိယ မယောဝါတိ၊ ရူပိယ မယောဝါ-ဟူသည်ကား၊ ရဇတေန၊ ငွေဖြင့်၊ ရူပံ၊ အရုပ်ကို၊ သမုဋ္ဌာပေတွာ၊ ဖြစ်စေ၍၊ ကတကဟာပဏော၊ ပြုသောကျပ်လေးတည်း၊ ပါကတိကောနာမ၊ ပါကတိက-မည်သည်ကား၊ ဧတရဟိ၊ ယခု၊ ပကတိ ကဟာပဏော၊ ပကတိ ကျပ်လေးတည်း၊ ။ဓာတုရူပ မာသကောတိ၊ ဓာတုရူပ မာသကော-ဟူသည်ကား၊ သုဝဏ္ဏမယ ကဟာပဏော၊ ရွှေဖြင့်ပြီးသောကျပ်လေးတည်း။ ။

**ပဉ္စမာသကော ပါဒေါတိ တဒါ ရာဇဂဟေ ဝီသတိ မာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဉ္စမာသကော ပါဒေါ၊ ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏဿ စတုတ္ထဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော၊ သော စခေါ ပေါရာဏဿ နီလ ကဟာပဏဿ ဝသေန၊ နဉ္ဇတရေသံ ရုဒြဒါမကာဒီနံ။** ။ပါရာဇိကဏ် အဋ္ဌကထာ။

ပဉ္စမာသကော ပါဒေါတိ၊ ပဉ္စမာသကော ပါဒေါ-ဟူသည်ကား၊ တဒါ၊ ထိုအခါ၌၊ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌၊ ဝီသတိ မာသကော၊ ပဲ ၂၀-သည်၊ ကဟာပဏော၊ တကျပ်သည်၊ ဟောတိ၊ ဖြစ်၏၊ တသ္မာ၊ ထို့ကြောင့်၊ ပဉ္စမာသကော၊ ၅-ပဲသည်၊ ပါဒေါ၊ တမတ်သည်၊ ဟောတိ၊ ဖြစ်၏၊ (ပဲလေး ၂၀-သည်၊ တကျပ်လေးမည်၏၊ ၅-ပဲလေးသည်၊ တမတ်လေးမည်၏။) ဧတေန လက္ခဏေန၊ ဤလက္ခဏာအားဖြင့်၊ သဗ္ဗဇနပဒေသု၊ အလုံးစုံသော ဇနပုဒ်တို့၌၊ ကဟာပဏဿ၊ တကျပ်၏၊ စတုတ္ထဘာဂေါ၊ လေးဘို့တဘို့ကို၊ ပါဒေါတိ၊ တမတ်ဟူ၍၊ ဝေဒိတဗ္ဗော၊ သိအပ်၏။ ။ရွှေကျပ်လေး၊ ငွေကျပ်လေး၏ လေးဘို့ တဘို့ကို၊ တမတ်လေးဟု သိလေဟူလို။

သော စခေါ ပါဒေါ၊ ထိုတမတ်ကိုလည်း၊ ပေါရာဏဿ၊ ရှေးကျမ်းဟောင်းအားလျော်သော၊ နီလ ကဟာပဏဿ၊ ယုတ်သော

အပြစ် လွန်သောအပြစ်၏မရှိခြင်းကြောင့်၊ နီလ ကဟာပဏမည်သော တကျပ်လေး၏။ ဝသေန၊ လေးဘို့ တဘို့ အလိုအားဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣတရေသံ၊ နီလ ကဟာပဏမှ တပါးကုန်သော။ ဒုဒြဒါမကာဒီနံ၊ ဒုဒြဒါမက-စသည်တို့၏။ ဝသေန၊ လေးဘို့ တဘို့ အလိုအားဖြင့်။ နဝေဒိတဗ္ဗော၊ မသိအပ်။ ။(ဒုဒြဒါမက ခေါ်ဆိုကြသော ကျပ်သုံးဒင်္ဂါး၏ လေးဘို့တဘို့ မတ်ပြားအလိုအားဖြင့်၊ မသိအပ်ဟူလို)

ရာဇဂြိုဟ်ပြည်၌၊ ရှေးဝမ္မသတ်ကျမ်းနှင့်ညီစွာ သုံးဆောင်သော နီလ ကဟာပဏ ဟူသည်ကား၊ ဆယ်နိုင် ရွှေတပဲ၊ ဆယ်နိုင် ငွေတပဲ၊ ကြေးနီစင် တပဲ၊ ကြေးဖြူစင် တပဲ၊ လေးပါးကို ရောနှောစိမ့်သော ၄ါ၊ ခဲမစင် တပဲ၊ ဤ ၅-ပဲကား တမတ်၊ လေးမတ်သည်ကား တကျပ်ဖြစ်သတည်း။ ဤတကျပ်ကိုလျှင်၊ နီလ ကဟာပဏဟု ခေါ်ဆိုသတည်း။ တကျပ်ကိုလျှင် လေးဘို့စု၍၊ တစုလျှင် ပါဒ—တမတ်ဟူ၍ ဆိုသတည်း။ ။ရွှေဥမင် နိဿယ အမှာ။

ရွှေ ၅-ပဲ၊ ငွေ ၅-ပဲ၊ ကြေးနီ ၁၀-ပဲ၊ ခဲမ တစပါးမျှရောနှောစပ်၍ ပြုသော ကျပ်လေးသည်ကား၊ နီလ ကဟာပဏ ကျပ်လေးတည်း။ အရောအစပ် ကျပ်ဖွဲ့မတူ မယူသင့်၊ အချိန်အဆ တူမျှခြင်းသည်သာ အလေးလက္ခဏာမှတ်။

## နီလကဟာပဏကျပ်နှင့် ဒုဒြဒါမကကျပ်
## နှိုင်းယှဉ်၍ ပြခြင်း

ဒုဒြဒါမကောနာမ ဒုဒြဒါမကာဒီဟိ ဥပ္ပါဒိတော၊ ဗာရာဏသီနဂရာဒီသု တေဟိ တေဟိ ရာဇူဟိ ပေါရာဏ သတ္ထာနုရူပံ လက္ခဏ သမ္ပန္နာ ဥပ္ပါဒိတာ နီလ ကဟာ ပဏာ တေသံ ကိရ တိဘာဂံ အဂ္ဃတိ ဒုဒြဒါမကော၊ တသ္မာ တဿ ပါဒေါ ထုလ္လစ္စယ ဝတ္ထု ဟောတိ။ မာသကော ပန ဣဓ အပ္ပမာဏံ။ ။ဝဇိရဗုဒ္ဓိ။

No.55

ဒုဗ္ဗိဒါမကာဒိဟိ၊ ဒင်္ဂါးပြုလုပ်သောသူ၊ ပြုလုပ်စေသောသူတို့သည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သောကျပ်သည်ကား၊ ဒုဗ္ဗိဒါမကော နာမ၊ ဒုဗ္ဗိဒါမကမည်၏။ ဗာရာဏသိ နဂရာဒိသု၊ဗာရာဏသီပြည်စသည့်တို့၌၊ တေဟိ တေဟိ ရာဇူဟိ၊ ထိုထိုမင်းတို့သည်။ ပေါရာဏ သတ္ထာနုရူပံ၊ ရှေးကျမ်းဟောင်းအား လျော်စွာ။ လက္ခဏသမ္ပန္နာ၊ လက္ခဏာနှင့်ပြည့်စုံကုန်သော၊ နီလ ကဟာပဏာ၊ အပြစ်မရှိသော ကျပ်လေးတို့ကို၊ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်ကုန်၏၊ ဒုဗ္ဗိဒါမကော ဒင်္ဂါးသည်၊ တေသံ၊ ထိုအပြစ်ကင်းသော ကျပ်လေး၏၊ တိဘာဂံ၊ သုံးတို့ကို၊ အဂ္ဃတိ ကိရ၊ ထိုက်သတတ်။တသ္မာ၊ ထို့ကြောင့်၊တသသ ထိုဒင်္ဂါး၏၊ ပါဒေါ၊ တမတ်သည်၊ ထုလ္လစ္စယ ဝတ္ထု၊ ထုလ္လစ္စည်း ဝတ္ထု သည်၊ ဟောတိ၊ ဖြစ်၏၊ ဣဓ၊ ဤအင်္ဂါ၌။ မာသကောပန၊ ပဲသည် ကား၊ အပ္ပမာဏံ၊ ပဲ ပမာဏမလောက်၊ ။ဤသို့ မိမိ ရရ အနက်ပေးပါ။

ယခုအခါ ရုံးကထုတ်သော ကျပ်ထေးကဲ့သို့၊ ထိုထိုဘိုးဆောင်း မင်းအပေါင်းသည်၊ ချိန်စဉ်းလည်း မပြုစေခြင်း၄ါ၊ အလေးမှန်ပြု လုပ်သော ကျပ်လေးသည်၊ နီလ ကဟာပဏမည်၏၊ အစိတ်ကဲငွေ ကိုပြုသော ကျပ်ဒင်္ဂါးသည်၊ ဒုဗ္ဗိဒါမကမည်၏၊ ၊တေသံ ကိရ တိ ဘာဂံ အဂ္ဃတိ ဒုဗ္ဗိဒါမကော-ဟူသောစကားသည်၊ နီလ ကဟာ ပဏ ကျပ်လေး၏ ဒုဗ္ဗိဒါမက ကျပ်ဒင်္ဂါးနှင့်၊ အချိန်အဆ ပမာဏ မတူသောဌာနကိုဆိုသော စကားသာဖြစ်၏၊ အဘိုးထိုက် မထိုက် ကိုဆိုသောဌာနမဟုတ်၊ ထို့ကြောင့်၊တိဘာဂံ အဂ္ဃတိ-အရကို၊၃- တို့ ၃—ရ အတူပြုသော ပမာဏကို ယူလေ။

နီလ ကဟာပဏ ကျပ်လေးသည်ကား၊ ပဲ ၂၀-ရှိ၏၊ ဒုဗ္ဗိဒါမက ကျပ်ဒင်္ဂါးသည်ကား၊ ၁၅-ပဲသာရှိ၏၊ ၁၅—ပဲရှိသော်လည်း၊ တပဲ ၁၅-စပါးကျ၊ ၁၆—ပဲရအောင် ပြုသောကျပ်ဒင်္ဂါး၏ ၄-တို့တတို့ရှိ သော မတ်ပြားသည်၊ ထုလ္လစ္စည်း ဝတ္ထုသာဖြစ်၏၊ ပဲကား ၁၅-စပါး မျှဖြစ်၍၊ ပဲပမာဏ မသောက်ဟုဆိုရသည်၊ ပဲပမာဏကား၊ တပဲ ၄-ရွေး၊ တရွေး ၄-စပါး၊ ၁၆-စပါးမှ ပဲပမာဏတည်း၊

**ကဟာပဏော ကိဋ္ဌကာလေ ဦနဝီသတိမာသကော ဟောတိ၊ ကိဋ္ဌကာလေ အတိရေက ဝီသတိမာသကော၊ တသ္မာ တဿ ကဟာပဏဿ စတုတ္ထဘာဂေါ ပဉ္စမာသကောဝိယ အတိရေက ပဉ္စမာသကောဝါ ဦန ပဉ္စမာသကောဝါ ပါဒေါတိ ဒဋ္ဌဗ္ဗံ။ ဣမဿတ္ထဿ ဒီပနတ္ထံ တဒါ ရာဇဂဟေ ဝီသတိမာသကော ကဟာပဏော ဟောတီတိ အာဒိ ဝုတ္တံ။** ။ဝဇိရ ဗုဒ္ဓိ။

ကဟာပဏော၊ ရွှေကျပ်လေး, ငွေ ကျပ်လေး, ကြေးကျပ်လေးသည်။ ကိဋ္ဌကာလေ၊ တရံတခါ ချိန်သောကာလ၌။ ဦနဝီသတိမာသကော၊ ပဲ ၂၀-အောက်ယုတ်သည်။ ဟောတိ၊ ဖြစ်၏။ ကိဋ္ဌကာလေ၊ တရံတခါ၊ ချိန်သောကာလ၌။ အတိရေက ဝီသတိမာသကော၊ ပဲ ၂၀-ထက်လွန်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တဿ ကဟာပဏဿ၊ ထိုရွှေ ကျပ်လေး, ငွေ ကျပ်လေး, ကြေး ကျပ်လေး၏။ စတုတ္ထော ဘာဂေါ၊ ၄-ဘို့တဘို့သည်။ ပဉ္စမာသကော ပါဒေါဝိယ၊ ငါးပဲ, တမတ် ရံခါဖြစ်သည်လည်းရှိ၏။ အတိရေက ပဉ္စမာသကောဝါ ပါဒေါ၊ ငါးပဲထက်လွန်သော တမတ် ရံခါဖြစ်သည်လည်းရှိ၏။ ဦန ပဉ္စမာသကောဝါ ပါဒေါ၊ ၅-ပဲအောက် ယုတ်သောတမတ် ရံခါဖြစ်သည်လည်းရှိ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဣမဿတ္ထဿ၊ ဤအနက်ကို။ ဒီပနတ္ထံ၊ ပြခြင်းအကျိုးငှါ။ တဒါ ရာဇဂဟေ ဝီသတိ မာသကော ကဟာပဏော ဟောတီတိ အာဒိဝစနံ၊ ဟောတိ-ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ မိန့်အပ်ပြီ။ ။အထူးမလို။

**ယတ္ထ ရဇတမယော သုဝဏ္ဏမယော တမ္ဗမယောဝ ကဟာပဏော ဟောတိ၊ သုဝဏ္ဏဘူမိယံ ဝိယ ပါဒေါပိ တထာ တမ္ဗမယောဝ ဟောတိ၊ တတ္ထ သောဝ ပါဒေါတိ အာစရိယော။** ။ဝဇိရ ဗုဒ္ဓိ။

ယတ္ထ ဒေသေ၊ အကြင်အရပ်၌။ ရဇတမယော၊ ငွေဖြင့်ပြီးသော၊ ကဟာပဏောဝ၊ ကျပ်လေးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ယတ္ထ

ဒေသေ၊ အကြင်အရပ်၌။ သုဝဏ္ဏမယော၊ ရွှေဖြင့်ပြီးသော။ ကဟာပဏော၀၊ ကျပ်လေးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ယတ္ထ ဒေသေ၊ အကြင်အရပ်၌၊ တမ္ဗမယော၊ ကြေးနီဖြင့်ပြီးသော။ ကဟာပဏော၀၊ ကျပ်လေးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သုဝဏ္ဏဘူမိယံပိယ၊ သုဝဏ္ဏတံ သထုကဲ့သို့။ တထာ၊ ထို့အတူ။ တမ္ဗမယော၀၊ ကြေးနီဖြင့်သာလျှင်ပြီးသော။ ပါဒေါပိ၊ တမတ်လေးကိုလည်း။ ကတော၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ ဒေသေ၊ ထိုအရပ်၌။ သော၀ ပါဒေါ၊ ထိုတမတ်လေးကိုသာလျှင်။ ပေါရာဏာသာ၊ ရှေးကျမ်းဟောင်းအား လျော်သော။ နီလ ကဟာပဏာသာ၊ နီလ ကဟာပဏ၏။ ၀သေန၊ လေးဘို့တဘို့ အလိုအားဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣတိ၊ ဤသို့။ အာစရိယော၊ ဆရာသည်။ ဝဒတိ၊ ဆို၏။ ။အနက်။

ယခု ဝဇိရ ဗုဒ္ဓိဋီကာဆိုသော၊ ရွှေကျပ်လေး, ငွေကျပ်လေး, ကြေးကျပ်လေး ဟူသော စကားသည်ကား၊ ရူပိယ သိက္ခာပုဒ် ပဒဘာဇနီ ပါဠိတော်လာတိုင်း၊ အဋ္ဌကထာလာတိုင်းဆိုသော စကားသာဖြစ်သည်။

ထိုရွှေ ကျပ်လေး, ငွေ ကျပ်လေး, ကြေး ကျပ်လေးသည်ကား၊ ပဲ ၂၀-ပင်ရှိသော်လည်း၊ သမဥတုကို မရသောကာလ၊ ရံခါ ပဲ ၂၀-မှအောက် ယုတ်သောအပြစ်ရှိ၏။ ရံခါ ပဲ ၂၀-မှအထက် လွန်သော အပြစ်ရှိ၏၊ ထို့အတူ၊ ရွှေကျပ်လေး, ငွေကျပ်လေး, ကြေးကျပ်လေး၏ ၄-ဘို့တဘို့ဖြစ်သော၊ ရွှေမတ်လေး, ငွေ မတ်လေး, ကြေး မတ်လေးသည်လည်း၊ ၅-ပဲပင်ရှိသော်လည်း၊ သမဥတုကို မရသောကာလ၊ ရံခါ ၅-ပဲမှအောက် ယုတ်သော အပြစ်ရှိ၏။ ရံခါ ၅-ပဲမှအထက် လွန်သောအပြစ်ရှိ၏။

ထို့ကြောင့်၊ ရွှေ မတ်လေး, ငွေ မတ်လေး, ကြေး မတ်လေးကို၊ အခါခပ်သိမ်း ယုတ်သောအပြစ် လွန်သောအပြစ်မရှိသော၊ နီလ ကဟာပဏ တကျပ်လေး၏ လေးဘို့တဘို့ဖြစ်သော တမတ်လေးနှင့် တိုက်၍၊ ယုတ်သည် လွန်သည်ကိုပယ်၍ ၊မယုတ်မလွန် တူမျှသည်ကို ယူရအောင်၊ အလေးတိုက်သောဌာနကို ဆိုသောစကားရပ်သာဖြစ်၏။ ခိုးသော ဝတ္ထု ငွေတမတ်၊ ခိုးသောဝတ္ထု၏ အဘိုးငွေတမတ်ကို ဆို

သောဋ္ဌာန စကားရပ်မဟုတ်။ ယခုအခါ ဒုတိယပါရာဇိကာသိက္ခာပုဒ် အရဋ္ဌာန ဘယ်အရပ်ဒေသမဆို၊ ရှေးကျမ်းဟောင်းအားလျော်သော၊ ယုတ်သောအပြစ်, လွန်သောအပြစ်မရှိခြင်းကြောင့်၊ နီလကဟာပဏမည်သော တကျပ်လေး၏ ၄-ဘို့တဘို့ဖြစ်သော၊ တမတ်လေးကိုဆုံးဖြတ်ပြီး၍၊ ထိုတမတ်လေးနှင့်ချိန်သော၊ အလေးချိန်ငွေတမတ်ထိုက်သော ပါရာဇိကဝတ္ထုကိုဆုံးဖြတ်လို၊ ပါရာဇိကဝတ္ထု၏အဘိုးကို၊ ထိုတမတ်လေးနှင့်ချိန်သော အလေးချိန် ငွေတမတ်ကို၊ ဆုံးဖြတ်လိုရကား။........

## နီလ လကဟာပဏ မတ်လေး၏ အလေးချိန် ငွေတမတ်ထိုက်သော ပါရာဇိကဝတ္ထု အဆုံးအဖြတ်ကို ပြခြင်း

ယသ္မာ ပါဒေါ ဧကေ နီလကဟာပဏဿ နကော ။ပ။ နဟိ သဗ္ဗတ္ထ ဘဏ္ဍံ ဂဟေတွာ နီလကဟာပဏဿေဝ အဂ္ဃါပေတဗ္ဗံ၊ ယသ္မာ တဿ တဿေဝ ကဟာပဏဿေဝ အဂ္ဃါပေတဗ္ဗံ၊ တသ္မာ တဿ တဿ ဇနပဒဿ ပါဒေါဝ ပါဒါရဟံ၊ ပ။ ဥပပရိက္ခိတွာ ဂဟေတဗ္ဗံ။-ဟူသော ပါဠိစကားရပ်ပါဌ်ကို မိန့်သည်။ ဤပါဠိစကားရပ်၌၊ ဥပပရိက္ခိတွာ ဂဟေတဗ္ဗံ-ဟူသောစကားဖြင့်၊ သင့်မသင့်ကို ဆင်ခြင်ပြီးမှ၊ မသင့်သည်ကိုပယ်၍၊ သင့်သည်ကိုသာ ယူရမည်ဟု မှာတော်မူခြင်းကြောင့်၊ သင့်သောစကားရပ်၊ ယူအပ်သောစကားရပ်-တရပ်။ မသင့်သောစကားရပ်၊ မယူအပ်သောစကားရပ်-တရပ်။ ဤ၂-ရပ်တွင်၊ မသင့်သောစကားရပ်၊ မယူအပ်သောစကားရပ်သည်ကား၊ ငွေတမတ်သည် အလေးတကျပ်ထိုက်၏ဆိုသော ဧကေဝါဒစကားကိုပယ်၏။ ပယ်သင့်သည်မှန်၏၊ အလုံးစုံသော အရပ်တို့၌၊ တမတ်တန်ဘဏ္ဍာကို ဝယ်ယူလိုသော်၊ အလေးတကျပ်ဘိုးဖြင့် အဘိုးမပြတ်ဆိုကြကုန်။ အကြင့်ကြောင့် ထိုထိုဇနပုဒ်၏ငွေတကျပ်ဘိုးဖြင့် အဘိုးပြတ်ဆိုကြကုန်၏။ ထို့ကြောင့် ထိုထိုဇနပုဒ်၏ ငွေတမတ်သည်ပင်၊ ငွေတမတ်ဟူသော စကားသည်ပြီး၏။ ဤစကားရပ်သည်ကား၊ မသင့်သော စကားရပ်၊ မယူအပ်သော စကားရပ်တည်း။

သင့်သောစကားရပ်၊ ယူအပ်သော စကားရပ်သည်ကား၊ ငွေတမတ်သည် အလေးတကျပ်အဘိုးထိုက်၏ဆိုသော၊ ဧကောဝါဒစကားကိုပယ်၏။ ပယ်သင့်သည်မှန်၏။ အလုံးစုံသောအရပ်တို့၌၊ တမတ်တန်ဘဏ္ဍာကို ဝယ်ယူလိုသော်၊ အလေးတကျပ်ဘိုးဖြင့်အဘိုးမပြတ်ဆိုကြကုန်။ အကြင့်ကြောင့် ထိုထိုဇနပုဒ်၏ ငွေတမတ်ဘိုးဖြင့် အဘိုးပြတ်ဆိုကြကုန်၏။ ထို့ကြောင့် ထိုထိုဇနပုဒ်၏ ငွေတမတ်သည်ပင်၊ ငွေတမတ်ဟူသော စကားသည်ပြီး၏။ ဤစကားရပ်သည်ကား၊ သင့်သောစကားရပ်၊ ယူအပ်သော စကားရပ်တည်း။

ထို့ကြောင့် ကဟာပဏဂ္ဃန-ဟူသောပုဒ်သည်၊ ရှေ့စကားနှင့် နောက်စကား မစပ်၊ စင်းစင်းပြတ်ရကား၊ သာရတ္ထဋီကာ ပယ်သင့်လျက် မပယ်သည်ကို ထောက်သော်၊ နောက်ကာလမှ ရေးကူးမှားသော၊ ပမာဒလေခ-ပုဒ်ဟု မှတ်သိရလေသည်။ ပါဒဂ္ဃန-ဟူသော ပုဒ်သည်သာ၊ ရှေ့စကားနှင့် နောက်စကား စပ်သောကြောင့်၊ အစကတည်းက ရှိသောပုဒ်ဟု မှတ်သိရလေသည်။ ဤကဲ့သို့သောပုဒ်ကို မသုံးသပ် မရှင်းလင်းဘဲယူသောကြောင့်သာ အယူရှုပ်ထွေးသည်။ သုံးသပ်ရှင်းလင်း၍ယူသော်ကား၊ အယူမရှုပ်ထွေးချေ။ ပေ,စက္ကူတို့၌တင်ထားသော ပုဒ်အက္ခရာသည်ကား၊ အမှန်ချည်းမဟုတ်ချေ၊ အမှားလည်း ရှိသေးသည်။

ယသ္မာပါဒေါ ကေနိလ ကဟာပဏဂ္ဃနကော၊ တသ္မာ တဿ ပါဒဿ စတုတ္ထဘာဂေါဝ သိယာ ပါဒေါတိ ဧကေ။ ဣဒံ နယုဇ္ဇတိ။ ယော စ တတ္ထ ပါဒါရဟော ဘဏ္ဍော၊ တဿ စတုတ္ထဘာဂဿေဝ ပါရာဇိကဝတ္ထုဘာဝပ္ပသင်္ဂတော။ ယဒိ ပါဒါရဟံ ဘဏ္ဍံ ပါရာဇိကဝတ္ထု သိယာ၊ သော စ ပါဒေါ ပဉ္စမံ ပါရာဇိကဝတ္ထုတိ၊ နဟိ သဗ္ဗတ္ထ ဘဏ္ဍံ ဂဟေတွာ နီလကဟာပဏဂ္ဃနံ အဂ္ဃါပေန္တိ။ ယသ္မာ တဿ တဿေဝ ကဟာပဏဂ္ဃနံ အဂ္ဃါပေန္တိ၊ တသ္မာ တဿ တဿ ဇနပဒဿ ပါဒေါ၀ ပါဒေါတိ တဒဂ္ဃနကမေဝ ပါဒဂ္ဃနကန္တိ သိဒ္ဓံ၊ သော စ ခေါ ပေါရာဏဿ နီလကဟာပဏဿ ဝသေန၊ န

ဉာတရေသန္တိ၊ ယတ္ထပန နီလကဟာပဏာ ဝဋ္ဋန္တိ ဂဏ္ဍိတိ၊
တဗ္ဗေဝါတိ ကောစိ ဝဒန္တိ၊ ဥပပရိက္ခိတွာ ဂဟေတဗ္ဗံ။ ။
ဝဇိရဗုဒ္ဓိဋီကာ။

ယတ္ထ၊ အကြင်အရပ်၌။ ယသ္မာ၊ အကြင့်ကြောင့်။ ပါဒေါ၊ ငွေတမတ်သည်။ ကေနီလကဟာပဏဿနကော၊ အလေးတကျပ်ထိုက်၏။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုအရပ်၌။ တဿ ပါဒဿ၊ ထိုငွေတမတ်၏၊ စတုတ္ထဘာဂေါ၀၊ ၄-ဘို့တဘို့သည်သာလျှင်။ ပါဒေါ၊ ငွေတမတ်သည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ကေ၊ ကေသရတ္တိသည်။ ယံ၀စနံ၊ အကြင်စကားကို။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဣဒံ၀စနံ၊ ဤစကားသည်။ နယုဇ္ဇတိ၊ မသင့်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တတ္ထ၊ ထိုအရပ်၌။ ယောဝစဘဏ္ဍော၊ အကြင်ဘဏ္ဍာသည်လည်း။ ပါဒါရဟော၊ ငွေတမတ်ထိုက်၏။ တဿဘဏ္ဍဿ၊ ထိုဘဏ္ဍာ၏။ စတုတ္ထဘာဂဿဝ၊ ၄-ဘို့တဘို့ကိုသာလျှင်။ ပါရာဇိကဝတ္ထုဘာဝပ္ပသင်္ဂတော၊ ပါရာဇိကဝတ္ထု၏ အဖြစ်ဖြင့် လင်းပါးသွယ်ရှိသောကြောင့်တည်း။

ပါဒါရဟံ၊ ငွေတမတ်ထိုက်သော။ ဘဏ္ဍံ၊ ဘဏ္ဍာသည်။ ပါရာဇိကဝတ္ထု၊ ပါရာဇိကဝတ္ထုသည်။ ယာဒိသိဒ္ဓံ၊ အကယ်၍ပြီးသည်ဖြစ်အံ့။ သောစ ပါဒေါ၊ ထိုငွေတမတ်သည်လည်း။ ပဉ္စမံ၊ ၅-ယုတ်ဆုံး။ ပါရာဇိကဝတ္ထု၊ ပါရာဇိကဝတ္ထုတည်း။ ဣတိ ဣဒံ၀စနံ၊ ဤစကားသည်။ သိဒ္ဓံ၊ ပြီး၏။ ဟိသစ္စံ၊ မှန်၏။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ ဘဏ္ဍံ၊ တမတ်တန်ဘဏ္ဍာကို။ ဂဟေတွာ၊ ဝယ်ယူလို၍။ နီလကဟာပဏဿေန၊ အလေးတကျပ်ဘိုးဖြင့်။ နအဂ္ဃါပေန္တိ၊ အဘိုးမပြတ်ဆိုကြကုန်။ ယသ္မာ၊ အကြင့်ကြောင့်။ တဿ တဿ၀ ဇနပဒဿ၊ ထိုထိုဇနပုဒ်၏သာလျှင်။ (ကဟာပဏဿေန၊ ပမာဒလေခ) ပါဒဿေန၊ ငွေတမတ်ဘိုးဖြင့်။ အဂ္ဃါပေန္တိ၊ အဘိုးပြတ်ဆိုကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တဿ တဿ ဇနပဒဿ၊ ထိုထိုဇနပုဒ်၏။ ပါဒေါ၀၊ ငွေတမတ်သည်သာလျှင်။ ပါဒေါ၊ ငွေတမတ်တည်း။ ဣတိ ဣဒံ၀စနံ၊ ဤစကားသည်။ သိဒ္ဓံ၊ ပြီး၏။ တဒဿနကမေ၀ ထို

ငွေတမတ်ထိုက်သော ဘဏ္ဍာသည်ပင်။ ပါဒဿနကံ၊ ငွေတမတ်ထိုက်သောဘဏ္ဍာတည်း။ ဣတိ ဣဒံဝစနံ၊ ဤစကားသည်။ သိဒ္ဓံ၊ ပြီး၏။ သောစဒ္ဓါပါဒေါ၊ ထိုဇေကဝါဒဖြင့် မှတ်အပ်သော ငွေတမတ်ကိုလည်း။ ပေါရာဏာသာ၊ ရှေးကျမ်းဟောင်းအသုံးလျော်သော၊ နီလကဟာပဏသာ၊ ယုတ်သောအပြစ်၊ လွန်သောအပြစ်မရှိခြင်းကြောင့်၊ နီလကဟာပဏမည်သော တကျပ်လေး၏။ ဝသေန၊ လေးဘို့တဘို့ဖြစ်သော တမတ်လေးနှင့်ချိန်သော၊ အလေးချိန်ငွေတမတ်အလိုအားဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣတရေသံ၊ နီလကဟာပဏမှ တပါးကုန်သော။ ရုဒြဒါမကာဒီနံ၊ ကျပ်ဒင်္ဂါး ကျပ်ပြားစသည့်တို့၏။ ဝသေန၊ လေးဘို့တဘို့ မတ်ဒင်္ဂါး မတ်ပြား အလိုအားဖြင့်။ နဝေဒိတဗ္ဗော၊ မသိအပ်။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဋ္ဌကထာ၏အလိုတည်း။

ယတ္ထပန၊ အကြင်အရပ်၌ကား။ နီလကဟာပဏာ၊ နီလကဟာပဏတကျပ်လေးတို့သည်။ ဝဠဉ္ဇံ၊ သုံးဆောင်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တတ္ထေဝ၊ ထိုနီလကဟာပဏ သုံးဆောင်ခြင်းသို့ရောက်သော အရပ်၌သာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣတိ၊ ဤသို့။ ကေစိ၊ ကေစိဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဥပပရိက္ခိတွာ၊ ဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ။ဝဇိရဗုဒ္ဓိဋီကာ စကားရပ်။

စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗောတိ ဣမိနာဝ သဗ္ဗဇနပဒေသု ကဟာပဏဿ ဝီသတိမော ဘာဂေါ မာသကောတိ ဣဒဉ္စ ဝုတ္တမေဝ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ပေါရာဏဿတ္ထာနုရူပံလက္ခဏ သမ္ပန္နာဥပ္ပါဒိတာ နီလကဟာပဏာတိ ဝေဒိတဗ္ဗာ၊ ရုဒြဒါမေန ဥပ္ပါဒိတော ရုဒြဒါမကော၊ သော ကိရ နီလကဟာပဏဿ တိဘာဂံ အဂ္ဃတိ၊ ယသ္မိံပန ဒေသေ နီလကဟာပဏာ န သန္တိ။ တတ္ထာပိ နီလကဟာပဏာနံ ဝဠဉ္ဇနဋ္ဌာနေစ အဝဠဉ္ဇနဋ္ဌာနေစ သမာနအဿ ဝသေန ပဝတ္တမာနံ ဘဏ္ဍံ ဂဟေတွာ နီလကဟာပဏာ ဝသေနေဝ ပရိစ္ဆေဒေါ ကာတဗ္ဗောတိ ဝဒန္တိ။ ။သာရတ္ထ။

စတုတ္ထော၊ ၄-ခုမြောက်သော။ ဘာဂေါ၊ အဘို့ကို။ ပါဒေါတိ၊ တမတ်လေးဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣတိ ဣမိနာ ဝစနေန၊ ဤစကားဖြင့်သာလျှင်။ သဗ္ဗဇနပဒေသု၊ အလုံးစုံသော ဇနပုဒ်တို့၌။ ကဟာပဏဿ၊ တကျပ်လေး၏။ ဝီသတိမော၊ ၂၀-မြောက်သော။ ဘာဂေါ၊ အဘို့ကို။ မာသကောတိ၊ တပဲလေးဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣဒဉ္စ ဝစနံ၊ ဤစကားကိုလည်း။ ဝုတ္တမေဝ၊ ဆိုအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒဠှံ၊ ၏။ ပေါရာဏသတ္ထာ နုရူပံ၊ ရှေးကျမ်းဟောင်းအားလျော်စွာ။ လက္ခဏသမ္ပန္နာ၊ ပဲ, မတ်, ကျပ် လက္ခဏာနှင့် ပြည့်စုံကုန်သော။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်သော အလေးတို့ကို။ နီလကဟာပဏာတိ၊ နီလကဟာပဏာတို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ရုဒြဒါမေန၊ ဒင်္ဂါးပြုလုပ်သောသူသည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သောဒင်္ဂါးသည်။ ရုဒြဒါမကော၊ ရုဒြဒါမကမည်၏။ သော၊ ထိုဒင်္ဂါးသည်။ နီလကဟာပဏဿ၊ အလေးတကျပ်၏။ တိဘာဂံ၊ သုံးဘို့ကို။ အဂ္ဃတိ ကိရ၊ ထိုက်သတတ်။ ယသ္မိံ ပန ဒေသေ၊ အကြင်အရပ်၌ကား။ နီလကဟာပဏာ၊ နီလကဟာပဏာ တကျပ်လေးတို့သည်။ န သန္တိ၊ မရှိကုန်။ တတ္ထာပိ၊ ထိုအရပ်၌လည်း။ နီလကဟာပဏာနံ၊ နီလကဟာပဏာ တကျပ်လေးတို့၏။ ဝဠဉ္ဇနဋ္ဌာနေ စ၊ သုံးဆောင်ရာအရပ်၌၎င်း။ အဝဠဉ္ဇနဋ္ဌာနေ စ၊ မသုံးဆောင်ရာအရပ်၌၎င်း။ သမာန အဂ္ဃဝသေန၊ အချိန်အဆ ပမာဏတူသောအလို အားဖြင့်။ ပဝတ္တမာနံ ဖြစ်သော။ ဘဏ္ဍံ၊ တခုခုသော ဘဏ္ဍာကို။ ဂဟေတွာ၊ ယူ၍။ နီလကဟာပဏာသေန ဝ၊ နီလကဟာပဏာ တကျပ်လေး အလိုအားဖြင့်သာလျှင်။ ပရိစ္ဆေဒေါ၊ တကျပ်အပိုင်းအခြားကို။ ကာတဗ္ဗော ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။အနက်။

အလုံးစုံသော ဇနပုဒ်တို့၌၊ တကျပ်လေး၏ ၄-ခုမြောက်သောအဘို့ကို၊ တမတ်လေးဆို၏ဟူသော ဤစကားဖြင့်၊ တကျပ်လေး၏ ၂၀-မြောက်သောအဘို့ကို၊ တပဲလေးဆို၏ဟူသော ဤစကားကိုလည်း၊ ဆိုအပ်သည်ပင်မှတ်လေ။ ။ရှေးကျမ်းဟောင်းနှင့်လျော်စွာ၊ ပဲအား

ဖြင့် ၀ဲ၂၀-ရှိသောလက္ခဏာ၊ မတ်အားဖြင့် ၄-မတ်ရှိသောလက္ခဏာနှင့် ပြည့်စုံသော တကျပ်လေးကို၊ နီလကဟာပဏ-ခေါ်ဆိုကြသည်မှတ်လေ။

ဒင်္ဂါးပြုလုပ်သောသူသည် ဖြစ်စေအပ်သောငွေဒင်္ဂါးတကျပ်သည်၊ ဒုဗ္ဗိဒါမကမည်၏။ ထိုဒုဗ္ဗိဒါမကမည်သော ငွေဒင်္ဂါးတကျပ်သည်၊ နီလကဟာပဏမည်သော တကျပ်လေး၏သုံးတို့ကို ထိုက်၏။ နီလကဟာပဏမည်သောတကျပ်လေး၏ သုံးတို့ပမာဏ၊ ၁၅-ပဲရှိသောအချိန်အဆနှင့် တူမျှ၏မှတ်လေ၊ ငွေသုံးမတ်အတိုးထိုက်၏ဟူသော အနက် မယူလင့်၊ နီလကဟာပဏမည်သော တကျပ်လေး၏လေးမတ်ပမာဏ၊ ၀ဲ၂၀-ရှိသော အချိန်အဆကိုမမှီ၊ သုံးမတ်ပမာဏ၊ ၁၅ပဲ-ရှိသောအချိန်အဆကိုမှီ၏ဟူသော အနက်ကိုသာယူလေ။

အကြင်အရပ်၌၊ နီလကဟာပဏမည်သော တကျပ်လေးသည်မရှိ၊ ထိုအရပ်၌၊ နီလကဟာပဏသုံးဆောင်ကြသော အရပ်ဌာနမှ၊ နီလကဟာပဏမည်သော တကျပ်လေးနှင့် အချိန်အဆပမာဏတူအောင်၊ အလေးတိုက်သော အလိုအားဖြင့် ဖြစ်သော၊ တခုခုသော ဘဏ္ဍာကို၊ နီလကဟာပဏ မသုံးဆောင်ကြသော အရပ်ဌာနသို့ ယူဆောင်ခဲ့၍၊ နီလကဟာပဏမည်သော တကျပ်လေးအလိုအားဖြင့်၊ ထိုဆောင်ခဲ့သောဘဏ္ဍာကို၊ တကျပ်လေးပြုလုပ်သည်ဟု ဆိုကြသည်မှတ်လေ။ ဤသို့ဆိုအပ်ပြီးသော သာရတ္ထဒီပနီကာစကားဖြင့်၊ နီလကဟာပဏကျပ်လေးကိုဆိုသောဌာန စကားရပ်၊ နီလကဟာပဏကျပ်လေးနှင့် ကျပ်ချိန်တူအောင်၊ အလေးတိုက်၍ ယူဆောင်ခဲ့သောဘဏ္ဍာကို၊ ကျပ်လေးပြု ဆိုသောဌာန စကားရပ်မှတ်။

## ရှေး၊ ကျမ်းဟောင်းနှင့်လျော်သော နီလကဟာပဏကျပ်လေးကို ပြခြင်း။

ပေါရာဏသတ္ထာနုရူပံ ဥပ္ပါဒိတော ဝီသတိမာသပ္ပမာဏာ ဥတ္တမသုဝဏ္ဏဂ္ဃနကော လက္ခဏသမ္ပန္နော နီလကဟာပဏောတိ ဝေဒိတဗ္ဗော၊ ဒုဗ္ဗိဒါမေနနာမ ကော

**နစိ ဥပ္ပါဒိတော ရုဒြဒါမကော၊ သော ကိရ နီလကဟာပဏဿ တိဘာဂံ အဂ္ဃတိ၊ ယသ္မိံ ပန ဒေသေ နီလကဟာပဏာ န သန္တိ၊ တတ္ထာပိ ကာဠက ဝိရဟိတဿ နိဒ္ဓန္တ သုဝဏ္ဏဿ ပဉ္စမာသဂ္ဃနကေန ဘဏ္ဍေန ပါဒပရိစ္ဆေဒေါ ကာတဗ္ဗော။** ။ဝိမတိ၊

ပေါရာဏသတ္ထာနုရူပံ၊ ရှေးကျမ်းဟောင်းနှင့်လျော်စွာ။ ဥပ္ပါဒိတော၊ ဖြစ်စေအပ် ပြုလုပ်အပ်သော၊ ဝိသတိ မာသဂ္ဃမာသာ ဥတ္တမသုဝဏ္ဏဂ္ဃနကော၊ ပဲ၂၀-ပမာဏရှိဖြစ်သောရွှေအဘိုးထိုက်သော။ လက္ခဏာသမ္ပန္နော၊ တံဆိပ်အမှတ်နှင့်ပြည့်စုံသော အသပြာကို။ နီလကဟာပဏောတိ၊ နီလကဟာပဏ-ဟူ၍၊ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယသ္မိံ ပန ဒေသေ၊ အကြင်အရပ်၌ကား၊ နီလကဟာပဏာ၊ နီလကဟာပဏတို့သည်၊ န သန္တိ၊ မရှိကုန်။ တတ္ထာပိ၊ ထိုအရပ်၌လည်း၊ ကာဠက ဝိရဟိတဿ၊ မည်းညစ်ခြင်းမှကင်းသော၊ နိဒ္ဓန္တ သုဝဏ္ဏဿ၊ လျော်ပြီး ဦးပြီးသောရွှေ၏၊ ပဉ္စမာသဂ္ဃနကေန၊ ငါးပဲထိုက်သော၊ ဘဏ္ဍေန၊ ဥစ္စာဖြင့်။ ပါဒ ပရိစ္ဆေဒေါ၊ ပါဒအပိုင်းအခြားကို၊ ကာတဗ္ဗော၊ ပြုအပ်၏။ (ဤသို့ယောဇနာ) ရုဒြဒါမေန နာမ၊ ရုဒြဒါမမည်သောအရပ်၌ဖြစ်သော၊ ဝါ၊ နေသော၊ ကေနစိ၊ တစုံတယောက်သောသူသည်၊ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော အသပြာသည်၊ ရုဒြဒါမကော၊ ရုဒြဒါမကမည်၏။ သော၊ ထိုရုဒြဒါမကမည်သော အသပြာသည်။ နီလကဟာပဏဿ၊ ဆိုအပ်ခဲ့ပြီးသော နီလကဟာပဏ၏၊ တိဘာဂံ၊ သုံးဘို့တဘို့ကို။ အဂ္ဃတိကိရ၊ ထိုက်သတတ်၊ ။ဤသို့ပေးပါ၊ ဤကား သီးလုံးဆရာတော် အနက်။

အဓိပ္ပါယ်အရည်စစ်ကား၊ ရွှေစင်အသပြာသည်၊ နီလကဟာပဏမည်၏ဟူလို၊ ပါဒကိုကား ထိုရွှေစင်အသပြာ၏ လေးဘို့တဘို့ဖြစ်သော၊ ရွှေစင်၅-ပဲဟုဆိုအပ်သော တမတ်ဖြင့် သိအပ်၏၊ အကြင်အရပ်၌ နီလကဟာပဏတို့သည် မရှိကုန်ငြားအံ့၊ ထိုအရပ်၌လည်း မည်းညစ်ခြင်းမှကင်းသော၊ လျော်ပြီး ဦးပြီးသော ရွှေစင်၏ ငါးပဲထိုက်သော ဥစ္စာဖြင့်၊ ပါဒကိုပိုင်းခြားအပ်၏။ ။ဤသို့လည်း အဓိပ္ပါယ်ချုပ်ကိုဆို၏။

သီးလုံးဆရာတော်၏အလို၊ ထိုလိုရင်းအဓိပ္ပါယ်ဆိုမူ၊ ရွှေစင်တကျပ်သည် နီလကဟာပဏမည်၏၊ ရွှေစင်တမတ်သည် ပါဒမည်၏။ ရွှေစင်တမတ်ထိုက်သောဘဏ္ဍာသည်၊ ငွေ ၅-ကျပ်မည်၏—ဟူလို။ ဤကား ကောက်ချက်။

သီးလုံးဆရာတော်၏ အယူဝါဒ၊ သင့်-မသင့်ကို သိအောင်၊ ဌာနကိုမှတ်ဘို့လို၏။ စကားဆိုသော်၊ စကားဖြစ်ရာ ဌာနကိုမှတ်၍ ဆိုမှ သင့်၏။ စကားဖြစ်ရာဌာနကို မမှတ်ဘဲဆိုသော် မသင့်။

ပေါရာဏဿဗ္ဗာနရူပံ ဥပ္ပါဒိတော ဝီသတိမာသပ္ပမာဏာ ဥတ္တမ သုဝဏ္ဏဿနကော လက္ခဏသမ္ပန္နော နီလကဟာပဏောတိ ဝေဒိတဗ္ဗော။-ဟူသောပါဠိဖြင့်၊ ပဲ ၂၀-ရွှေအတိုးထိုက်သော ရွှေစင်တကျပ်ကို၊ နီလကဟာပဏ ဆိုရာဌာနမဟုတ်။ ဤဌာနသည်ကား၊ ပဲ ၂၀-ပမာဏရှိသော ရွှေခဲကို၊ ကျပ်လေးဆိုသောဌာနသာတည်း။ ။ ဒုဒြိဒါမေနနာမ ကေနစိ ဥပ္ပါဒိတော ဒုဒြိဒါမကော၊ သောကိရ နီလကဟာပဏဿ တိဘာဂံ အဂ္ဃတိ။- ဟူသောပါဠိဖြင့်၊ ဒုဒြိဒါမက မည်သော ရွှေဘကျပ်သည်၊ နီလကဟာပဏမည်သော ရွှေဘကျပ်၏သုံးဘို့တဘို့ကို၊အတိုးထိုက်၏ဆိုသော ဌာနမဟုတ်။ ဤဌာနသည်ကား၊ ဒုဒြိဒါမကမည်သော ငွေဒင်္ဂါးတကျပ်သည်၊နီလကဟာပဏ မည်သောကျပ်လေး၏၊ ၄-ဘို့ပမာဏ၊လေးမတ်ရှိသော အချိန်အဆကိုမမှီ၊ သုံးဘို့ပမာဏ သုံးမတ်ရှိသောအချိန်အဆကိုမှီ၏ ဆိုရာဌာနသာတည်း။ ။ယသ္မိံ ပန ဒေသေ နီလကဟာပဏာ နသန္တိ၊ တတ္ထ ပိ ကာဠက ဝိရဟိတဿ နိဒ္ဒောသ သုဝဏ္ဏဿ ပဉ္စမာသဿန ကေန ဘဏ္ဍေန ပါဒ ပရိစ္ဆေဒေါ ကာတဗ္ဗော။-ဟူသောပါဠိဖြင့်၊ ရွှေစင်တမတ်အတိုးထိုက်သော ငွေ၅-ကျပ်ဘဏ္ဍာကို၊ ရွှေစင်တမတ်ပြု ဆိုရာဌာနမဟုတ်။ ဤဌာနသည်ကား၊ ရွှေစင်တမတ်ပမာဏနှင့် အချိန်အဆတူသော၊ တခုခုသော ဘဏ္ဍာကို တမတ်လေးပြုဆိုရာ ဌာနသာတည်း။

နီလကဟာပဏသဒ္ဒါဖြင့်၊ ငွေချိန်စရာ ကျပ်လေးပြုသောဌာနကိုမှတ်သည်။ ဒုဒြိဒါမကသဒ္ဒါဖြင့်၊ ကျပ်မတူ ချိန်မတူ၍ ကျပ်လေးထိုက်သော ဌာနကို သာမှတ်သည်။ ပဉ္စမာသကဘဏ္ဍာသဒ္ဒါဖြင့်၊ မတ်တူ ချိန်တူမတ်လေးထိုက်သော ဌာနကိုသာမှတ်သည်။

## ဆွေးနွေးမေးမြန်းသင့်သောသူ, မမေးမြန်းသင့်သောသူ ၂-ဦးကို ပြခြင်း

ဒုဋ္ဌစသဘော အပြောခက်သောသူသည်၊ ဆွေးနွေး မေးမြန်းသည့် ရှိသော်၊ ဌာနသို့ရောက်လျက် ဌာန၌မတည်၊ အဋ္ဌာနသို့ရောက်လျက် အဋ္ဌာန၌မတည်၊ ပရိကပ္ပသို့ရောက်လျက် ပရိကပ္ပ၌မတည်၊ သိသော အကြံမ်သို့ရောက်လျက် သိသောအကြံမ်၌မတည်၊ အကျင့်သို့ရောက် လျက် အကျင့်၌မတည်။ ဤဒုဋ္ဌစသဘော အပြောခက်သောသူသည်၊ ဆွေးနွေးမေးမြန်းခြင်းငှာ လောက်သောသူမဟုတ်။

သုဋ္ဌစသဘော အပြောလွယ်သောသူသည်၊ ဆွေးနွေးမေးမြန်း သည့်ရှိသော်၊ ဌာနသို့ရောက်လျှင်၊ ဌာန၌တည်၏။ အဋ္ဌာနသို့ရောက် လျှင်၊ အဋ္ဌာန၌တည်၏။ ပရိကပ္ပသို့ရောက်လျှင်၊ ပရိကပ္ပ၌တည်၏။ သိသောအကြံမ်သို့ရောက်လျှင်၊ သိသောအကြံမ်၌တည်၏။ အကျင့်သို့ ရောက်လျှင်၊ အကျင့်၌တည်၏။ ဤသုဋ္ဌစသဘော အပြောလွယ်သော သူသည်၊ ဆွေးနွေးမေးမြန်းခြင်းငှာ လောက်သောသူဟုတ်၏။

**ကထာ သမ္ပယောဂေန ဘိက္ခဝေ ပုဂ္ဂလော ဝေဒိ တဗ္ဗော။ ယဒိ ကစ္ဆော ယဒိ အကစ္ဆောတိ၊ သစာယံ ဘိက္ခဝေ ပုဂ္ဂလော ပဉှံ ပုဋ္ဌော သမာနော၊ ဌာနာဌာနေ နသဏ္ဌာတိ၊ ပရိကပ္ပေ နသဏ္ဌာတိ၊ အညာတဝါဒေ န သဏ္ဌာတိ၊ ပဋိပဒါယ နသဏ္ဌာတိ၊ ဧဝံသန္တာယံ ဘိက္ခ ဝေ ပုဂ္ဂလော အကစ္ဆော ဟောတိ။ သစေပနာယံ ဘိက္ခ ဝေ ပုဂ္ဂလော ပဉှံ ပုဋ္ဌော သမာနော ဌာနာ ဌာနေ သဏ္ဌာတိ၊ ပရိကပ္ပေ သဏ္ဌာတိ၊ အညာတဝါဒေ သဏ္ဌာ တိ၊ ပဋိပဒါယ သဏ္ဌာတိ၊ ဧဝံသန္တာယံ ဘိက္ခဝေ ပုဂ္ဂ လော ကစ္ဆော ဟောတိ။** ။တိကင်္ဂုတ္တိုရ်၊ ကထာဝတ္ထု။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထာသမ္ပယောဂေန၊ စကားပြောဘော် ယှဉ်တွဲလိုသောသူသည်။ ပုဂ္ဂလော၊ ကို။ ဝေဒိတဗ္ဗော သိအပ်၏။ ယ ဒိ ကစ္ဆော၊ ဆွေးနွေး မေးမြန်းလောက်သောသူ မဟုတ်လော။ ယဒိ

အကန္တော၊ မသွေးနွေး မမေးမြန်းလောက်သောသူမဟုတ်လော။ ဣ တိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ ။ဘိက္ခဝေ၊တို့။အယံ ပုဂ္ဂလော၊ သည်။ ပဉ္စံ၊ အမေးပုစ္ဆာပြဿနာကို။ ပုဋ္ဌော သမာနော၊ မေးအပ်သည်ရှိသော်။ ဌာနာ ဌာနေ၊ ဌာန အဌာနနှင့်။ သစေ နသက္ကောတိ၊ အကယ်၍ မတည်သည်ဖြစ်အံ့။ ပရိကပ္ပေ၊ ပရိကပ္ပနှင့်။ သစေ နသက္ကောတိ၊ အံ့။ အညာတဝါရေ၊ ထိုသောအကြိမ်နှင့်။သစေ နသက္ကောတိ၊ အံ့။ပဋိပဒါယ၊ အကျင့်နှင့်။ သစေ နသက္ကောတိ၊ အံ့။ ဘိက္ခဝေ၊တို့။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ အယံ ပုဂ္ဂလော၊ သည်။ အကန္တော၊ မသွေးနွေး မမေးမြန်းလောက်သောသူသည်။ ဟောတိ၊၏။ ။ဘိက္ခဝေ၊တို့။ အယံ ပုဂ္ဂလော၊ သည်။ ပဉ္စံ၊ အမေးပုစ္ဆာပြဿနာကို၊ ပုဋ္ဌော သမာနော၊ မေးအပ်သည်ရှိသော်။ ဌာနာဌာနေ၊ ဌာန အဌာနနှင့်။ သစေ ပန သက္ကောတိ၊ အကယ်၍ကား တည်သည်ဖြစ်အံ့။ပရိကပ္ပေ၊ ပရိကပ္ပ နှင့်။ သစေပန သက္ကောတိ၊အံ့။ အညာတဝါရေ၊ ထိုသော အကြိမ်နှင့်။ သစေပန သက္ကောတိ၊အံ့၊ ပဋိပဒါယ၊ အကျင့်နှင့်။ သစေပန သက္ကောတိ၊အံ့။ ဘိက္ခဝေ၊တို့။ ဧဝံသန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ အယံပုဂ္ဂလော၊သည်။ ကန္တော၊ သွေးနွေး မေးမြန်းလောက်သော သူသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။

ဤသို့ဒုဗ္ဗစ ကောဋ္ဌာသ တင်သောသူ၏ အကျိုး၄ါမဟုတ်၊ သုဗ္ဗစ ကောဋ္ဌာသ တင်သောသူ၏အကျိုး၄ါ၊ပေါရာဏ သင်္ဂြာဟ်ရူပံ-အစ၊ ကာတဗ္ဗော-အဆုံးရှိသော၊ ဝိမတိဝိနောဒနီဋီကာပါဠိကို၊ ထိုလိုရင်းမြန်မာ နက်ပြန်ဆိုပေအံ့။

ပေါရာဏသင်္ဂြာဟ်ရူပံ ဥပ္ပါဒိတော ဝိသတိမာသပ္ပ မာဏာ ဥတ္တမသုံဝဏ္ဏေဿနကော လက္ခဏသမ္ပန္နော နီလ ကဟာပဏောတိ ဝေဒိတဗ္ဗော။ ။

ပေါရာဏသင်္ဂြာဟ်ရူပံ၊ ရှေးကျမ်းဟောင်းနှင့်လျော်စွာ၊ဥပ္ပါဒိတော ဖြစ်စေအပ်သော၊ ဝိသတိ မာသပ္ပမာဏာ ဥတ္တမ သုဝဏ္ဏဿနကော၊ ပဲ ၂၀-ပမာဏရှိသော မြတ်သောရွှေခဲကို၊ လက္ခဏသမ္ပန္နော နီလက

ဟာပဏောတိ၊ **လက္ခဏာနှင့် ပြည့်စုံသော ကျပ်လေးဟူ၍၊ ဝေဒိ တဗ္ဗော၊ သိအပ်၏။** ။ပဲ၂၀-ကို၊ ကျပ်လေး၏လက္ခဏာမှတ်။

**ရုဒြဒါမေန နာမ ကေနစိ ဥပ္ပါဒိတော ရုဒြဒါမ ကော၊ သော ကိရ နီလကဟာပဏဿ တိဘာဂံ အဂ္ဃတိ။**

ရုဒြဒါမေန နာမ၊ ဒင်္ဂါးပြုလုပ်သည့်မည်သော။ ကေနစိ၊ တစုံတ ယောက်သောသူသည်။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ငွေဒင်္ဂါးတ ကျပ်သည်။ ရုဒြဒါမကော၊ ရုဒြဒါမကမည့်၏။ သော၊ ထိုရုဒြဒါမ ကမည်သော ငွေဒင်္ဂါး တကျပ်သည်။ နီလကဟာပဏဿ၊ ကျပ် လေး၏။ တိဘာဂံ၊ သုံးဘို့ကို။ အဂ္ဃတိကိရ၊ ထိုက်သတတ်။ ။ အလေးချိန် ၃-မတ်ကို၊ ရုဒြဒါမက-ခေါ်ဆိုကြသော ငွေဒင်္ဂါးတကျပ်၏ လက္ခဏာ မှတ်။

**ယသ္မိံ ပန ဒေသေ နီလကဟာပဏာ န သန္တိ၊ တတ္ထ ပါ ကာဠကဝိရဟိတဿ နိဒ္ဒန္တဿ သုဝဏ္ဏဿ ပဉ္စမာသဂ္ဃန ကေန ဘဏ္ဍေန ပါဒပရိစ္ဆေဒေါ ကာတဗ္ဗော။** ။ဝိမတိ။

ယသ္မိံ ပန ဒေသေ၊ အကြင်အရပ်၌ကား။ နီလကဟာပဏာ၊ ကျပ် လေးတို့သည်။ န သန္တိ၊ မရှိကုန်အံ့။ တတ္ထာပိ၊ ထိုအရပ်၌လည်း။ ကာ ဠက ဝိရဟိတဿ၊ မည်းညစ်ခြင်းမှကင်းသော။ နိဒ္ဒန္တဿ သုဝဏ္ဏဿ၊ လှော်ပြီး ဦးပြီးသောရွှေ၏။ ပဉ္စမာသဂ္ဃနကေန၊ ၅-ပဲအခဲ ပမာဏနှင့် အချိန်အဆတူမျှသော၊ ဘဏ္ဍေန၊ တခုခုသောဘဏ္ဍာဖြင့်။ ပါဒပ ရိစ္ဆေဒေါ၊ တမတ်လေးအပိုင်းအခြားကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ။ ၅-ပဲကို မတ်လေး လက္ခဏာမှတ်။

## အဋ္ဌကထာ,ဋီကာဆရာတို့ ပကတိကျပ်လေးကို နီလကဟာပဏာဟု ဖွင့်ဆိုတော်မူ ကြပုံကို ပြခြင်း။

နီလကဟာပဏော၊ အဋ္ဌမ ရူပိယသိက္ခာပုဒ် ပဒဘာဇနီဖွင့်။ ။ တတ္ထ ကဟာပဏောတိ သောဝဏ္ဏမယော ဝါ ရူပိယမယော ဝါ ပါက တိကော ဝါ၊-ဟူသော အဋ္ဌကထာဝိကပ် ကျပ်လေး ၃-မျိုး၌၊ ရွှေ

ကျပ်လေးကိုလိုသော်။ သောဝဏ္ဏမယော ကဟာပဏော-ဟူ၊ ငွေကျပ်လေးကိုလိုသော်၊ ရူပိယမယော ကဟာပဏော-ဟူ၊ ပကတိကျပ်လေးကိုလိုသော်၊ ပါကတိကော ကဟာပဏော-ဟူ၊ အဋ္ဌကထာဆရာ ခွင့်ပြုတော်မူသည်။

ဝိမတိဋီကာဆရာသည်၊ သောဝဏ္ဏမယော ကဟာပဏော-ဟူ သောပါဠိ၌၊ သုဝဏ္ဏ ပုဒ်၏အနက်ကို၊ နီလ-ဟု အနက်ထုတ်ပြီးမှ၊ ကဟာပဏ-သဒ္ဒါနှင့်တွဲ၍၊ ရွှေကျပ်လေးကို၊ နီလကဟာပဏ-ဟု ဖွင့်ဆိုတော်မူသည်။

အဋ္ဌကထာဆရာ, ဝဇိရဗုဒ္ဓိဋီကာဆရာ, သာရတ္ထဋီကာဆရာ တို့သည်ကား၊ ပါကတိကော ကဟာပဏော-ဟူသောပါဠိ၌၊ ပကတိ-ပုဒ်၏အနက်ကို၊ နီလ-ဟု အနက်ကိုထုတ်ပြီးမှ၊ ကဟာပဏ သဒ္ဒါနှင့်တွဲ၍၊ ပကတိကျပ်လေးကို၊ နီလကဟာပဏ-ဟု၊ တညီတည်းဖွင့်ဆိုတော်မူကြကုန်သည်။

ကဟာပဏ-ပုဒ်၊ သုတ်ကို မလွတ်စေကြကုန်။ နီလ-ပုဒ်အနက် ထုတ်ပုံမှာ၊ သုဝဏ္ဏ-ပုဒ်၏အနက်၊ နီလ-သင့် မသင့်။ ပကတိ-ပုဒ်၏ အနက်၊ နီလ-သင့် မသင့်၊ ချင့်ယူတော်မူကြကုန်။ နီလ-ပုဒ်ဖွင့်၊ ဝိနိစ္ဆယဋီကာ နောက်မှာ အသင့်ရှိပြီ။

ပဉ္စမာသဘဏ္ဍနကန္တိ သာမညေန ဝုတ္တေပိ ပေါရာဏဿ နီလကဟာပဏဿေဝ စတုတ္ထဘာဂဝသေန ပဉ္စမာသ နိယမော ကာတဗ္ဗော။ ။ဝိနိစ္ဆယဋီကာ။

သာမညေန၊ သာမညအားဖြင့်။ ဝုတ္တေပိ၊ ဆိုအပ်သည့်လည်းဖြစ်သော။ ပဉ္စမာသဘဏ္ဍနကံ-ဣမသ္မိံ ဝစနေ၊ ပဉ္စမာသဘဏ္ဍနကံ-ဟူသော ဤစကား၌။ ပေါရာဏဿ၊ ရှေးကျမ်းဟောင်းအား လျော်သော။ နီလကဟာပဏဿေဝ၊ တကျပ်လေး၏သာလျှင်။ စတုတ္ထ ဘာဂဝသေန၊ လေးတို့တဘို့ အလိုအားဖြင့်။ ပဉ္စမာသ နိယမော၊ ၅-ပဲလေး ဖြင့်မှတ်အပ်သော။ ပါဒေါစ၊ ပါဒကိုလည်း။ ကာတဗ္ဗော၊ ပြုအပ်၏။- ပါဒါရဟော စ၊ ပါဒါရဟကိုလည်း။ ကာတဗ္ဗော၊ ပြုအပ်၏။

ငွေတမတ်ထိုက်သော ပါရာဇိက ဝတ္ထုကိုလို၍၊ ပါဒါရဟော-စ-ပုဒ်ကိုဆိုရသည်။ ပါရာဇိက ဝတ္ထု၏ အဘိုး ငွေတမတ်ကိုလို၍၊ ပါဒေါ စ-ပုဒ်ကိုဆိုရသည်။ ငွေတမတ်ကိုချိန်လို၍၊ တမတ်လေးကိုဆိုရသည်။ တမတ်လေးကိုလို၍၊ တကျပ်လေးကိုဆိုရသည်။ တကျပ်လေးကိုလို၍၊ ပဲ ၂၀-ကိုဆိုရသည်။ ပဲ ၂၀-ကား တကျပ်လေး။ တကျပ်လေး၏ ၄-ဘို့တဘို့ကား တမတ်လေး။ တမတ်လေးနှင့်ချိန်သော ငွေကား၊ အလေးချိန် ငွေတမတ်။ အလေးချိန် ငွေတမတ်ထိုက်သော်ကား၊ ပါရာဇိက ဝတ္ထု။

**အလေးချိန် ငွေတမတ်ဖြင့် ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ရှေးဘုရားတို့လည်း ပညတ်ကုန်ပြီ၊ နောင် ဘုရားတို့လည်း ပညတ်ကုန်လတံ့၊ ငါဘုရားလည်း ပညတ်တော်မူသည်ကို ပြခြင်း**

တတ္ထ ဘဂဝတာ ဒုတိယ ပါရာဇိကံ ပညပေန္တေန ဘိက္ခုသု ပဗ္ဗဇိတံ ပုရာဏဝေါဟာရိက မဟာမတ္တံ ဘိက္ခုံ ကိတ္တကေန ဝတ္ထုနာ ရာဇာ မဂဓော သေနိယော ဗိမ္ဗိသာရော စောရံ ဂဟေတွာ ဟနေယျဝါ ဗန္ဓေယျဝါ ပဗ္ဗာဇေယျဝါတိ ပုစ္ဆိတွာ တေန ပါဒေနဝါ ပါဒါရဟေနဝါတိ ဝုတ္တေနေဝ ပမာဏေန အဒိန္နံ အာဒိယန္တဿ ပညတ္တံ။ ။ဝိနိစ္ဆယဋ္ဌိကာ။

တတ္ထာပိ တတောဝ၊ ထိုကြောင့်သာလျှင်။ ဒုတိယ ပါရာဇိကံ၊ ဒုတိယ ပါရာဇိကကို။ ပညပေန္တေန၊ ပညတ်တော်မူလိုသော။ ဘဂဝတာ၊ မြတ်စွာသုရားသည်။ ဘိက္ခုသုပဗ္ဗဇိတံ၊ ရဟန်းဘောင်၌ ရဟန်းပြုသော။ ပုရာဏ ဝေါဟာရိက မဟာမတ္တံ၊ လူဖြစ်စဉ် ရှေးကာလက တရားသူကြီးဖြစ်ခဲ့ဘူးသော။ ဘိက္ခုံ၊ ရဟန်းကို။ ကိတ္တကေန ဝတ္ထုနာ ရာဇာ မဂဓော သေနိယော ဗိမ္ဗိသာရော စောရံ ဂဟေတွာ ဟနေယျဝါ ဗန္ဓေယျဝါ ပဗ္ဗာဇေယျဝါတိ။ ပ။ ပဗ္ဗာဇေယျဝါ-ဟူ၍။ ပုစ္ဆိတွာ၊ မေး၍။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။

ပါဒေနဝါ ပါဒါရဟေနဝါတိ၊ ပါဒေနဝါ ပါဒါရဟေနဝါ-ဟူ၍။ ဝုတ္တေနေဝ ပမာဏေန၊ ဩှောက်ဆိုအပ်သော - ပါဒ, ပါဒါရဟ ပမာဏဖြင့်သာလျှင်။ အဒိန္နံ၊ အရှင်မပေးသော သူ့ဥစ္စာကို။ အာဒိယန္တဿ၊ ခိုးယူသော ရဟန်းအား။ ဒုတိယံ ပါရာဇိကံ၊ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို။ ပညတ္တံ၊ ပညတ်အပ်၏။ ။အနက်။

အဓိပ္ပါယ်ကား၊ ရှေးဝါကျ စကားရပ်၌၊ ပဉ္စမာသကနကံ–ဟူသောပုဒ်၏ အနက်ကို၊ ၅-ပဲထိုက်သော ပါရာဇိက ဝတ္ထုဟု သာမညဆိုသော်လည်း၊ တကျပ်လေး၏ ၄-ဘို့တဘို့ ဖြစ်သော၊ တမတ်လေးနှင့်ချိန်သော အလေးချိန် ငွေတမတ်ကိုလည်း၊ ၅-ပဲထိုက်သော ပါရာဇိက ဝတ္ထု၏ အဘိုးအလို့ငှါ၊ ပါဒေါစ ကာတဗ္ဗော-ဟုပြု၍၊ အလေးချိန် ငွေတမတ်ထိုက်သော ဝတ္ထုကိုလည်း၊ ၅-ပဲထိုက်သော ပါရာဇိက ဝတ္ထု အလို့ငှါ၊ ပါဒါရဟောစ ကာတဗ္ဗော-ဟုပြု၍၊ ပါဠိသောသ၊ ပါဒ, ပါဒါရဟ ၂-ပုဒ်နက်ရ ယူမှ၊ ပါဠိတော်နှင့် သင့်တင့် ညီညွတ်သည်ကို၊ ဒဠှီကမ္မသာဓက ဖြစ်စေခြင်းငှါ၊ တထာဟိ ဘဂဝတာ ဒုတိယံ ပါရာဇိကံ ပညပေန္တေန ။ပ။ ဘိက္ခုံ ပုစ္ဆိတွာ တေန ပါဒေနဝါ ပါဒါရဟေနဝါတိ ဝုတ္တေနေဝ ပမာဏေန အဒိန္နံ အာဒိယန္တဿ ပညတ္တံ။-ဟူသော နောက်ဝါကျ စကားရပ်ကို ဆိုသည့်မှတ်။

> အဋ္ဌကထာယဉ္စ ပဉ္စမာသကော ပါဒေါတိ ပါဠိယံ ဥလ္လိင်္ဂေတွာ တဒါ ရာဇဂဟေ ဝီသတိမာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဉ္စမာသကော ပါဒေါ၊ ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏဿ စတုတ္ထောဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော။ သောစခေါ ပေါရာဏဿ နီလကဟာပဏဿဝသေန၊ န ဣတရေသံ ရုဒြဒါမကာဒီနံ၊ တေနဟိ ပါဒေန အတီတဗုဒ္ဓါပိ ပါရာဇိကံ ပညပေသုံ၊ အနာဂတာပိ ပညပေဿန္တိ၊ သဗ္ဗဗုဒ္ဓါနံဟိ ပါရာဇိက ဝတ္ထုမ္ဟိဝါ ပါရာဇိကေဝါ နာနတ္တံ နတ္ထိ၊ ဣမာနေဝ စတ္တာရိ ပါရာဇိက ဝတ္ထူနိ၊ ဣမာနေဝ စတ္တာရိ ပါရာဇိကာနိ၊ ဣတော ဦနံဝါ အတိ

ရေကံဝါ နဒ္ဒိ၊ တသ္မာ ဘဂဝါပိ ဓနိယံ ဝိဂရဟိတွာ ပါဒေန ဒုတိယ ပါရာဇိကံ ပညပေန္တော ယောပန ဘိက္ခု အဒိန္နံ ထေယျသင်္ခါတန္တိ အာဒိမာဟာတိ ဝုတ္တံ။ ။ဝိနယ ဝိနိစ္ဆယ ဋီကာ။

အဋ္ဌကထာယဉ္စ၊ ၌လည်း၊ ပဉ္စမာသကော ပါဒေါတိ ပါဠိယံ၊ ပဉ္စမာသကော ပါဒေါ-ဟူသော ပါဠိ၌၊ ဥလ္လိင်္ဂိတွာ၊ တည့်၍၊ တဒါရာဇဂဟေ ဝီသတိ မာသကော ကဟာပဏော ဟောတိ၊ပ၊ ယောပန ဘိက္ခု အဒိန္နံ ထေယျသင်္ခါတန္တိ အာဒိမာဟာတိ ဣဒံဝစနံ၊ပ၊ အာဒိမာဟ-ဟူသော ဤစကားကို၊ ဝုတ္တံ၊ မိန့်အပ်ပြီ။ ။ ငှသော အဋ္ဌကထာပါဠိ၌ကို အနက်ဆိုခဲ့ပြီ။

သာရတ္ထဒီပနိယဉ္စ စတုဗ္ဗောဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗောတိ ဣမိနာ သမ္ဗန္ဓေနပဒေသု ကဟာပဏဿ ဝီသတိမော ဘာဂေါ မာသကောတိ၊ ဣဒဉ္စ ဝုတ္တမေဝ ဟောတီတိ ဒဋ္ဌဗ္ဗံ။ ပေါရာဏဿဋ္ဌာနုရူပ လက္ခဏာသမ္ဗန္ဓာ ဥပ္ပါဒိတာ နီလ ကဟာပဏာတိ ဝေဒိတဗ္ဗာ။ ရုဒြဒါမေန ဥပ္ပါဒိတော ရုဒြဒါမကော၊ သောကိရ နီလ ကဟာပဏဿ တိဘာဂံ အဂ္ဃတီတိ ဝတွာ ယသ္မိံပန ဒေသေ နီလ ကဟာပဏာ န သန္တိ၊ တတ္ထာပိ နီလ ကဟာပဏဝသေနေဝ ပရိစ္ဆေဒေါ ကာတဗ္ဗော။ ကထံ။ နီလ ကဟာပဏာနံ ဝဠဉ္ဇနဋ္ဌာနေ အဝဠဉ္ဇနဋ္ဌာနေစ ပဝတ္တမာနံ ပရဘဏ္ဍံ နီလ ကဟာပဏေန သမာနဂ္ဃနကံ ဂဟေတွာ တဿ စတုတ္ထ ဘာဂဂ္ဃနကံ နီလ ကဟာပဏဿ ပါဒဂ္ဃနကန္တိ ပရိစ္ဆိန္ဒိတွာ ဝိနိစ္ဆယော ကာတဗ္ဗောတိ အယမတ္ထော ဝုတ္တော။ ။ဝိနယ ဝိနိစ္ဆယ ဋီကာ။

သာရတ္ထဒီပနိယဉ္စ၊ ၌လည်း၊ စတုဗ္ဗော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗောတိ ဣမိနာ၊ပ၊ သော ကိရ နီလကဟာပဏဿ တိဘာဂံ အဂ္ဃတီတိ၊ပ။ အဂ္ဃတိ-ဟူ၍၊ ဝတွာ၊ ဆိုပြီး၍၊ ယသ္မိံ ပန ဒေသေ၊ အကြင်အရပ်၌ကား၊ နီလ ကဟာပဏာ၊ တကျပ်လေးတို့သည်၊ န သန္တိ၊ မရှိကုန်အံ့၊ တတ္ထာပိ၊ ထိုအရပ်၌လည်း၊ နီလ ကဟာပဏဝ

သောဓနေဝ၊ တကျပ်လေး၏ အလိုအားဖြင့်သာလျှင်။ ပရိက္ခေဒေါ၊ အပိုင်းအခြားကို။ ကာတဗွော၊ ပြုအပ်၏။ ကထံကာတဗွော၊ အဘယ်သို့ ပြုအပ်သနည်း။ ။နီလ ကဟာပဏာနံ၊ တကျပ်လေးတို့ကို။ ဝဠဉ္ဇနဋ္ဌာနေစ၊ သုံးဆောင်သောအရပ်၌လည်း။ ပဝတ္တမာနံ၊ ဖြစ်သော။ အဝဠဉ္ဇနဋ္ဌာနေစ၊ မသုံးဆောင်သောအရပ်၌လည်း။ ပဝတ္တမာနံ၊ ဖြစ်သော။ ပရဘဏ္ဍံ၊ နီလ ကဟာပဏမှ တပါးသော ဘဏ္ဍာကို။ နီလ ကဟာပဏေန၊ တကျပ်လေးနှင့်။ သမာနဿနကံ၊ အချိန်အဆပမာဏတူသည်ကို။ ဂဟေတွာ၊ တိုက်ယူ၍။ တဿပရဘဏ္ဍဿ၊ ထိုနီလ ကဟာပဏမှတပါးသော ဘဏ္ဍာ၏။ စတုတ္ထ ဘာဂဿနကံ၊ လေးဘို့ တဘို့ ပမာဏသည်။ နီလ ကဟာပဏဿ၊ တကျပ်လေး၏။ ပါဒဿနကံ၊ တမတ် ပမာဏတည်း။ ဣတိ ဧဝံ၊ ဤသို့။ ပရိက္ခေဒေါ၊ အပိုင်းအခြားကို။ ကာတဗွော၊ ပြုအပ်၏။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဣတိ အယမတ္ထော၊ ဤအနက်ကိုသာလျှင်။ ဝုတ္တော၊ ၏။ ။အနက်။

အဓိပ္ပါယ်ကား၊ ဝိနယ ဝိနိစ္ဆယ၌၊ ပဉ္စမာသဿနကကို၊ ၅-ပဲ ထိုက်သော ဝတ္ထုဆိုသည်။ ၅–ပဲထိုက်သော ဝတ္ထုကို၊ ပါဒါရဟာဆိုသည်။ တကျပ်လေး၏ လေးဘို့တဘို့အလို၊ ၅-ပဲဆိုသောတမတ်လေးဖြင့် ချိန်ဆ၍မှတ်အပ်သော၊ အလေးချိန် ငွေတမတ်ထိုက်သော ဝတ္ထုဆိုသည်။ ၅-ပဲထိုက်သော ဝတ္ထု၏ အဘိုးကို၊ ပါဒ–ဆိုသည်။ ပါဒကို တကျပ်လေး၏ လေးဘို့တဘို့အလို၊ ၅-ပဲဆိုသော တမတ်လေးဖြင့် ချိန်ဆ၍ မှတ်အပ်သော၊ အလေးချိန် ငွေတမတ်ဆိုသည်။ ။ ထို့ကြောင့်၊ ခိုးသောဝတ္ထုကလည်း အလေးချိန်ငွေတမတ်ထိုက်သော ဝတ္ထုပမာဏ။ ခိုးသော ဝတ္ထု၏ အဘိုးကလည်း၊ အလေးချိန် ငွေတမတ်ပမာဏဖြင့်၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူသော ရဟန်းအား၊ ဒုတိယ ပါရာဇိက အာပတ်ကို၊ မြတ်စွာဘုရား ပညတ်တော်မူသည် ဟူလို။

အဋ္ဌကထာ၌လည်း၊ ခိုးသောဝတ္ထု၏အဘိုး အလေးချိန် ငွေတမတ်ကို၊ ချိန်စရာ တမတ်လေးကို ဟောသော၊ ပဉ္စမာသကော ပါဒေါ-ဟူသော ပါဠိ၌ဘည်၍၊ ပဲလေး ၂၀-ကို တကျပ်လေးဆိုသည်။

၅-ပဲလေးကို တမတ်လေးဆိုသည်။ ဤလက္ခဏာအားဖြင့်၊ အလုံးစုံသော မြို့, ပြ, ပြည်, ရွာ, နိဂုမ်း, တိုင်း, နိုင်ငံ, ဇနပုဒ်တို့၌၊ တကျပ်လေး၏ လေးတို့တတို့ကို၊ တမတ်လေးဆိုသည်။ ထိုတမတ်လေးကိုလည်း၊ ရှေးကျမ်းဟောင်းအားလျော်သော တကျပ်လေး၏ ၄-တို့တတို့အလို၊ အလေးမှန်ဆိုသည်။ ဤသို့ အလေးမှန်သော ထိုတမတ်လေးနှင့်ချိန်သော၊ အလေးချိန် ငွေတမတ်ဖြင့်၊ ရှေးဘုရားတို့သည်လည်း၊ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်ကုန်ပြီ။ နောင် ဘုရားတို့သည်လည်း၊ ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်ကုန်လတံ့။ ငါဘုရားသည်လည်း၊ ယခု ဒုတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူဆဲ ဟူလို။

## နီလကဟာပဏ အလေးမရှိသောအရပ်၌၊ နီလကဟာပဏ အလိုအားဖြင့် ကျပ်လေး, မတ်လေး ပြုလုပ်ပုံကို ပြခြင်း

သာရတ္ထဋီကာ၌လည်း၊ အကြင်အရပ်၌၊ နီလကဟာပဏမည်သော ကျပ်လေးမရှိဆိုသည်။ ထိုအရပ်၌လည်း၊ နီလကဟာပဏမည်သော ကျပ်လေးအလိုအားဖြင့်သာလျှင်၊ ကျပ်လေး အပိုင်းအခြားကိုပြု၊ မတ်လေး အပိုင်းအခြားကိုပြုဆိုသည်။ အဘယ်သို့ ပြုသနည်း၊ နီလကဟာပဏ သုံးဆောင်သောအရပ်၌ဖြစ်သော၊ နီလ ကဟာပဏမှတပါးသော တခုခုသော ဘဏ္ဍာကို၊ နီလ ကဟာပဏမည်သော ကျပ်လေးနှင့်၊ အချိန်အဆ ပမာဏတူအောင် အလေးတိုက်၍၊ နီလကဟာပဏ မသုံးဆောင်သော အရပ်သို့ ယူဆောင်ခဲ့၍၊ ထိုယူဆောင်ခဲ့သော ဘဏ္ဍာ၏ လေးတို့တတို့ကျ ၅-ပဲ ပမာဏသည်၊ နီလ ကဟာပဏမည်သော ကျပ်လေး၏ လေးတို့တတို့ကျ၊ တမတ်လေးပမာဏပင်တည်း။ ဤသို့ ကျပ်လေး အပိုင်းအခြားကိုပြု၊ မတ်လေး အပိုင်းအခြားကိုပြု ဆိုသည်။

ကျပ်လေးကို ပိုင်းခြား၊ မတ်လေးကိုပိုင်းခြား၍၊ ပါရာဇိကဝတ္ထုကို တမတ်လေးနှင့်ချိန်သော၊ အလေးချိန်ငွေတမတ်ထိုက်သောဝတ္ထုဟု၊ ပါရာဇိကဝတ္ထု၏အတိုးကို၊ တမတ်လေးနှင့်ချိန်သော အလေးချိန်ငွေတမတ်ဟု-ပါဒ, ပါဒါရုဟ အဆုံးအဖြတ်ကိုပြုဟူသော အနက်

ကိုသာ မှာဆိုတော်မူသည်။ ပါဒ,ပါဒါရဟ-ပါရာဇိကဝတ္ထုကို၊သ ချပ်အားဖြင့် တိုက်ရိုက်မဆို ဟူလို။

ထွေကဟာပဏံနာမ ကရောန္တာ သုဝဏ္ဏေနာပိ ကရောန္တိ၊ ရဇတေနပိ၊ တမ္ဗေနပိ၊ သုဝဏ္ဏရဇတ တမ္ဗ မိဿကဥ္စာပိ၊တေသု ကတမံ နီလကဟာပဏန္တိ၊ ကေစိ တာဝ သုဝဏ္ဏကဟာပဏန္တိ၊ ကေစိ မိဿက ကဟာပဏန္တိ၊ တတ္ထ သုဝဏ္ဏကဟာပဏန္တိ ဝဒန္တာနံ အယံ အဓိပ္ပါယော။ ။ဝိနိစ္ဆယဋီကာ။

ထွေဥ္စါနေ၊ ဥ္ခ၊ကဟာပဏံနာမ၊ကျပ်လေးမည်သည်ကို။ကရောန္တာ၊ ပြုလိုကုန်သောသူတို့သည်။ သုဝဏ္ဏေနာပိကဟာပဏံ၊ ရွှေကျပ်လေးကိုလည်း။ ကရောန္တိ၊ ပြုကြကုန်၏။ ရဇတေနပိကဟာပဏံ၊ ငွေကျပ်လေးကိုလည်း။ ကရောန္တိ၊ ပြုကြကုန်၏။ တမ္ဗေနပိကဟာပဏံ၊ ကြေးကျပ်လေးကိုလည်း၊ ကရောန္တိ၊ ပြုကြကုန်၏။ သုဝဏ္ဏ ရဇတ တမ္ဗ မိဿကဥ္စာပိကဟာပဏံ၊ရွှေ,ငွေ,ကြေးရောသော မိဿကကျပ်လေးကိုလည်း။ ကရောန္တိ၊ ပြုကြကုန်၏။ တေသု၊ ထိုကျပ်လေးတို့တွင်။ ကတမံ၊ အဘယ်ကျပ်လေးသည်။ နီလကဟာပဏံ၊ နီလကဟာပဏမည်နည်း။ဣတိ၊ ဤသို့၊ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ကေစိ၊ တို့သည်။ တာဝ၊ စွာ။ သုဝဏ္ဏကဟာပဏံ၊ ရွှေကျပ်လေးသည်၊ နီလကဟာပဏံ။ နီလကဟာပဏမည်၏။ ဣတိ၊ ဤသို့၊ ဝဒန္တိ၊ ကုန်၏။ ကေစိ၊တို့သည်၊မိဿက ကဟာပဏံ၊ မိဿကကျပ်လေးသည်၊ နီလကဟာပဏံ၊ နီလကဟာပဏမည်၏၊ ဣတိ၊ ဤသို့၊ ဝဒန္တိ၊ ကုန်၏။ တတ္ထ၊ ထို၂-ပါးတို့တွင်။ သုဝဏ္ဏကဟာပဏန္တိ ဝဒန္တာနံ၊ ရွှေကျပ်လေးကို နီလကဟာပဏ-ဟုဆိုကုန်သောဆရာတို့၏၊အယံ၊ ဤဆိုလတံ့သည်ကား၊ အဓိပ္ပါယော၊အဓိပ္ပါယ်တည်း။ ။အနက်။

ပါရာဇိကဝတ္ထုနာမ ပါဒေန သဗ္ဗတ္ထ ကောလက္ခဏေန ဘဝိတဗ္ဗံ။ ကာလဒေသေ ပရိဘောဂေါဒိ ဝသေန အဋ္ဌနာနတ္တံ ပါဒသေဿ ဘဝိတဗ္ဗံ။ ဘဂဝတာဟိ ဓမ္မ

**ကရာဇူဟိ ဟနန ဗန္ဓန ပဗ္ဗာဇနာ ရူပေနဝ အဒိန္နာဒါ နေ ပါရာဇိကံ ပညတ္တံ။ န ဣတရံ၊ တသ္မာ သော သဗ္ဗဒါ သဗ္ဗတ္ထ အဗျဘိစာရိနောတိ သုဝဏ္ဏမယဿ ကဟာပ ဏဿ စတုတ္ထေန ပါဒေန ဘဝိတဗ္ဗန္တိ။** ။ဝိနယဝိနိစ္ဆယဋီကာ။

ပါရာဇိကဝတ္ထုနာမ၊ ပါရာဇိကဝတ္ထုမည်သည်ကား။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ ပါဒေန၊ တမတ်နှင့်။ ဧကလက္ခဏေန၊ အဘိုးတူသောလက္ခဏာရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်၏။ ပါဒဿ၊ တမတ်နှင့် အညနာနတ္တံ နာမ၊ မတူသောအဘိုးမည်သည်ကား။ ကာလဒေသ ပရိဘောဂါဒိဝသေနေဝ၊ ကာလအလို, ဒေသအလို, ပရိဘောဂ စသောအလိုသည်သာလျှင်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်၏။

ဟိယသ္မာ၊ အကြင့်ကြောင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အဒိန္နာဒါနေ၊ အရှင်မပေးသော သူ့ဥစ္စာကိုခိုးယူခြင်းကြောင့်။ ပညတ္တံ၊ ပညတ်အပ်သော။ ပါရာဇိကံ-ပါရာဇိကဝတ္ထုနာမ၊ ပါရာဇိကဝတ္ထု မည်သည်ကား။ ဓမ္မိကရာဇူဟိ၊ တရားစောင့်သော မင်းကောင်းတို့သည်။ အဒိန္နာဒါနေ၊ အရှင်မပေးသောသူ့ဥစ္စာကို ခိုးယူခြင်းကြောင့်။ ဟနနံ, ဗန္ဓနံ, ပဗ္ဗာဇနာ ရူပေနေဝ၊ သတ်သည်နှင့်တူ, နှောင်ဖွဲ့သည်နှင့်တူ, နှင်ထုတ်သည်နှင့်တူသော သဘောသည်သာလျှင်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်၏။

ဟိယသ္မာ၊ အကြင့်ကြောင့်။ ဘဂဝတာ၊ သည်။ အဒိန္နာဒါနေ၊ ကြောင့်။ အပညတ္တံ၊ မပညတ်အပ်သော။ ဣတရံ-အညနာနတ္တံနာမ၊ အညနာနတ္တမည်သည်ကား။ ဓမ္မိကရာဇူဟိ၊ တရားစောင့်သော မင်းတို့သည်။ အဒိန္နာဒါနေ၊ အရှင်မပေးသောသူ့ဥစ္စာကို ခိုးယူခြင်းကြောင့်။ ဟနနံ, ဗန္ဓနံ, ပဗ္ဗာဇနာ ရူပေန၊ သတ်သည်နှင့်တူ, နှောင်ဖွဲ့သည်နှင့်တူ, နှင်ထုတ်သည်နှင့်တူသော သဘောသည်။ န ဘဝိတဗ္ဗံ၊ မဖြစ်သင့်။

တသ္မာ၊ ထို့ကြောင့်။ သော ပါရာဇိကဝတ္ထု ပညတ္တိနာမ၊ ဤပါရာဇိကဝတ္ထုပညတ်သည်ကား။ သဗ္ဗဒါ၊ အလုံးစုံသော ကာလတို့နှင့်။

သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့နှင့်။ အဗျတ္တိစာရိနာ၊ မဆက်ဆံသည်။ ။ဘဝိတဗ္ဗံ ယထာ၊ ဖြစ်သင့်သကဲ့သို့။ ဉာတိ ဇေံတထာ၊ ထို့အတူ။ သဗ္ဗဒါ၊ အလုံးစုံသောကာလတို့နှင့်။သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့နှင့်။ အဗျတ္တိစာရိနော၊ မဆက်ဆံသော။ သုဝဏ္ဏမယဿ ကဟာပဏဿ၊ ရွှေဖြင့်ပြီးသော ကျပ်လေး၏။ စတုတ္ထေန ပါဒေန၊ လေးချပြောက်သော ရွှေမတ်လေးနှင့်။ ဧကလက္ခဏော၊ အတိုးတူသောလက္ခဏာရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်၏။ ဉာတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ တည်း။ ။အနက်။

## ရွှေစင်တမတ်-ငွေ ၅ ခိုးမှ ပါရာဇိကကျဆိုသောစကားသည် ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့်မညီ၊ အနုမာန ကြံဆ၍ယူသော ကေစိဝါဒ-ဟု ပြခြင်း

ဆိုလိုရင်းအဓိပ္ပါယ်မှာ၊ ရွှေဖြစ်မူကား၊ ရွှေကျပ်လေး၏ ၄-ဘို့ တဘို့၊ ရွှေမတ်လေးနှင့် အချိန်တူသော ရွှေတမတ်သည်၊ ပါရာဇိကဝတ္ထု။ ငွေဖြစ်မူကား၊ ရွှေတမတ်နှင့်အတိုးတူသော ငွေ၅-ကျပ်သည်၊ ပါရာဇိကဝတ္ထုဖြစ်သင့်၏ဟုလို၊ ငွေတမတ်ခိုးရုံမျှနှင့် ပါရာဇိကမကျ၊ ရွှေစင်တမတ်-ငွေ ၅-ကျပ်ခိုးမှ၊ ပါရာဇိကကျ၏ဆိုသော ဝါဒပင်တည်း။ ။ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် မညီမညွတ်၊ အနုမာန ကြံဆ၍ယူသော၊ ကေစိဝါဒမှတ်။

ဝိသကတ္တိ ဝဒန္တာနံ ပန အယံ မဓိပ္ပါယော၊ အဋ္ဌကထာယံ တဒါ ရာဇဂဟေ ဝီသတိမာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဉ္စမာသကော ပါဒေါ၊ ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏဿ စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော၊ သော စ ခေါ ပေါရာဏဿ နီလကဟာပဏဿ ဝသေန၊ နဉာတရေသံ ရုဒြဒါမကာဒီနန္တိ ဝုတ္တတ္တာ၊ သာရတ္ထဒီပနိယဉ္စ ပေါရာဏဿာတိ ရူပ လက္ခဏသမ္ပန္နံ ဥပ္ပါဒိတာ နီလကဟာပဏာတိ ဝေဒိတဗ္ဗာတိ ဝုတ္တတ္တာ စ၊ ဝိနယဝိနိစ္ဆယံပတ္တာ ဂရုကေ ဌာတဗ္ဗန္တိ ဝစနတော စ ဝိသက ကဟာပဏော ယေဝ နီလကဟာပဏော။ ။ဝိနယ ဝိနိစ္ဆယဋီကာ။

မိဿကန္တိ ဝဒန္တာနံ၊မိဿကကျပ်လေး နိလကဟာပဏ-ဟုဆို အပ်ကုန်သော ကေစိဆရာတို့၏၊ အယံပန၊ ဤဆိုလတံ့သည်ကား၊ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း၊ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌၊ တဒါ ရာဇဂဟေ ဝီသတိမာသကော ကဟာပဏောဟောတိ၊ ပ။နဋ္ဌတရေသံ ဒုဗ္ဗိဓါမကာဒီနန္တိ၊ ပ။ဒုဗ္ဗိဓါမကာဒီနံ-ဟူ၍၊ ဝုတ္တတ္တာစ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်ရင်း၊ သာရတ္ထဒီပနီယဉ္စ၊ ၌လည်း၊ ပေါရာဏ။ပ။ဝေဒိတဗ္ဗာတိ ဝုတ္တတ္တာစ၊ ဝေဒိတဗ္ဗာ-ဟုဆိုအပ်သည်၏အဖြစ်ကြောင့်ရင်း၊ ဝိနယဝိနိစ္ဆယံ၊ပ။ဥာတဗ္ဗန္တိ ဝစနတောစ၊ ဥာတဗ္ဗံ-ဟုဆိုခြင်းကြောင့်ရင်း၊ မိဿက ကဟာပဏောယေဝ၊ မိဿက ကျပ်လေးသည်သာလျှင်၊ နိလကဟာပဏော၊နိလကဟာပဏ ကျပ်လေးမည်၏၊ ။အနက်။

အနက်အဓိပ္ပါယ်ကို သိသိရင်းဥာန်၊ နေရာကျ မှတ်ပုံမှာ၊ ပါဒေန ဝါ ဘဂဝါ ပါဒါရဟေနဝါ-ဟူသောပါဠိတော်၌၊ပါဒ,ပါဒါရဟာ၂ ဥာနတွင်၊အလေးချိန်ငွေတမတ်က-ပါဒ၊ အလေးချိန်ငွေတမတ်ထိုက်သောဝတ္ထုက-ပါဒါရဟာ၊ အလေးချိန် ငွေတမတ်ထိုက်သော ဝတ္ထုသည်၊ ပါရာဇိကာဝတ္ထုမည်၏။ ပါရာဇိက ဝတ္ထု၏အတိုးသည်၊ အလေးချိန်ငွေတမတ်မည်၏။ အလေးချိန်ငွေတမတ်ကို ချိန်သောပဲလေးသည်၊ တမတ်လေးမည်၏၊ ဤတမတ်လေးကိုဆုံးဖြတ်လို၍၊ နိလကဟာပဏ ကျပ်လေးကိုဆိုသော စကားရပ်ဥာနမှတ်။

အဋ္ဌကထာ၌၊ဒုတိယပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူသော ထိုကာလ၊ ရာဇဂြိုဟ်ပြည်၌၊ ပဲလေး ၂၀-သည်၊ တကျပ်လေးမည်၏၊ ထို့ကြောင့် ၅-ပဲလေးသည်၊ တမတ်လေးမည်၏၊ ဤလက္ခဏာဖြင့် အလုံးစုံသောဓနုပုဒ်တို့၌၊ တကျပ်လေး၏လေးဘို့တဘို့ကို၊တမတ်လေးဆို၏၊ ထိုဘမတ်လေးကိုလည်း၊ ရှေးကျမ်းဟောင်းအားလျော်သော၊ နိလကဟာပဏကျပ်လေး လေးဘို့တဘို့ တမတ်လေး အလိုဖြင့်၊ သိအပ်၏ဟု ဆိုသောကြောင့်ရင်း၊ သာရတ္ထနီကာ၌လည်း၊ ရှေးကျမ်းဟောင်းအားလျော်သော၊ လက္ခဏာနှင့်ညီစွာဖြစ်သောကျပ်လေးကို၊ နိလကဟာပဏကျပ်လေးဟု ဆိုသော

ကြောင့်ရင်း။ ဝိနည်းအဆုံးအဖြတ်သို့ရောက်၍၊ ယုတ်သောအပြစ်လွန်သောအပြစ်မှ ကင်းသည်ကို၊ အလေးဂရုပြုအပ်သော ဝိနည်းရှိရာ အရာဌာန၌တည်အပ်၏ဟုဆိုခြင်းကြောင့်ရင်း။ ရွှေ ၅-ပဲ, ငွေ ၅-ပဲ, ကြေးနီ ၁၀-ပဲရောသော မိဿကကျပ်လေးသည်သာလျှင်၊ နီလကဟာပဏကျပ်လေးမည်၏ဟု ဆိုလိုသည်။ ။ဤ၀ါဒကို၊ သမာန၀ါဒဆိုလိုသည်။

## နီလကဟာပဏကျပ်လေး, မတ်လေးတို့ကို အလေးပုံစံနှင့်တကွ ရွှေ,ငွေ,ကြေးနီတို့ဖြင့် ရောနှောဖွဲ့စပ်ပုံကို ပြခြင်း



ကျပ်လေးပုံ



မတ်လေးပုံ

တတြဝ ဟိ ပေါရာဏသတ္ထာဒီဟိ တံ လက္ခဏံ ဒဿိတံ၊ ကထံ ပဉ္စမာသော သုဝဏ္ဏော၊ တထာ ရဇတော၊ ဒသမာသော တမ္ဗသာတိ၊ ဧတေ ဝီသတိမာသေ ဗိမ္ဗေ ကတွာ မာပေတွာ ယ ဝိ ဟိမဝန္တံ လောဟံ ပက္ခိပိတွာ အက္ခရာနိ ဝ ဟတ္ထိ ပါဒါဒီနိ မညတရဿ ရူပံ ဒဿေတွာ ကာရေတာ နီလကဟာပဏော နာမ ဟောတီတိ။ ။ဝိနယ ဝိနိစ္ဆယဋီကာ။

သာဓကပါဠိနှင့်တကွ၊ ရွှေ ၅-ပဲ,ငွေ ၅-ပဲ,ကြေးနီ ၁၀-ပဲ၊ ဤပဲ ၂၀-တို့ကို ရောစပ်၍ဖွဲ့စေခြင်းငှာ၊ စပါးတလုံးမျှ ခဲမထည့်၍၊ အက္ခရာတို့ကိုလည်း ထင်စေ၍၊ ဆင်ခြေသဏ္ဌာန် အောက်ကခံသော ဟင်္သာရုပ်ကိုလည်း ထင်စွာပြ၍၊ ပြုလုပ်အပ်သောနီလကဟာပဏကျပ်လေးသဏ္ဌာန်, မတ်လေးသဏ္ဌာန်၊ ပုံစံပေါ်ပြချက်ဌာန၊ ကြည့်ရှုကြကုန်။

ဟိသဒ္ဒါ၊ မှန်၏။ တတြဝ မိဿက ကဟာပဏေ၊ ထိုမိဿကကျပ်လေး၌သာလျှင်။ ပေါရာဏသတ္ထာဒီဟိ၊ ရှေးကျမ်းဟောင်းတို့ဖြင့်။ တံ လက္ခဏံ၊ ထိုလက္ခဏာကို။ ဒဿိတံ၊ ပြအပ်၏။ ကထံ ဒဿိတံ၊ အဘယ်သို့ ပြအပ်သနည်း။ ပဉ္စမာသော သုဝဏ္ဏော၊ ရွှေ ၅-ပဲ။ တထာ ရဇတော၊ ထို့အတူ ငွေ ၅-ပဲ။ ဒသမာသော တမ္ဗော၊ ကြေးနီ ၁၀-

ပဲ၊ ဣတိ၊ ဤသို့၊ ဧတေ ဝီသတိမာသေ၊ ဤပဲ ၂၀-တို့ကို၊ မိဿေတွာ၊ ရောစပ်၍၊ ဗန္ဓုဇ္ဇာယ၊ ဖွဲ့စေခြင်းငှာ၊ ဝီဟိမတ္တံ၊ စပါးတလုံးမျှ၊ ဆေ့ပေါ်၊ သလွဲသံကို၊ ပက္ခိပိတွာ၊ ထည့်၍၊ အက္ခရာနိ စ၊ အက္ခရာတို့ကိုရင်း၊ ဟတ္ထပါဒါဒီနံ၊ ဆင်ခြေသဏ္ဍာန်စသည်တို့တွင်။ အညတရံ၊ တပါးပါးသော၊ ရူပဥ္စ၊ အရုပ်ကိုရင်း၊ ဒဿေတွာ၊ ထင်စွာပြ၍၊ ကတော၊ ပြုလုပ်အပ်သော ကျပ်လေးသည်၊ နီလကဟာပဏော နာမ၊ နီလကဟာပဏ ကျပ်လေးမည်သည်။ ဟောတိ၊ ဖြစ်၏၊ ဣတိ ဧဝံ၊ ဤသို့။ ဒဿိတံ၊ ပြအပ်၏။ ။အနက်။

သိက္ခာဘာဇန ဝိနိစ္ဆယေ စ ကေသုစိ ပေါတ္ထကေသု ပါဒေါ နာမ ပဉ္စမာသာ သုဝဏ္ဏဿာတိ ပုရိမ ပက္ခဝါဒီနံ မတေန ပါဠော လိခိတော၊ ကေသုစိ ပေါတ္ထကေသု ဒုတိယ ပက္ခဝါဒီနံ မတေန ပဉ္စမာသံ ဟိရညဿာတိ ပါဠော လိခိတော၊ သီဟဠဘာသာယ ပေါရာဏကေဟိ လိခိတာယ သာမဏေရ သိက္ခာယ ပန ပေါရာဏဿ ကဟာပဏဿာတိ ဝုတ္တံ။ ။ဝိနယ ဝိနိစ္ဆယဋီကာ။

သိက္ခာ ဘာဇန ဝိနိစ္ဆယေ စ၊ သိက္ခာ ဘာဇန ဝိနိစ္ဆယ၌လည်း၊ ကေသုစိပေါတ္ထကေသု၊ အချို့သောပေတို့၌၊ ပုရိမ ပက္ခဝါဒီနံ၊ ပုရိမ ပက္ခဝါဒီဆရာတို့၏၊ မတေန၊ အလိုအားဖြင့်။ ပါဒေါ နာမ ပဉ္စမာသာ သုဝဏ္ဏဿာတိ ပါဠော၊ ပါဒေါ နာမ ပဉ္စမာသာ သုဝဏ္ဏဿ-ဟူသော ပါဌ်ကို။ လိခိတော၊ ရေးထားအပ်၏။ (ပဉ္စမာသာ သုဝဏ္ဏဿ၊ ရွှေ ၅ - ပဲတို့သည်။ ပါဒေါ နာမ၊ တမတ်မည်၏။) ကေသုစိ ပေါတ္ထကေသု၊ အချို့သော ပေတို့၌၊ ဒုတိယ ပက္ခဝါဒီနံ၊ ဒုတိယ ပက္ခဝါဒီဆရာတို့၏၊ မတေန၊ အလိုအားဖြင့်၊ ပဉ္စမာသံ ဟိရညဿာတိ ပါဠော၊ ပဉ္စမာသံ ဟိရညဿ-ဟူသော ပါဌ်ကို၊ လိခိတော၊ ရေးထားအပ်၏။ (ပဉ္စမာသံ ဟိရညဿ၊ ငွေ ၅-ပဲသည်၊ ပါဒေါ နာမ၊ တမတ်မည်၏၊) သီဟဠဘာသာယ၊ သီဟိုဠ် ဘာသာဖြစ်သော။ ပေါရာဏကေဟိ၊ ရှေးဆရာတို့သည်၊ လိခိတာယ၊ ရေးသားအပ်သော၊ သာမဏေရ သိက္ခာ

ယပန၊ သာမဏေရသိက္ခာ၌ကား။ ပေါရာဏကဿ ကဟာပဏဿာ တိဝစနံ၊ ပေါရာဏကဿ ကဟာပဏဿ—ဟူသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ (ပေါရာဏကဿ၊ ရှေးကျမ်းဟောင်းအားလျော်သော။ ကဟာပဏဿ။ ကျပ်လေး၏။ ပဌမာသကော၊ ၅-ပဲသည်။ ပါဒေါနာမ၊ တမတ်မည်၏။ အနက်ပေး။)

**အဋ္ဌကထာ ဝစနသ္မာ ပေါရာဏကော ရတနသုတ္တာဘိဓါနက သုတ္တေ ယထာဝုတ္တ ကဟာပဏ လက္ခဏဿ အနုရူပတော သုဝဏ္ဏရဇတ တမ္ဗာနိ မိဿေတွာ ဥပဋ္ဌာပေတွာ ကတ ကဟာပဏံ ကဟာပဏံ နာမာတိ၊ သာမဏေရာန မုပသမ္ပန္နာနံ အဒိန္နာဒါန ပါရာဇိက ဝတ္ထုမှိ ကော ဝိသေသောတိ ပုစ္ဆံ ကတွာ သာမဏေနံ ဒသိကသုတ္တေနာပိ ပါရာဇိကော ဟောတိ၊ ဥပသမ္ပန္နာနံ ပန သုဝဏ္ဏဿ ဝီသတိ ဟီဟိ မတ္တေနာတိ ဝိသေသော ဒဿိတော၊ တံ ပန သုဝဏ္ဏမာသကဝသေန အဖုတိယ မာသကံ ဟောတိ၊ ပဉ္စမာသကေန ဘဂဝတာ ပါရာဇိကံ ပညတ္တံ။** ။ဝိနယ ဝိနိစ္ဆယဋီကာ။

အဋ္ဌကထာ ဝစနသ္မာ၊ အဋ္ဌကထာ စကား၏။ ပေါရာဏကော၊ ရှေး၌ဖြစ်သော။ ရတန သုတ္တာဘိဓါနက သုတ္တေ၊ ရတန သုတ္တာဘိဓါနက သုတ်၌။ ယထာဝုတ္တ ကဟာပဏ လက္ခဏဿ၊ ဆိုလတ္တံ့သော ကျပ်လေး လက္ခဏာအား။ အနုရူပတော၊ လျော်ခြင်းကြောင့်။ သုဝဏ္ဏရဇတ တမ္ဗာနိ၊ ရွှေ ၅-ပဲ, ငွေ ၅ ပဲ, ကြေးနီ ၁၀-ပဲတို့ကို။ မိဿေတွာ၊ ရောစပ်၍။ ဥပဋ္ဌာပေတွာ၊ အချပ် အက္ခရာထင်စေ၍။ ကတ ကဟာပဏံ၊ ပြုသော မိဿကကျပ်သည်။ ကဟာပဏံနာမ၊ ကျပ်လေးမည်၏။ ဣတိစ၊ ဤသို့လည်း။ ဝိသေသော၊ အထူးကို။ ဒဿိတော၊ ပြအပ်၏။ သာမဏေရာန မုပသမ္ပန္နာနံ၊ သာမဏေ, ပဉ္စင်းတို့၏။ အဒိန္နာဒါန ပါရာဇိက ဝတ္ထုမှိ၊ အဒိန္နဒါန် ပါရာဇိက ဝတ္ထု၌။ ဝိသေသော၊ အထူးသည်။ ကော၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆံ

ကတွာ၊ ပုန္နာ ပြု၍။ သာမဏေရာနံ၊ သာမဏေတို့အား။ ဒသိက သုတ္တေနာပိ၊ မိန္နာချည်ပင် တမြင့်ကြောင့်လည်း။ ပါရာဇိကော၊ ပါရာဇိကကျသည်။ ဟောတိ၊ ဖြစ်၏။ (ဤဝါကျ စကားရပ်၌၊ အလေးကို ဆိုသော ဌာန၊ သုဝဏ္ဏသဒ္ဒါ ကျပ်ႏလးဟော၊ သုဝဏ္ဏော ပဉ္စရဏ် အဘိဓါန်ကို လည်းထောက်။) ဥပသမ္ပန္နာနံ ပန၊ ပဉ္စင်းတို့အားကား။ သုဝဏ္ဏသာ၊ ကျပ်လေး၏။ ဝိသတိ ဝီဟိမတ္တေန၊ ရွှေစပါးလုံး ၂၀-မျှကြောင့်။ ပါ ရာဇိကော၊ ပါရာဇိကကျသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိသေ သော၊ ကို။ ဒသိတော၊ ၏။ တံ ပန ဝိသတိ ဝီဟိမတ္တံ၊ ထိုရွှေစပါး လုံး ၂၀-မျှသည်ကား။ သုဝဏ္ဏမာသက ဝသေန၊ ကျပ်လေး၏ပဲအ လိုအားဖြင့်။ အဍ္ဎတိယ မာသကံ၊ ရွှေ ၅-ရွေး, ငွေ ၅-ရွေး အလေး ချိန် ၂-ပဲခွဲသည်။ ဟောတိ၊ ၏။ ပဉ္စမာသကေစ၊ ၅-ပဲကြောင့်လည်း။ အဂဝတာ၊ မြတ်စွာဘုရားသည်။ ပါရာဇိကံ၊ ပါရာဇိကကို။ ပ ညတ္တံ၊ အပ်၏။ ။အနက်။

ပေါရာဏက ရတန သုတ္တာ ဘိဓာနကသုတ်၌၊ ရွှေ ၅-ပဲ,ငွေ ၅-ပဲ, ကြေးနီ ၁၀-ပဲ၊ ဤပဲ ၂၀တို့ကိုရောစပ်၍၊ အရုပ်အက္ခရာထင်စေ၍၊ မိသာ ကကျပ်လေးကိုလည်း ပြုသောဟူ၏။ ။တပဲပြည့်ဝ၊ ရွှေ ၄-ရွေးကျ၊ ငွေ ၄-ရွေးကျ၊ အကုန်ယူရသော အာဒျမာသက မဟုတ်။ ပဲဝက်မျှ ရွှေ တရွေးကျ, ငွေတရွေးကျ ယူရသော၊ သုဝဏ္ဏမာသက, ရဇတမာ သက အရောဌာနဖြစ်သော၊ မိသာကကျပ်လေး၏ ပဲ ၂၀ တွင်၊ တပဲ လျှင် ၄-စပါးကျ၊ ၅-ပဲလျှင် စပါးလုံး ၂၀-ရအောင်၊ ၅-ပဲ လေးခု၊ တခုကျ, တခုကျ၊ ရွှေ ၅-ရွေး ငွေ ၅-ရွေး, ကြေးနီ ၁၀-ရွေး ရော စပ်၍၊ ရွေးလေးအလို့ငှါ ရွှေစပါးလုံး ၂၀-ကိုလည်းပြုသောဟူ၏။

ရွှေစပါးလုံး ၂၀-မျှကိုခိုးယူခြင်းကြောင့်၊ ရဟန်းတို့အား ပါရာ ဇိကကျ၏ ဆိုသောစကား၌၊ ရွှေစပါးလုံး ၂၀ သည်၊ ရွှေ ၅-ရွေး, ငွေ ၅-ရွေး၊ အလေးချိန် ၂-ပဲခွဲသာရှိ၏။ ၅-ပဲကိုခိုးယူခြင်းကြောင့် သာ ပါရာဇိကအာပတ်၊ မြတ်စွာဘုရား ပညတ်တော်မူသည်။ အ လေး၌ပါရှိသောရွှေရွေး, ငွေရွေးကိုယူခြင်းငှါလည်း မရကောင်း၊ အသုံးပြုခြင်းငှါလည်း မတတ်ကောင်း ဟူလို။

ရွှေစင်တမတ်-ငွေ၅ ဆိုသော ထေရဝါဒကိုပယ်၍၊ ငွေတမတ်ကိုခိုးယူရုံမျှနှင့်ပါရာဇိကကျသည်ကို ပြခြင်း။

တသ္မာ တံ ယထာ ဝုတ္တ လက္ခဏဿ ကဟာပဏဿ သဗ္ဗဒေသေသု အလဗ္ဘမာနတ္တာ သဗ္ဗဒေသ သာဓာရဏေန တဿ မိဿက ကဟာပဏဿ ပဉ္စမာသ ပါဒဿ နကေန သုဝဏ္ဏေနေ့ဝ ပါရာဇိကဝတ္ထုမှိ နိယမိတေ သဗ္ဗဒေသ ဝါသီနံ ဥပကာရာယ ဇောတိတံ ဝေံ သုဝဏ္ဏေနေဝ ပါရာဇိကဝတ္ထုံ ပရိစ္ဆိန္ဒေါ ကတော၊ အယမေဝ နိယမော သီဟဠာစရိယ ဝါဒေဟိ သာရတော ဂဟိတော၊ တသ္မိံ သိက္ခာဂရုကေဟိ သဗ္ဗတ္ထ ပေသလေဟိ ဝိနယဓရေဟိ အယမေဝ ဝိနိစ္ဆယော သာရတော ပစ္စေတဗ္ဗော။ ။

ဝိနယ ဝိနိစ္ဆယဋီကာ။

တသ္မာ၊ ထို့ကြောင့်။ ယထာဝုတ္တလက္ခဏဿ၊ အကြင်အကြင်ဆိုအပ်ပြီးသော လက္ခဏာရှိသော။ ကဟာပဏဿ၊ မိဿက ကျပ်လေး၏။ တံ အဗုတိယ မာသကံ၊ ထိုရွှေ၅-ရွေး, ငွေ၅-ရွေး အလေးချိန် ၂-ပဲခွဲကို။ သဗ္ဗဒေသေသု၊ အလုံးစုံသောအရပ်တို့၌။ အလဗ္ဘမာနတ္တာ၊ မရအပ်သည်၏အဖြစ်ကြောင့်။ သဗ္ဗဒေသ သာဓာရဏေန၊ အလုံးစုံသောအရပ်တို့နှင့် ဆက်ဆံသောအားဖြင့်။တဿ မိဿက ကဟာပဏဿ၊ ထိုမိဿကကျပ်လေး၏။ ပဉ္စမာသ ပါဒဿနကေန၊ ၅-ပဲလေးဖြင့်မှတ်အပ်သော အလေးချိန်ငွေတမတ် အဘိုးထိုက်သော။သုဝဏ္ဏေနေဝ၊ ရွှေတရွေးဖြင့်သာလျှင်။ ပါရာဇိကဝတ္ထုမှိ၊ ပါရာဇိကဝတ္ထုကို။ နိယမိတေ၊မှတ်အပ်သည်ရှိသော်။ သဗ္ဗဒေသ ဝါသီနံ၊ အလုံးစုံသောအရပ်တို့၌ နေကုန်သောရဟန်းတို့အား။ ဥပကာရာယ၊ ကျေးဇူးများခြင်းငှာ။ ဇောတိ၊ ဖြစ်၏။ ဇုတိ မနသိကတွာ၊ ဤသို့နှလုံးပြု၍။ ဇုဝံ ဇောနပဉ္စမာသ ပါဒဿနကေန၊ထို၅-ပဲလေးဖြင့်မှတ်အပ်သော၊ အလေးချိန်ငွေတမတ်အဘိုးထိုက်သော။ သုဝဏ္ဏေနေဝ၊ ရွှေတရွေးဖြင့်သာလျှင်။ ပါရာဇိကဝတ္ထုံ ပရိစ္ဆိန္ဒေါ၊ ပါရာဇိက

ဝဇ္ဇ[အပိုင်း အခြားကို၊ ကဆောပြုအပ်၏၊ အယာမေဝ နိယမော၊ ဤ နိယမကိုသာလျှင်။ သိဟဠဝစရိယ ဝါဒေဟိ၊ သိဟိုဠ်အဋ္ဌကထာဆရာတို့သည်၊ သာရောတိ၊ သာရဟု၊ ဂဟိတော၊ ယူအပ်၏၊ တသ္မိံ နိယာမေ၊ ထိုနိယမ၌၊ သိက္ခာဂရုကောဟိ၊ သိက္ခာကိုအလေးပြုကုန်သော၊ သဗ္ဗဋ္ဌ ပေသလေဟိ၊ အလုံးစုံ ကိုယ်ကို ချစ်ကုန်သော၊ ဝိနယဓရေဟိ၊ ဝိနည်းဓိုရ်တို့သည်။ အယာမေဝ ဝိနိစ္ဆယော၊ ဤအဆုံးအဖြတ်ကိုလျှင်၊ သာရတော၊ သာရဟု၊ ပစ္စေတဗ္ဗော၊ ယုံကြည်အပ်၏။ ။ အနက်။

ဤဝါကျစကားရပ်ကို၊ အဓိပ္ပါယ် မဆိုမိက သိလိုရင်းဌာန၊ လောကဉ္ဇအသုံးပြုကြသော၊ ရွှေရနှင့် ဈေးနှုန်းကို ရှေးဦးစွာဆိုမှ၊ ပါရာဇိကဝတ္ထု[က၊ ဂ-မူးရေ ရွှေတရွေး၊ အလေးချိန်ငွေတမတ်က အတိုးကို သိစည်၊ ၊ယခုလူတို့အသုံးပြုကြသော ရွှေသည်ကား၊ ဂ-မူးရေ ရွှေတမျိုး၊ ၉-မူးရေ ရွှေတမျိုး၊ ဂ-မူးရေရွှေသည်၊ ဆေးဝါနှင့် စံတူသောဟူ၏၊ ၉-မူးရေရွှေသည်၊ ထန်းစစ်နှင့် စံတူသောဟူ၏။ဈေးနှုန်းက ၂၀ ဈေး၊ဂ-မူးရေ ရွှေတရွေး၊အလေးချိန်ငွေတမတ် အတိုးထိုက်သောဟူ၏၊ ဂ-မူးရေရွှေတရွေး၊ အလေးချိန်ငွေတမတ်အတိုးထိုက်သော်၊ ၉-မူးရေ ရွှေတရွေး၊အလေးချိန် ငွေ ၅-မူး အတိုးထိုက်သောဟူ၏၊ဂ-မူးရေ ရွှေထက်၊၉-မူးရေရွှေက အတိုးထမ်းပိုးတက်သောဟူ၏။

သိလိုရင်း အဓိပ္ပါယ်ကား၊မိသားကကျပ်လေး၏၄-ဘိုထတို့၊၅-ပဲ လေးနှင့်ချိန်သော၊ အလေးချိန်ငွေတမတ် အတိုးထိုက်သော၊ဂ-မူးရေ ရွှေတရွေးသည်၊ ပါရာဇိကဝတ္ထုမည်၏ဟူလိုသည်။ ၊ပဉ္စမာသကွ နကတ္တိ သာမဏေန ရက္ခေပိ ပေါရာဏာသာ နိလ ကဟာပဏာ သော ဝ စတုတ္ထဘာဂ ဝသေန ပဉ္စမာသ နိယာမော ကာတဗ္ဗော-ဟူသောဝါကျ၊ ထာသ မိသာက ကဟာပဏာသ ပဉ္စမာသ ပါဒဿနကေန သုဝဏ္ဏေ နေ၀၊ပ၊ပါရာဇိကဝတ္ထု ပရိက္ခေဒေါ ကတော၊-ဟူသောဝါကျ၊ ဤ ၂-ဝါကျဖြင့်၊ ငွေတမတ်ကို ခိုးရုံမျှနှင့် ပါရာဇိကမကျ၊ ရွှေစင်တမတ်-ငွေ၅-ကျပ်ခိုးမှ ပါရာဇိကကျ၏ဆိုသော ဝါဒကိုပယ်သည်ဟူ၍မှတ်၊ ငွေတမတ်ကိုခိုးရုံမျှနှင့် ပါရာဇိကကျ၏။ ကောန်အမှန်ဟု ဆိုလိုသည်။

## ရွှေ၊ ကျမ်း၌ပြအပ်သော လက္ခဏာကို မယုတ်စေမူ၍၊ အဋ္ဌကထာ၊ ဋီကာဆရာတို့အလေးဖွဲ့ပုံ၊ ခေါ်ဝေါ်ပုံ အမျိုးမျိုးကို ပြခြင်း

မိဿကကျပ်လေး ဝါ။ နီလကဟာပဏာ




ကျပ်ခွဲလေးပုံ




မတ်လေးပုံ

### ဟောဏ္ဍိ စေဌ

ဟေမ ရဇတ တမ္ဗေဟိ၊ သဏ္ဌေ နိဋ္ဌိတလက္ခဏံ။
အဟာပေတွာ ကတော ဝီသ၊ မာသော နီလကဟာပဏော။
ဟေမပါဒံ သဏ္ဍုပါဒံ၊ တမ္ဗပါဒ ဒွယံ ဟိ သော။
မိဿေတွာ ရူပမပ္ပေတွာ၊ ကာတုံ သဏ္ဌေသု ဒဿိတော။ ။
လောတိ ဝုတ္တတေ ဒေါသော၊ နိဒ္ဒေါသတ္တာ တယီရိတော။
တဿ ပါဒေါ သုဝဏ္ဏဿ၊ ဝီသဝီဟဂ္ဃနော မတော။ ။
ယသ္မိံ ပန ပဒေသေ သော၊ နဝတ္တတိ ကဟာပဏော။
ဝီသသောဝဏ္ဏ ဝီဟဂ္ဃံ၊ တပ္ပါဒဂ္ဃတ္တိ ဝေဒိယံ။ ။
ဝီသသောဝဏ္ဏေ ဝီဟဂ္ဃံ၊ ထေနတ္တိ ဘိက္ခဝေါ တတော။
စဝတ္တိသာမည ရူဏာ၊ ဉတွာဟု ဝိနယညုနောတိ။ ။

ဝိနယ ဝိနိစ္ဆယဋီကာ။

ဧတ္ထစ ဌာမသ္မိံ ဝိနိစ္ဆယေ၊ ဤအဆုံးအဖြတ်၌လည်း။ ဟေမ ရဇတ တမ္ဗေဟိ။ပ။ ဉတွာဟု ဝိနယညုနောတိ ဌာမာပဒ္ဓဂါထာယော၊ ဟေမ ရဇတ တမ္ဗေဟိ။ပ။ ဉတွာဟု ဝိနယညုနော-ဟူသော ဤငါးဂါထာတို့သည်။ ဟောဏ္ဍိ၊ ဖြစ်ကုန်၏။

သဒ္ဒေသု၊ ရှေးကျမ်း၌၊ နိဒ္ဒိဋ္ဌလက္ခဏံ၊ ပြအပ်သော လက္ခဏာကို။ အပဟာယပေတွာ၊ မယုတ်စေမူ၍။ ဟေမ ရဇတ တမ္ဗေဟိ၊ ရွှေ၊ ငွေ၊ ကြေးနီတို့ဖြင့်။ ကတော၊ ပြုအပ်သော။ ဝီသမာသော၊ ပဲ၂၀-သည့်။ နီလကဟာပဏော၊ နီလကဟာပဏ ကျပ်လေးမည့်၏။ ။ဟေမ ပါဒံ၊ ရွှေတမတ်ကိုရင်း၊ သဇ္ဈုပါဒံ၊ ငွေတမတ်ကိုရင်း။ တမ္ဗပါဒဒွယံ၊ ကြေးနီ၂-မတ်ကိုရင်း။ မိသေတွာ၊ ရောစပ်၍။ ရူပံ၊ အရုပ်ကို။ အပ္ပေတွာ၊ ထင်စေ၍။ သော နီလကဟာပဏော၊ ထိုနီလကဟာပဏ ကျပ်လေးကို။ ကာတုံ၊ ပြုခြင်းငှာ။ သဒ္ဒေသု၊ ကျမ်းတို့၌။ ဒဿိတော၊ ပြအပ်၏။ ။ဒေါသော၊အပြစ်ကို။ ဇလောတိ၊ ဇလော-ဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ နိဒ္ဒေါသတ္တာ၊ အပြစ်မရှိသည့်၏အဖြစ်ကြောင့်။ တထာ၊ ထိုနီလကဟာပဏ ကျပ်လေးဟူ၍။ ဥာရိတော၊ ဆိုအပ်၏။ တဿ သုဝဏ္ဏဿ၊ ထိုနီလကဟာပဏကျပ်လေး၏။ ပါဒေါ၊ လေးဘို့တဘို့ဖြစ်သော တမတ်လေးကို။ ဝီသဝီဟဂ္ဂနော၊ ရွှေစပါးလုံး၂၀-ပမာဏအခဲရှိ၏ဟူ၍။ မတော၊ သိအပ်၏။ ။ယသ္မိံ ပန ပဒေသေ၊ အကြွင်အရပ်၌ကား။ သော ကဟာပဏော၊ ထိုနီလကဟာပဏ ကျပ်လေးသည်။ နဝတ္တတိ၊ မဖြစ်။ တတ္ထာပိ၊ ထိုအရပ်၌လည်း။ ဝီသ သောဝဏ္ဏဝီဟဂ္ဂံ၊ ရွှေစပါးလုံး၂၀-ပမာဏအခဲကို။ တပ္ပါဒဂ္ဂဟိတံ၊ ထိုနီလကဟာပဏကျပ်လေး၏ လေးဘို့တဘို့ဖြစ်သော၊ တမတ်လေးပမာဏအခဲဟူ၍။ ဝေဒိယံ၊ သိအပ်၏။ ။ဘိက္ခဝေါ၊ ရဟန်းတို့သည်။ ဝီသ သောဝဏ္ဏဝီဟဂ္ဂံ၊ ရွှေစပါးလုံး၂၀-ပမာဏ ငွေခဲကို။ ထေနတ္တံ၊ ခိုးကုန်၏။ တတော၊ ထို့ကြောင့်။ သာမညရတော၊ ရဟန်း၏အဖြစ်မှ၊ စဝန္တိ၊ ရွေ့လျောကုန်၏။ ဣတိ၊ ဤသို့။ ဝိနယညုနော၊ ဝိနည်းဓိုရ်တို့သည်။ အာဟု၊ ဆိုကုန်၏။ ။အနက်။ ။ဝိနိစ္ဆယဋီကာ စကားရပ်။

**တတ္ထ စ ပါဒေါ နာမ ကဟာပဏဿ စတုတ္ထော ဘာဂေါ၊ ကဟာပဏောပန ဒုဝိဓော ဟောတိ၊ သုဝဏ္ဏကဟာပဏော မိဿက ကဟာပဏောစာတိ။** ။ကင်္ခါယောဇနာ မဟာဋီကာ။

တတ္ထ စ ဝစနေ၊ ထိုစကား၌လည်း။ ပါဒေါနာမ၊ တမတ်လေး

မည်သည်ကား။ကဟာပဏဿ၊ကျပ်လေး၏။စတုတ္ထောဘာဂေါ၊လေးဘို့တဘို့တည်း။ ကဟာပဏောပန၊ ကျပ်လေးသည်ကား။ ဒုဝိဓော၊ ၂-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ သုဝဏ္ဏကဟာပဏောစ၊ ရွှေကျပ်လေးလည်း တပါး။မိဿက ကဟာပဏောစ၊ မိဿကကျပ်လေးလည်း တပါး။ ဣတိ၊ ဤသို့။နောက်ပြန်။

တေသုဟိ ကာဠကဝိရဟိတဿ နိဒ္ဓန္တဿ သုဝဏ္ဏဿ ဝိသတိ မာသာ သုဝဏ္ဏ ကဟာပဏောနာမ။ ။ဟိသဒ္ဒ၊ မှန်၏။ တေသု၊ထို၂-ပါးတို့တွင်။ ကာဠကဝိရဟိတဿ၊မည်းညစ်ခြင်းမှကင်းသော။ နိဒ္ဓန္တဿ သုဝဏ္ဏဿ၊ လှော်ပြီး ဦးပြီးသောရွှေ၏။ ဝိသတိမာသာ၊ ရွှေပဲလေး ၂၀-သည်။ သုဝဏ္ဏကဟာပဏောနာမ၊ ရွှေကျပ်လေးမည်၏။ ။ မိဿကကဟာပဏကား၊ ရွှေကျပ်လေးဟူလို။

> ပဉ္စမာသာ သုဝဏ္ဏဿ၊ တထာ ရဇတဿ၊ ဒသမာသာ တမ္ဗဿာတိ တေဝီသတိမာသေ မိဿေတွာ ဗန္ဓိတွာယ ဝီဟိမတ္တလောဟံ ပက္ခိပိတွာ အက္ခရာနိစ ဟတ္ထိပါဒါဒီနံ အညတရဉ္စ ရူပံ ဒဿေတွာ ကတော မိဿက ကဟာပဏောနာမ။ ။၎င်းဋီကာ။

ပဉ္စမာသာ သုဝဏ္ဏဿ၊ ရွှေ၅-ပဲ။ တထာ ရဇတဿ၊ ထို့အတူ ငွေ၅-ပဲ။ ဒသမာသာ တမ္ဗဿ၊ ကြေးနီ ၁၀-ပဲ။ ဣတိ၊ ဤသို့။ ဧတေ ဝီသတိ မာသေ၊ ဤပဲ ၂၀-တို့ကို။ မိဿေတွာ၊ ရောစပ်၍။ ဗန္ဓိတွာယ၊ ဖွဲ့ခြင်းငှာ၊ဝီဟိမတ္တလောဟံ ပက္ခိပိတွာ၊ စပါးတလုံးမျှခဲမထည့်၍။ အက္ခရာနိစ၊ အက္ခရာတို့ကို၎င်း။ ဟတ္ထိပါဒါဒီနံ၊ဆင်ခြေစသည်တို့၏။အညတရဉ္စ ရူပံ၊ တပါးပါးသော အရုပ်ကို၎င်း။ ဒဿေတွာ၊ ထင်စွာပြ၍။ ကတော၊ ပြုသော ကျပ်လေးသည်။ မိဿက ကဟာပဏောနာမ၊ မိဿက ကျပ်လေးမည်၏။

သောယေဝ နိဒ္ဒေါသတ္တာ နီလကဟာပဏောနာမ။ ။သောယေဝ ထိုမိဿက ကျပ်လေးသည်သာလျှင်။ နိဒ္ဒေါသတ္တာ၊ ယုတ်သောအဖြစ်၊ လွန်သောအဖြစ် မရှိခြင်းကြောင့်။ နီလကဟာပဏောနာမ၊ နီလကဟာပဏ ကျပ်လေးမည်၏။ ။အနက်။

> သုဝဏ္ဏ ကဟာပဏ ဝိနိစ္ဆယော ဝိမတိ ဝိနောဒနိဋီကာယံ ဝုတ္တော၊ မိဿက ကဟာပဏ ဝိနိစ္ဆယော၊ ဥတ္တရ ဝိနိစ္ဆယဋီကာယံ ဝုတ္တော။ ။ကင်္ခါယောဇနာမဟာဋီကာ။

သုဝဏ္ဏကဟာပဏဝိနိစ္ဆယော၊ ရွှေကျပ်လေး အဆုံးအဖြတ်ကို။ ဝိမတိ ဝိနောဒနိဋီကာယံ၊ ဝိမတိ ဝိနောဒနိဋီကာ၌။ ဝုတ္တော၊ ဆိုအပ်၏။ မိဿက ကဟာပဏ ဝိနိစ္ဆယော၊ မိဿကကျပ်လေး အဆုံးအဖြတ်ကို။ ဥတ္တရ ဝိနိစ္ဆယဋီကာယံ၊ ဝိနယ ဝိနိစ္ဆယဋီကာ၌။ ဝုတ္တော၊ ဆိုအပ်၏။

> သာမဏေရာနံ ဒသိကသုတ္တေနာပိ ပါရာဇိကော ဟောတိ၊ ဥပသမ္ပန္နာနံပန သုဝဏ္ဏဿ ဝီသတိ ဝီဟိမတ္တေန၊ ဧတ္တာပိ ဝီသတိ ဝီဟိမတ္တံနာမ သုဝဏ္ဏမာသကဝသေန အဍ္ဎတိယ မာသကံ ဟောတိ၊ အယံ သီဟဠာစရိယဝါဒေါ၊ တေန ဝုတ္တံ အဘိဓာနပ္ပဒီပိကာယံ၊ စတ္တာရော ဝီဟယော ဂုဉ္ဇာ၊ ဒွေဂုဉ္ဇာ မာသကော ဘဝေတိ အာစရိယာ။ ။ငင်းဋီကာ။

သာမဏေရာနံ၊ တို့အား။ ဒသိကသုတ္တေနာပိ၊ မိစ္ဆာချည်မြှင် တပင်ကြောင့်လည်း။ ပါရာဇိကော၊ ပါရာဇိက ကျသည်။ ဟောတိ၊ ဖြစ်၏။ ဥပသမ္ပန္နာနံပန၊ ပဉ္စင်းတို့အားကား။ သုဝဏ္ဏဿ၊ ရွှေကျပ်လေး၏။ ဝီသတိ ဝီဟိမတ္တေန၊ ရွှေစပါးလုံး ၂၀-မျှကြောင့်။ ပါရာဇိကော၊ ပါရာဇိကကျသည်။ ဟောတိ၊ ဖြစ်၏။ ။ဧတ္တာပိ ဝစနေ၊ ဤစကား၌လည်း။ ဝီသတိ ဝီဟိမတ္တံနာမ၊ ရွှေစပါးလုံး ၂၀-မျှသည်ကား။ သုဝဏ္ဏမာသကဝသေန၊ ကျပ်လေး၏ ပဲအလိုအားဖြင့်။ အဍ္ဎတိယမာသကံ၊ ရွှေ ၅-ရွေး, ငွေ ၅-ရွေးအလေးချိန် ၂-ပဲခွဲသည်။ ဟောတိ၊ ဖြစ်၏။ အယံဝါဒေါ၊ ဤဝါဒသည်ကား။ သီဟဠာစရိယဝါဒေါ၊ သီဟိုဠ်အဋ္ဌကထာဝါဒတည်း။

တေန၊ ထို့ကြောင့်။ အဘိဓာနပ္ပဒီပိကာယံ၊ အဘိဓာနပ္ပဒီပိကာကျမ်း၌။ စတ္တာရော ဝီဟယော ဂုဉ္ဇာ၊ ဒွေဂုဉ္ဇာ မာသကော ဘဝေ

တိ ဆုဒ်ဝစနံ။ ပ။ ဘဝေ-ဟူသော ဤစကားကို။ ရတ္တံ၊ ဆိုအပ်၏။ ဋီကာတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ။စတ္တာရော ဝီဟယော၊ ၄-စပါးတို့သည်။ ဂုဉ္ဇာ၊ တရွေးသည်။ ဘဝေ၊ ဖြစ်၏။ ဒွေဂုဉ္ဇာ၊ ၂-ရွေးတို့သည်။ မဲသကော၊ တပဲသည်။ ဘဝေ၊ ဖြစ်၏။ ။ အနက်။

ဘာကျပ်လေး၏ ၄-ဘို့တဘို့သည်ကား၊ တမတ်လေးမည်၏။ ကျပ်လေးသည်ကား၊ ရွှေကျပ်လေး တပါး၊ မိဿကကျပ်လေး တပါး။ ထို ၂-ပါးတို့တွင်၊ မည်းငြစ်ခြင်းမှကင်းသော ရှော်ပြီး ဦးပြီးသောရွှေခဲ၊ ပဲ ၂၀-ပမာဏသည်ကား၊ ရွှေကျပ်လေးမည်၏။

ရွှေ ၅-ပဲ, ငွေ ၅-ပဲ, ကြေးနီ ၁၀-ပဲ၊ ဤပဲ ၂၀-တို့ကိုရောစပ်၍ ဖွဲ့စေခြင်းငှာ၊ စပါးတလုံးမျှ ခဲမထည့်၍၊ အကွာရာကိုလည်းထင်စေ၍၊ ဆင်ခြေသဏ္ဍာန်အောက်ကခံ၍၊ တပါးပါးသောအရုပ်ကိုထင်စွာပြ၍ ပြုလုပ်သောကျပ်လေးသည်ကား၊ မိဿက ကျပ်လေးမည်၏။ ဤမိဿက ကျပ်လေးသည်ပင်၊ ယုတ်သောအပြစ်, လွန်သောအပြစ် မရှိခြင်းကြောင့်၊ နီလကဟာပဏ ကျပ်လေးမည်၏။

ရွှေကျပ်လေး အဆုံးအဖြတ်ကို၊ ဝိမတိဝိနောဒနီဋီကာ၌ဆို၏။ မိဿက ကျပ်လေးအဆုံးအဖြတ်ကို၊ ဝိနယ ဝိနိစ္ဆယဋီကာ၌ဆို၏။

မိဿက ကျပ်လေးကား၊ တကျပ် ၄-မတ်ကျ၊ တမတ် ၅-မှဲ့ကျ၊ တမူး ၂-ပဲကျ၊ တပဲ ၄-ရွေးကျ။ ရွေးကြီး ရွေးအားဖြင့်-၈၀။ ပဲအားဖြင့် ၂၀။ မူးအားဖြင့်-၁၀။ မတ်အားဖြင့် ၄-မတ်ရှိ၏။ ။တရွေးကစ၍ ကျပ်လေးနှင့်အမျှ၊ ရွေး-၈၀ ကျအောင်၊ ရွေးလေးပြုလိုပြန်သော်၊ ရွှေက ရွေး ၂၀၊ ငွေက ရွေး ၂၀၊ ကြေးနီက ရွေး ၄၀။ ဤရွေး ၈၀-တို့ကိုရောစပ်၍ ဖွဲ့စေခြင်းငှာ၊ စပါးတလုံးမျှ ခဲမထည့်၍၊ ချော်လည်အောင်အရည်ကျို၍၊ တရွေး,တရွေးနှင့် အလေးချိန်တူမျှသော၊ ရွှေစပါးလုံး တလုံးခန့်,တလုံးခန့် ပုံချ၍၊ ပုံ၌သွန်းလောင်း၍ပြုလုပ်သော ရွှေစပါးလုံး ၈၀-ကို ကျပ်လေးနှင့်အမျှ၊ ရွေးလေး ၈၀-ပြုကြရသည်

ဤသို့ပြုသော ရွေးလေး၊ ရွှေစပါးလုံး ၂၀-ကိုရည်၍၊ ရတနသုတ္တာဘိဓါနကသုတ်အမည်ရသော၊ ရွှေယက်ပြား၊ ငွေယက်ပြား ယက်သော၊ ယက်ကန်းသည်တို့၏ ရွှေချည်၊ ငွေချည်ကိုခိုးသော ရဟန်းသာမဏေတို့၏အဆုံးအဖြတ်၌၊ "သာမဏေရာနံ ဒသိကသုတ္တေနာပိ ပါရာဇိကော ဟောတိ၊ ဥပသမ္ပန္နာနံပန သုဝဏ္ဏသုတ္တ ဝီသတိ ဝီဟိမတ္တေန"-ဟု မိန့်ဆိုလေသည်။

ဤဝါကျစကားရပ်အဆုံးအဖြတ်၌၊ ဝီသတိ ဝီဟိမတ္တေန-ဟူသော ပုဒ်ကို၊ နည်းထုတ်၍ပြဆိုမှ သဘောကျမည်။ မပြဆိုက သဘောမကျနိုင်။ ။ဝီသတိ ဝီဟိမတ္တေန-ဟူသောနည်းသည်၊ ဝါစနာမဂ္ဂ၊ အာစရိယဝါဒအားဖြင့် ၂-ပါးအပြားရှိ၏။ အာဒ္ယမာသကနည်းလည်း တပါး၊ သုဝဏ္ဏမာသကနည်းလည်း တပါး။ ထို ၂-ပါးတို့တွင်၊ ချိန်ဝန်ကို ချိန်ခြင်းအကျိုးငှာ၊ ချိန်ဝန်နှင့် အညီအမျှ ချိန်လေးရှိသင်္ချာအရေအတွက်ကို၊ အကုန်ယူ၍ ပြဆိုသောနည်းသည်၊ အာဒ္ယမာသကနည်းမည်၏။ ပြယုဂ်ကား၊ စတ္တာရော ဝီဟယော ဂုဉ္ဇာ-အစရှိသည်တည်း။ ဤပြယုဂ်၌၊ စတ္တာရော ဝီဟယော ဂုဉ္ဇာ-ဟူသောနည်းသည်၊ တရွေးဟူသော ချိန်ဝန်ကို ချိန်ခြင်းအကျိုးငှာ၊ တရွေးဟူသော ချိန်ဝန်နှင့်အညီအမျှ၊ တရွေး၏အလေး ၄-စပါးဟု၊ ချိန်လေးရှိ သင်္ချာအရေအတွက်ကို၊ အကုန်ယူ၍ပြဆိုသောကြောင့်၊ အာဒ္ယမာသကနည်းမည်၏။

ရွှေငွေက အလေးထက်ဝက်၊ ကြေးနီက အလေးထက်ဝက်၊ ရောယှက်သော မိဿကလေးကို ရေတွက်ခြင်းအကျိုးငှာ၊ အလေးထက်ဝက်ရောယှက်သော ရွှေငွေဖြင့်သာ၊ ရေတွက်သောသင်္ချာကို၊ အလေးဟုရေတွက်၍ ပြဆိုသောနည်းသည်၊ သုဝဏ္ဏ မာသကနည်းမည်၏။ ပြယုဂ်ကား၊ ဒွေဂုဉ္ဇာ မာသကော ဘဝေ-အစရှိသည်တည်း။ ဤပြယုဂ်၌၊ ဒွေဂုဉ္ဇာ မာသကော ဘဝေ-ဟူသောနည်းသည်၊ ရွှေက တရွေး၊ ငွေက တရွေး ပဲလေး ထက်ဝက်၊ ကြေးနီက ၂-ရွေး၊ ပဲလေး ထက်ဝက်ရောယှက်သော၊ မိဿကပဲလေးကို ရေတွက်ခြင်းအကျိုးငှာ၊ ပဲလေးထက်ဝက် ရောယှက်သော၊ ရွှေတရွေး၊ ငွေတရွေးဖြင့်သာ၊

ရေတွက်သော ၂–ရွေးသည်ျာကို၊ ပဲလေးဟု ရေတွက်၍ပြဆိုသော ကြောင့်၊သုဝဏ္ဏမာသကနည်းမည်၏။ ။ရွှေချည်,ငွေချည်ကိုခိုးသော ရဟန်းသာမဏေတို့၏ ပါရာဇိက အဆုံးအဖြတ်ဥာနဟု၊ အသေအချာမှတ်။

ဥပသမ္ပန္နာနံ ပန သုဝဏ္ဏဿ ဝီသတိ ဝိဟိမတ္တေန။ –ဟူသောပါဠိ ဖြင့်၊ ခိုးသောဝတ္ထု၊ ရွှေချည်, ငွေချည်၏အတိုးဝန်ချိန် ငွေတမတ်ကို၊ ချိန်ခြင်းအကျိုးငှာ ဝန်ချိန်ငွေတမတ်နှင့်အညီအမျှ၊ ဝန်ချိန်ငွေတမတ် ၏အလေး၊ ရွှေစပါးလုံး ၂၀-ဟု အလေးရှိသည်ျာ အရေအတွက်ကို၊ အကုန်ယူ၍ပြလိုသောကြောင့်၊ ဝီသတိ ဝိဟိမတ္တေန–ဟူသောပုဒ်ကို၊ အာဒျမာသကနည်းယူ၍၊ ပါဒဿနကေန-ဟူသော ပါဠိသေသ ပုဒ်ကို ထည့်၍၊ ရှေးဝါကျမှ ဒသိက သုဝဏ္ဏေန ပါရာဇိကော ဟောတိ-ဟူ သောပုဒ်ကိုလိုက်၍၊ ဥပသမ္ပန္နာနံပန သုဝဏ္ဏဿ ဝီသတိ ဝိဟိမတ္တေ န ပါဒဿနကေန ဒသိကသုဝဏ္ဏေန ပါရာဇိကော ဟောတိ-ဟူသော ဝါကျပြီးသော်ကား၊ အာဒျမာသကနည်းကိုပြ၏။ ။ဝီသတိ ဝိဟိ မတ္တေန၊ ရွှေစပါးလုံး ၂၀–နှင့် အလေးချိန်တူမျှသော။ ပါဒဿနကေန၊ အလေးချိန်ငွေတမတ်အတိုးထိုက်သော။ ဒသိက သုဝဏ္ဏေန၊ မိစ္ဆာ ရွှေ ချည်,ငွေချည်ကြောင့်။ ။မထင်ရာနက်၊

ရွှေ ၅-ရွေး, ငွေ ၅-ရွေး၊ အလေးထက်ဝက်၊ကြေးနီ ၁၀-ရွေး အလေးထက်ဝက်၊ရောယှက်သော မိဿက မတ်လေး၊ရွှေစပါးလုံး ၂၀ ကို ရေတွက်ခြင်းအကျိုးငှါ၊မိဿက မတ်သေးထက်ဝက် ရောယှက် သော၊ ရွှေ ၅-ရွေး, ငွေ ၅-ရွေးဖြင့် ရေတွက်သော၊ အလေးချိန် ၂ပဲ ခွဲရှိ ၁၀-ရွေးကို၊မိဿကမတ်လေး ရွှေစပါးလုံး ၂၀ ဟု၊ ရေတွက်၍ ပြလိုသောကြောင့်၊ ဝီသတိ ဝိဟိမတ္တေန- ဟူသော ပုဒ်ကို၊ သုဝဏ္ဏ မာသကနည်း ယူ၍၊ ကြိယာ ကာရက ဝါကျပြီးရုံမျှ၊ ရှေ့ဝါကျမှ၊ ပါရာဇိကော ဟောတိ – ဟူ သော ပုဒ်ကို လိုက်၍၊ ဥပသမ္ပန္နာနံပန၊ သုဝဏ္ဏဿ ဝီသတိ ဝိဟိမတ္တေန ပါရာဇိကော ဟောတိ-ဟူသောဝါ ကျ ပြီးသော်ကား၊သုဝဏ္ဏမာသကနည်းကိုပြ၏။ ။ဝီသတိဝိဟိမတ္တေ န၊ရွှေစပါးလုံး ၂၀ မျှကြောင့်။ ပါရာဇိကော၊သည်။ ဟောတိ၊၏။ ။ မထင်ရာနက်။

အာဒျမာသကနည်းဖြင့် ပြသကဲ့သို့၊ မိသာကမတ်လေး၊ ရွှေစပါး လုံး ၂၀၊ အလေးချိန် ၅-ပဲပြည့်ရမည်ဖြစ်လျက်၊ ၅-ပဲမပြည့်။ သုဝဏ္ဏ မာသကနည်းဖြင့် ပြသောကြောင့်၊ အလေးချိန် ၂- ပဲခွဲသာရှိသည် မဟုတ်လောဟု ပြခြင်း၌၊ ဧတ္တာပိ ဝီသတိ ဝီဟိမတ္တံ နာမ သုဝဏ္ဏ မာသကဝသေန အနုတိယာ မာသကံ ဟောတိ- ဟုမိန့်ဆိုလေသည်။ ဤသို့မိန့်ဆိုအပ်သော၊ သုဝဏ္ဏမာသကနည်းသည်လည်း၊ ဝါစနာမဂ္ဂ အာစရိယ ဝါဒဝင်တည်းဟုပြခြင်း၌၊ အယံသီဟဠာ စရိယဝါဒေါ- ဟုမိန့်ဆိုလေသည်။

ဤသို့ဆိုအပ်ပြီးသော၊ အာဒျမာသကနည်းပြယုဂ်၊ သုဝဏ္ဏမာသ ကနည်းပြယုဂ်၊သချပ်နှင့်တကွ ထုတ်ဆောင်၍ သာဓကကိုပြခြင်း၌၊ တေနဝုတ္တံ အဘိဓါနပ္ပဒီပိကာယံ စတ္တာရော ဝီဟယော ဂုဉ္ဇာ၊ ဒွေ ဂုဉ္ဇာ မာသကော ဘဝေတိ အာစရိယာ-ဟုမိန့်ဆိုလေသည်။

အာဒျမာသကနည်းဖြင့် ယူလိုသော်ကား၊ မြန်မာလိုသက်သက် ဆိုသော်၊ ၄-စပါး တရွေး၊ ၄-ရွေးတပဲ၊ ၂-ပဲ တမူး။ ၅-ပဲတမတ်၊ ၄-မတ် တကျပ်၊ ကျပ် ၁၀၀ တပိဿာ၊ တပိဿာ တခွက်။ ။

ရှေးကျမ်းဟောင်းနှင့်အဘိဓါန်လို၊ တပေါင်းတည်းဆိုသော်။ ၂- စပါး တရွေး၊ ၈-ရွေး တပဲ၊(ရွေးငယ်)။ ၄-ဆန် တရွေး၊ ၆-ရွေး တပဲ၊ (ရွေးလတ်)။ ၄-စပါးတရွေး၊ ၄ ရွေးတပဲ၊(ရွေးကြီး)။ ၄-ရွေးတပဲဝက်၊ ၃-ရွေး တပဲဝက်၊ ၂-ရွေး တပဲဝက်၊ ၂-ပဲဝက် တပဲ၊ ၅-ပဲ တမတ်၊ ၄-မတ် တကျပ်။

ပဲဝက် ၈-ခု, ၂-မူး တမတ်။ ၅- မတ် တကျပ်၊ ၅-ကျပ် တနိက္ခ။ ဆယ်မတ် ၂-ကျပ်၊ ၂-ကျပ် တပိုလ်။ ထမ်းပိုးတတ်၍ မာဂဓသို့။ ၄-ကျပ် တပိုလ်၊ ၃၂-တပိုလ် တင်လဲခဲပမာဏ သိမ်နိမိတ်လောက် သောကျောက်။

၅-ပဲတမတ်ကိုဆိုသော်၊ဆယ်မတ် ၂-ကျပ်ခွဲ၊ ၂-ကျပ်ခွဲ တပိုလ်၊ ပိုလ် ၁၀၀ တချိန်၊တချိန် ၂-ပိဿာငါးဆယ်၊ ၅-ချိန် ၁၂-ပိဿာခွဲ,

တခွဲဝက်၊ ၁၀-ချိန် ၂၅-ပိဿာ၊ ၂၅-ပိဿာ ခွတ်အစိတ်၊ ခွက်အစိတ် တခွဲ၊ ချိန် ၂၀ တဝန်၊ တဝန် ခွက် ၅၀၊ ထမ်းပိုးအခွန်း ၂-ဖက်၊ တဖက်,တဖက် ခွက်အစိတ်,ခွက်အစိတ်ထမ်းသော၊ မဇ္ဈိမပုရိသ တဝန်။

ဆယ်မတ် ၂-ကျပ်ခွဲ။ ၂-ကျပ်ခွဲ တပိုလ်၊ ပိုလ် ၁၀၀-တချိန်၊ ၅-ချိန် ပိုလ် ၅၀၀၊ ဆယ်ချိန် ပိုလ် ၁၀၀၀၊ ချိန် ၂၀ ပိုလ် ၂၀၀၀။ ထေး ကိုင်းအခွန်း ၂-ဖက်၊ တဖက်,တဖက်၌၊ ပိုလ် ၁၀၀၀, ပိုလ် ၁၀၀၀-တင်ပေး၊ မညွတ်မကွေး ထမ်းတင်သောလေးကို၊ ပိုလ် ၁၀၀၀ တင်သောလေးဆိုသည်၊ မညွတ်မကွေး ပိုလ် ၁၀၀၀ နိုင်သော လေး။ ။
ကင်္ခါယောဇနာမဟာဋီကာစကားရပ်၊

သထုံ-မင်း၊ ကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ရေးသား
ပြုပြင် စီရင် ဆုံးဖြတ်အပ်သော ပါဠ,ပါဠိရဟာ
ဝိနိစ္ဆယျသည်၊ သက္ကရာဇ် ၁၂၉၉-ခု၊
တန်ဆောင်မုန်းလဆုတ် ၁၃-ရက်
ညနေ ၃-နာရီအချိန်တွင်
ပြီးသည်။